
www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
နတ်ရှာမိုး
တူဝရီးသားအဖ/နတ်ရှာမိုး။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၅။
၁၆၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။

ထုတ်ဝေသူ ဦးအောင်မြင့်၊
အောင်မြင်ပုံနှိပ်တိုက်၊
ဖြန့်ချိရေး အောင်မြင်စာပေ၊ ပထမအကြိမ်၊
၂၀၁၅ ခုနှစ်၊ (ဇူလိုင်လ)၊ အုပ်ရေ(၅၀၀)။



www.burmeseclassic.com

www.burmeseclassic.com

## တူဝရီး သားအဖ

လောကမှာ အဆင့်အတန်းသတ်မှတ်ချက်မရှိဘဲ
တန်းတူရည်တူ ခံစားခွင့်ရှိတာဟာ 'အချစ်ပဲဗျ'
လိင်တူလိင်ခွဲ၊ လူယောကျာ်း၊ လူမိန်းမ၊
တိရိစ္ဆာန်၊ အထီး၊ အမ အားလုံး.. 'အချစ်' ကို
စံပြုလိုက်ရင် အဆင်ပြေသွားပြီ။

အချစ်ဆိုတာ ဒီမိုကရေစီရဲ့အနှစ်သာရနဲ့
ပြည့်စုံနေတာဗျ။
အဲ့ဒါ.. ကိုယ့်လူတို့ သတိထားမိလား။



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

အမှတ်တမဲ့ကြည့်ရင်..“သန်မာ”နေသလိုနဲ့

သေချာကြည့်တော့လည်း..“သာမန်”ပါပဲ....၊

အဲ့ဒါလူ့ဘဝလို့ခေါ်တယ်...။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (တစ်)

BURMESE CLASSIC

ဟိုးတုန်းကတော့ ကျွန်တော့်စိတ်ကူးထဲမှာ ခိုင်ခိုင်မြဲမြဲ တမ်းမက်မိတဲ့ ဆန္ဒတစ်ခု ရှိခဲ့တယ်။ မျက်စိတစ်ဆုံး ကျယ်ပြန့်တဲ့ မြေကြီးကို ပိုင်ဆိုင်လိုက်ချင်တယ်. . . ။

အဲ့ဒီမြေပေါ်မှာ အုံ့မခန်းပြည့်စုံတဲ့ ဥယျာဉ်တစ်ခုကို ဖြစ်ထွန်းစေမယ်၊ ဥယျာဉ်မြေအနှံ့ လှည့်ပတ်သွားလာလို့ရတဲ့ လင့်ဒ်ရိုဘာလို အကြမ်းခံကားလေးတစ်စီးရှိမယ်၊ အဲ့ဒီမြေပေါ်မှာ နှစ်ပေါင်းရာနဲ့



www.burmeseclassic.com

www.burmeseclassic.com


ခဲ့ပြီး သဘာဝအတိုင်းပေါက်ရောက်နေတဲ့ သစ်ပင်ကြီးတွေ. . တော စိမ်းစိမ်းတွေ. . တောင်တန်းညိုညိုကြီးတွေ ရှိနေမယ်၊ တောင်ကျ ချောင်းနဲ့ ရေတံခွန်တွေမှာ သားငှက်တိရိစ္ဆာန်တွေ ဘာသာဘာဝ အတိုင်း ပျော်ရွှင်ခွင့်ပေးထားမယ်၊ "သစ်မခုတ်ရ". . "တောမပစ်ရ" ဆိုင်းဘုတ်ပြားလေးတွေလည်း တောတောင်ထဲ နေရာအနှံ့မှာ ကပ် လို့ချိတ်လို့ပေါ့. . ။

အဲ့ဒီဥယျာဉ်ကြီးထဲ ရောက်လာတဲ့သူတွေအားလုံး စိတ်နှလုံး ကြည်လင်သွားဖို့ လတ်ဆတ်ချိုမြိန်တဲ့ သစ်သီးဝလံတွေ ဆွတ်ယူစား သောက်နိုင်အောင်လည်း စိုက်ပျိုးထားပေးမယ်၊ နားခိုစရာ ဘန်ဂလို လေးတွေ လျှိုထိပ်မှာ. . တောင်စောင်းမှာ. . တောနက်ထဲမှာ. . မြက်ခင်းကုန်းလေးဘေးမှာ. . ဆောက်လုပ်ပေးထားမယ်။

ငယ်သူငယ်ချင်းတွေက အကြံဉာဏ်ပေးကြတယ်၊ အရက် ဘားတွေ. . ဘီယာစတေရှင်တွေတော့ ရှိသင့်တယ်တဲ့၊ ကျွန်တော် မငြင်းပါဘူး. . ကြိုက်တတ်တဲ့သူတွေအတွက် ဆန္ဒရှိသလို အသုံးပြု ခွင့်ပေးမယ်ဆိုရင် ကျွန်တော်လည်း လက်ဘက်ရည်ဆိုင်နဲ့ ကော်ဖီ ဘားပါ ထပ်ဖြည့်လိုက်ချင်တယ်။

အင်တာနက်ကဖေးရှိမယ်၊ ကျွန်တော်ပိုင်ဆိုင်တဲ့ မြေကြီး ပေါ်မှာ ဝိုင်ဖိုင်လွှင့်ပြီး အခမဲ့အကြိုက်သုံးနိုင်အောင် ချိပ်ဆက်ထား မယ်၊ ဥယျာဉ်ကြီးရဲ့ အဝင်ဝမုဒ်ဦးမှာ "ဝင်ကြေးမရှိ၊ ဒဏ်ကြေးမရှိ၊ သင့်မှာစည်းကမ်းရှိလျှင်. . မည်သူမဆို ဝင်ရောက်လည်ပတ်နိုင်ပါ သည်" ဆိုတဲ့ ဆိုင်းဘုတ်အကြီးကြီး ချိပ်ဆွဲပြီး ထားမယ်ဆိုရင်. . ကျွန်တော်စိတ်ကူးယဉ်ထားသမျှ အားလုံးပြည့်စုံပြီလို့ ပြောနိုင်ပါ တယ်။


www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပဲဗျာ. . . ကျွန်တော့်မှာချစ်သူမရှိတော့ ကျွန်တော့်ဦးယျာဉ်ကြီးမှာ ကျွန်တော်ကိုယ်တိုင် ပျင်းစရာကောင်းနေမလားလို့ပါ။

ဌ. ဌ. ဌ. ဌ.



www.burmeseclassic.com

www.burmeseclassic.com



"ခိုင်မြ"

"ဗျာ!. ."

"ဗျာမနေနဲ့ နင်မထသေးဘူးလား ဘယ်အချိန်ရှိနေပြီလဲ

ကျွန်တော်မျက်လုံးဖွင့်ကြည့်လိုက်တော့ ထရံပေါက်

ကြားက တိုးဝင်နေတဲ့အလင်းရောင်က. . ကျွန်တော့်ခြင်ထောင်

ဆလိုက်မီးကွက်ပေါင်းများစွာ ဖွင့်ထိုးထားသလို လင်းဖြာလို့

တယ်။ အဲ့ဒီအချိန်မှာပဲ. . သွေးဝနေတဲ့ ခြင်အမည်းကြီးနှစ်ကော

တအိတွဲတွဲပျံဝဲနေလို့ ဒီကောင်တွေကို ဖိခနဲ့နေအောင် ရိုက်မသတ်

ခင် ခြင်ထောင်ထဲကနေ ထွက်လာခဲ့ရတယ်။

"အိပ်လိုက်ရင် အသေကောင်လိုပဲ. . မနှိုးရင် ဘယ်တော့

မထဘူး၊ အလုပ်လည်း လက်ကြောတင်းအောင်မလုပ်ဘူး၊ နင့်အ

မို့လို့ ဒီအရွယ်အထိ မွေးထားခဲ့တာ၊ ငါသာဆို ငယ်ငယ်ကတည်း



www.burmeseclassic.com

www.burmeseclassic.com



ဒိကုတ်ပြီး သတ်ပစ်တယ်၊ အိပ်ယာ တစ်ခါတည်းသိမ်းခဲ့၊ လင်းခိုင် လာခေါ်တယ်. . အလုပ်ရှိတယ်တဲ့. . လုပ်မယ်ဆို လမ်းထဲက လက်ဘက်ရည်ဆိုင်ကို လိုက်ခဲ့တဲ့"

အပျိုကြီးပီပီသသ ပါးစပ်ကိုမော်တာတပ်ပြီး ပြောတတ်တဲ့ ကျွန်တော့်အဒေါ် လေး၊ အမေ့ညီမ အရင်းခေါက်ခေါက်ကြီးပေါ့၊ အခုပဲ ကိုယ့်လူတို့ကြားတော်မူတဲ့အတိုင်း ဖြည်းဖြည်းပြောလည်း ကိုးပါပဲ လျော့တာက လျော့ရမှာပဲ အဲ့ဒါကိုဗျာ. .။

"ငါ ထမင်းချိုင့်ပို့ရမှာလား"

ကျွန်တော်လက်ခါပြပြီး ခြံထဲကထွက်လာခဲ့တယ်၊ ဒါပေမယ့် လမ်းပေါ် မရောက်ပါဘူး ဘေးခြံက ဦးအောင်ဘော်လှမ်းခေါ်တယ်။

"ခိုင်မြဲရေ"

"ဗျာ. . အန်ကယ်"

ကျွန်တော်သူတို့ဘက်ခြံစည်းရိုးနား ကပ်သွားတော့. . ဦးအောင်ဘော်က ကျွန်တော်တို့ဘက်ကို ဟိုဟိုဒီဒီလက်ညှိုးထိုးပြီး. .

"အဲ့ဒီမှာ သစ်ရွက်ခြောက်တွေ. . အမှိုက်တွေကွာ၊ မင်းတို့မှီလို့ နေတတ်တယ်. . အဲ့ဒါတွေလှဲကျင်း တစ်နေရာမှာ စုပုံပြီး မီးရှို့လိုက်လေကွာ. . ငါ့နှယ်"

"ဟုတ်ကဲ့ပါ ကျွန်တော်လုပ်ပါ့မယ်"

"မင်းနှယ် ပြောမှသိရမလားကွ၊ ဒီခြံကို ခဏခဏလာငှားနေကြတာနော်"

"ငါ မင်းတို့တူဝရီးကို ငဲ့ပြီးထားထားတာ၊ ငါက ဘယ်လိုပုံမျိုးမှ ကြိုက်တယ်ဆိုတာလဲ မင်းသိဦးမှပေါ့"

"ဟုတ်ကဲ့ အန်ကယ်ကြိုက်နေတာ ကျွန်တော်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com


"ဘာကွ!. ."

"ဟို. . အန်ကယ်က သန့်သန့်ရှင်းရှင်းနဲ့နေတာကို ကြိုက်တယ်လို့ပြောတာပါ"

"အဲ့ဒါ မင်းသိရက်သားနဲ့ကွာ၊ ဒါနဲ့ မင်းအဒေါ်ရော အပြင်ထွက်တာမတွေ့ပါလား"

"ရှိတယ် ခေါ်တောမျက်လုံးတွေကြောက်လို့ ပုန်းနေတာ"

"ဘာရယ်. ."

"မျက်လုံးနာနေလို့ နေရောင်ဒဏ်မခံနိုင်လို့ အိမ်ထဲမှာလို့ ပြောတာလေ"

ဦးအောင်ဘော် နည်းနည်းသဘောပေါက်သလိုရှိသွားပြီး ကျွန်တော့်ကို မှုန်သုန်သုန်ကြည့်ရင်း. .။

"အေး. . အေး. . ခြံသန့်ရှင်းရေးလုပ်ကွာ၊ အဲ့ဒါပဲ. ."

"ဟုတ်ကဲ့ပါ"

ဦးအောင်ဘော် လှည့်ထွက်သွားမှ ကျွန်တော်လည်း ပုခုံးတွန့်ပြပြီး ထွက်လာခဲ့တယ်။ အဲ့ဒါကို ဦးအောင်ဘော်ရဲ့ တစ်ဦးတည်းသောသမီး ရှင်းသန့်ဇော် လှမ်းမြင်သွားပုံရပါတယ်. .။ ကျွန်တော့်နောက်ကို ချက်ချင်းဆိုင်ကယ်နဲ့လိုက်လာပြီး. .။

"နင်ဘာလုပ်သွားတာလဲ"

ကြည့်. . ကြည့်. . ပိုက်ဆံရှိသားသမီးတွေ ရဲရင့်ပုံများ. . သူ့ဆင်းရဲမသားရဲ့လမ်းကို ပိတ်ရပ်ပြီး ကောနေတာ။

"ဘာကိုလဲ. ."

"နင် ငါ့အဖေကို လုပ်ပြသွားတာလေ"

"ဟေ နင်ဘာတွေများ ထူးထူးဆန်းဆန်းမြင်လို့ရလို့လဲ"


www.burmeseclassic.com

www.burmeseclassic.com


"ဘာ. . နင်ပုခုံးတွန့်ပြီး မဲ့ရွဲ့ပြသွားတာ ငါမမြင်ဘူးများ အောက်မေ့နေလား"

"ဩော်. . အေး. . နင်မြင်လိုက်တာကိုး"

"နင် ပေါတောတောလာလုပ်နဲ့၊ အဲ့ဒါ နင်တို့ကျေးဇူးရှင်လေ၊ ဒီလိုအမူအရာနဲ့ စော်ကားဖို့မပြောနဲ့ စိတ်နဲ့တောင် ပြစ်မှားလို့မရဘူး တဲ့. . အကုသိုလ်ကောင်ရဲ့"

"ဟား. . လွန်တယ်ကွာ၊ ကျန်တာမပြောနဲ့ ငါ့ကိုကိုက်တဲ့ ခွေးကိုတောင် အကုသိုလ်ဖြစ်မှာစိုးလို့ မရိုက်ရပါဘူးကွာ. . ငါ့နှယ်"

"အပိုတွေပြောမနေနဲ့၊ လာ. . နင်အခုလိုက်ပြီးတောင်းပန်"

"ဘယ်သူ့ကိုလဲ. ."

"ငါ့အဖေကိုလေ. ."

"ဘာအတွက်တုန်း"

"တောက်!. . နင် ကျေးဇူးရှင်ကို စော်ကားမိတဲ့ကိစ္စဟဲ့. . ရှင်းလား"

"ရှင်းတယ်. . ဒါပေမယ့် သူကကျေးဇူးရှင်မဟုတ်ဘူးဟ. . ကျေးဘူးရှင်. ."

"ဘာ!. ."

"နောက်တော့နင်သိလာမှာပါဟာ၊ လောလောဆယ် နင့်ဒေါသတွေက အသုံးမတည့်ပါဘူး၊ ကဲ. . ငါလည်းအလုပ်နောက်ကျနေပြီ"

"ဟဲ့!. ."

". . . . . . . . . ."

"ဟဲ့!. . ခိုင်မြ"


www.burmeseclassic.com

www.burmeseclassic.com



". . . . . . . . . . ."

"တောက်!. . နင်တွေ့မယ်. . ဟင်း"

ကျွန်တော်လှည့်မကြည့်တော့ဘဲ ဖွတ်ပေလျှောက်လာခဲ့တော့တယ်၊ လူတွေများ တစ်ကယ်ပါဗျာ. . ပြောရင်လည်း ခိုင်မြဲလွန်ရာကျဦးမယ်၊ အမြတ်ကလည်းတင်ထားတယ်. . အလေးကလည်းခိုးသေးတယ် ပြီးရင် ဒီမှာနော်ဆိုပြီး အတိုအစနှစ်ဖတ်လောက်ကောက်ထည့်ပြီး ပိုပိုသာသာပေးထားတာ လုပ်ချင်သေးတယ်. . . အံ့ရောဗျာ. . . ။

သာမန်ကြည့်ရင်တော့ နေစရာအိမ်ပိုင်လေးတောင်မရှိတဲ့ ခိုင်မြဲတို့တူဝရီးကို သဘောထားပြည့်တဲ့ သူဌေးကြီးဦးအောင်ဘော်က နေရာပေးပြီးကြည့်ရှုစောင့်ရှောက်ထားတယ်ပေါ့၊ ခြံကွက်ကကျယ်ပေမယ့် ဆောက်ထားတဲ့ သွပ်မိုးထရံကာ အိမ်သေးသေးလေးက ကိုယ့်လူလည်းမြင်နေတာပဲ ခေါင်းရင်းထရံဆိုတာ ဆွေးပြီးပြတ်ကျနေလို့ တွေ့ရာအတိုအစနဲ့ ဖိထားရိုက်ထားရတာ၊ လစာတော့မပေးရပါဘူး. . အလကားနေဆိုပြီး ဦးအောင်ဘော် တအားတွေ့သဘောကောင်းနေတာ ကျွန်တော့်အဒေါ်ကြောင့်ဆို ယုံမလား. . မယုံလည်းနေဗျာ. . . လက်ရှိအခြေအနေကတော့ အဲ့ဒီအတိုင်းပဲ

အရင်တုန်းက အဒေါ်က သူတို့ဆေးလိပ်ခုံမှာ အလုပ်လုပ်တယ် သတင်းစာစက္ကူနဲ့လိပ်တဲ့ အောင်ဘော်ဆေးလိပ်က အတော်နာမည်ကြီးတာ၊ မြစ်ဝကျွန်းပေါ်တစ်ပိုင်လုံး အမာခံဈေးကွက် ရထားတော့ကာ ရုံကြီးရုံငယ်တွေဆောက်ပြီးတော့ကို လုပ်တာပေါ့၊ အဲ့ဒီဦးအောင်ဘော်ရယ် အဒေါ့်ကိုတွေ့ပြီး တန်းတန်းစွဲဖြစ်ခဲ့တော့တာလေ. . ။



www.burmeseclassic.com

www.burmeseclassic.com



အားမနာစတမ်းပြောရရင် ဦးအောင်ဘော်ရဲ့အမျိုးသမီး နှလုံးရောဂါသည်ကြီးလည်း ဦးအောင်ဘော်ရဲ့အဲ့ဒီ မတည်ငြိမ်တဲ့ စိတ်ကြောင့် လုံးပါးပါးပြီး ဆုံးရတဲ့ဘဝကို ရောက်ရောပဲ။ အဒေါ်က သည်း မော်လမြိုင်သူပီပီသသ လုံးကြီးပေါက်လှ၊ မျက်နှာကျလေးက သည်း ချစ်စရာ၊ အသားလေးကလည်းဝင်းလို့. .။

အဒေါ်က ဆေးလိပ်ဆေးစပ်ကတော့ တစ်ကယ့်စကျွမ်းကြီး ဘူ ဆယ်နှစ်သမီးလောက်ကတည်းက မော်လမြိုင်ရွှေဟင်္သာဆေး ပေါ့လိပ်ရုံမှာ အလုပ်လုပ်လာတာ၊ ကိုယ့်လူသိမှာပါ ကွမ်းသီးဖက်နဲ့ လိပ်တဲ့ ဆေးပေါ့လိပ်လေ၊ မီးညှိပြီး ဖွာလိုက်ရင် ချိုပြီးမွှေးနေတာပဲ၊ အဒေါ်က အဲ့ဒီမှာ ဆယ့်ငါးနှစ်လောက် လုပ်လာတော့. . ဆေးလိပ် ဆေးစပ်က ကျွမ်းနေပြီ. .။

ဖြစ်ချင်တော့. . အဖေဆုံးပြီး အမေက ကျန်းမာရေးကမ ကောင်း၊ ကျွန်တော်လည်း ကျောင်းကမပြီးသေး၊ အဒေါ်လည်း ဟို အနားနေရတဲ့အချိန်၊ အဲ့သလိုတိုက်ဆိုင်ပြီး အမေက အဒေါ့်ကိုလှမ်း ခေါ်လိုက်တယ်၊ အဒေါ်ရောက်လာတော့ ဦးအောင်ဘော်ရဲ့ ဆေး လိပ်ခုံမှာ အလုပ်စပ်ပေးလိုက်တယ်၊ ရုပ်ကလေးလည်းလှ လုပ်ငန်း ကလည်းကျွမ်းကျင်ဆိုတော့ကာ ဦးအောင်ဘော် ဘဝင်ကျပြီး ဘာမှ ဦးစားမနေဘဲ အလုပ်ပေးလိုက်တယ် ဆိုပါတော့။

လောလောဆယ် ကျွန်တော့်ကျောင်းစရိတ်၊ အမေ့ဆေးဖိုး အပြင်. . စားစရိတ်ပါ အဒေါ့်လုပ်အားခနဲ့ပဲ ဖြတ်သန်းခဲ့ရတဲ့ကာလ ဟာ သုံးနှစ်ထက်တော့မနည်းဘူးဗျ. .၊ ဒီကြားထဲ အိမ်ငှားစရိတ်က လည်း သမန်းကျားတံတောင်လား အောက်မေ့ရတယ်. . အဒေါ်ကို ဆောင်းတာ၊ အဲ့ဒီနောက် အမေဆုံးတယ်. . အမေဆုံးပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com


တစ်နှစ်မှာ ကျွန်တော်ကျောင်းပြီးတယ်၊ ဘွဲ့ကတော့ ရိုးရိုးဘွဲ့လေးပါ စိတ်ပညာ အထူးပြုတဲ့ ဝိဇ္ဇာဘွဲ့လေးဆိုတော့ ရိက္ခာမပျောက်အောင် အတော်တော့ရုန်းကန်ရတာပေါ့။

အဲ့ဒီအချိန်မှာပဲ ဦးအောင်ဘော်က သူကုန်ကြမ်းလှောင်တဲ့ အိမ်လေးကို ရှင်းလင်းပေးပြီး . . အဒေါ်ကို အဲ့ဒီမှာနေ အိမ်လခ မပေးနဲ့၊ နင်တို့တူဝရီး စိတ်ကြိုက်ပျော်အောင်နေကြဆိုတော့ကာ အဒေါ်မငြင်းတော့ဘဲ လက်ခံလိုက်တယ်။

ဘယ်သူ့အတွက်မှ မဟုတ်ရင်တောင် ကျွန်တော့်အတွက် ဆိုတဲ့စိတ်နဲ့ အဒေါ်လက်ခံလိုက်တယ်ဆိုတာ အဒေါ်မပြောလည်း ကျွန်တော်သိနေတာပဲဟာ။ ဒါပေမယ့် တစ်နှစ်ပါပဲ. . ဒီမုဆိုးဖိုကြီး ဒီယုန်မြင်လို့ ဒီချုံထွင်တာမှန်း အဒေါ်သိလိုက်တော့ ဆေးလိပ်ခုံ ကနေ အလုပ်နားလိုက်တယ်။

အဲ့ဒီမှာ စတွေ့တာပဲ ထွေးမရအန်မရတွေဖြစ်နေတဲ့ ဦး အောင်ဘော်ရဲ့ ကယ်တင်ရှင်မျက်နှာကြီးကို သေသေချာချာ ရှေ ဆေးပြီး ထုတ်ထုတ်ပြလိုက်. . အဒေါ်ဈေးသွားချိန်. . အပြင်ထွက် တဲ့အချိန်လေး ပတ်ချောင်းလိုက်နဲ့၊ အလုပ်ကနားသွားတဲ့ အဒေါ် ကို သူ့အိမ်ကလေးကပါ ထွက်သွားမှာစိုးတဲ့အတွက်. . အပြောင်းအ ရွှေ့မလုပ်ပါနဲ့ အများအမြင်မကောင်းပါဘူးလို့ ပြောလာပါတယ်. .

ဒါကြီးသိနေတဲ့ကျွန်တော်က ဘယ်လို ကျေးဇူးရှင်အမျိုး အစားထဲ သွပ်သွင်းပြီး တော်စပ်ရမလဲဆိုတာ အကြံဉာဏ်ပေးကြ ပါဦး ကိုယ့်လူတို့ရယ်. . .။

"ဟော့ကောင်. ."

ကျွန်တော်သတိဝင်ပြီးလှည့်ကြည့်တော့ ဇက်ဘက်ရည်


www.burmeseclassic.com

www.burmeseclassic.com


ဆိုင်ကိုတောင် လွန်လာလို့ ဦးလင်းခိုင် လှမ်းအော်တာနေမှာ. . ။

ကျွန်တော်ပြန်လှည့်လာပြီး ဝင်ထိုင်တော့ ဦးနိုင်ကြီးက. . .

"ဘယ်လိုဖြစ်တာလဲဟ မင်းနှယ် မသာကြီးလမ်းထလျှောက်နေတာကျနေတာပဲ"

"အာ. . ဦးနိုင်ကြီးရာ စောစောစီးစီးဗျာ"

"ဟုတ်တယ်လေကွာ မင်းနှယ်၊ ဘာလဲ. . မင်းအဒေါ် စောစောစီးစီး မန်းမှုတ်လွှတ်လိုက်လို့လား"

"ကျဆိမ့်တစ်ခွက်"

ကျွန်တော်ဘာမှမပြောဘဲ လက်ဘက်ရည်တစ်ခွက်လှမ်းမှာလိုက်တယ်။ အဲ့ဒီနောက် ဦးလင်းခိုင်က. . .

"မင်းလိုက်မှာလား"

"လိုက်မယ်လေ ဘယ်မှာဆင်းရမှာလဲ"

"ဦးဇင်းဝကြီးကျောင်းမှာ မုဒ်ဦးဆေးသုတ်မှာ၊ ဒီနေ့တော့ ငြမ်းဆင်တာနဲ့တစ်နေကုန်မှာပဲ"

"ငြမ်းဆင်တာဘယ်လိုလုပ်ပြီး တစ်နေကုန်မှာလဲ"

"ကုန်တာပေါ့ကွ ငြမ်းဆင်ဖို့ဝါးက ခုမှသွားခုတ်ရမှာ"

"ဟမ်. ."

"ဟမ်မနေနဲ့ မြန်မြန်သောက်၊ မင်းကိုထိုင်စောင့်ရတာကိုပဲ အတော်ကြာနေပြီ"

"ကြာဆို. . ဘေးက ကျေးဘူးရှင်ကြီး လှမ်းခေါ်ပြီး ဩဝါဒပေးနေလို့လေ၊ အရေးထဲ. . သူ့သမီးက တစ်မျှော်ငှ"

ထိုအခါ ဦးလင်းခိုင်က. . .

"အာ. . အေး သူ့သမီးဆိုလို့ မနေ့က ငါ (၄)ရပ်ကွက်ထဲက


www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို ဆေးဝင်ဖို့သွားကြည့်ပြီး ပြန်တော့. . မိုးသောက်ပန်းထိပ်က ဆိုင်မှာ အဲ့ဒီကောင်မလေးနဲ့ ချာတိတ်တစ်ကောင် တွေ့ခဲ့တယ်ကွ၊ ငါထိုင်တဲ့ဝိုင်းနဲ့ ဘေးချင်းကပ်ဆိုတော့ သူတို့ပြောတာ ငါအကုန်ကြား ခဲ့ရတယ်၊ နေပါဦး. . မင်းနဲ့အဲ့ဒီကောင်မလေးနဲ့ ဘယ်လို ပတ်သက် လဲ. . ."

"ဟာ. . ဘာမှလဲ မပတ်သက်ရပါလားဗျာ"

"အဲ့ဒါတော့ ငါမသိဘူး၊ ချာတိတ်ကပြောနေတာ. . အဲ့ဒီ ကောင်နာမည်က ခိုင်မြကွာ. . ငါအကုန်စုံစမ်းပြီးပြီ. . ဘယ့်နှယ့်က ဘာညာနဲ့ ကောင်မလေးကို လွှတ်ကောနေတော့. . အင်း. . မင်း လည်း မရိုးပါလားလို့ တွက်နေတာကွ"

"ဟာဗျာ. . ရှင်းသန့်ဇော်နဲ့ကျွန်တော်က ခမ္မာသောကဗျ ဘယ်ထောင့်မှာမှမတည့်တာ သူလည်းကျွန်တော့်ကို ဝါးစားလို့မရလို့ လွှတ်ထားတာ. . ကျွန်တော်ကလည်း ကင်ပစ်လိုက်ချင်တာ၊ အခု လည်း ဆိုင်ကယ်နဲ့လိုက်ထွက်လာပြီး လမ်းမှာ လိုက်ကောနေလို့"

ကိုနိုင်ကြီး နားထောင်ရင်း လက်ဖျစ်တီးပြီး ဝင်ပြောတယ်။

"အေး. . ငါသဘောပေါက်ပြီ၊ ပြီးခဲ့တဲ့ သုံးလေးရက်က ဈေး ကဆိုင်ကယ်အပ်တဲ့နေရာမှာ မင်းတို့နှစ်ယောက် မျက်နှာချင်းဆိုင် နေကြတာလေ. . မှတ်မိလား၊ ဟိုကွာ မင်းတို့နှစ်ယောက်ရဲ့ မျက်နှာ ချင်းက. . ကွာရင် တစ်ထွာလောက်ပဲရှိမယ်"

ဆိုတော့ကာ ဦးလင်းခိုင် လန့်သွားပြီး. . .

"ဟော့. . ဈေးရှေ့လူမြင်ကွင်းကြီးထဲမှာတောင်လား"

ကျွန်တော် ခေါင်းတွေကုတ်ပြီး ရှုံ့မဲ့နေမိတယ်၊ အမှန်ပြော ရရင် ဒီလူကြီးနှစ်ယောက်ကလည်း သိပ်ကောင်းတဲ့သူတွေမဟုတ်



www.burmeseclassic.com

www.burmeseclassic.com


ဘူး၊ ရုပ်တည်ကြီးတွေနဲ့နောက်တတ်လွန်းလို့ ရုပ်ကွက်ထဲ သမီးရည်းစားတွေ. . လင်မယားတွေ. . ခိုးလိုးခုလုတွေဖြစ်ကြ. . ထသတ်ကြနဲ့ဖြစ်ကုန်တာ၊ အဲ့ဒါကြောင့်လည်း အဲ့ဒီလူကြီးတွေကို သတိထားပြီး အပေါင်းအသင်းလုပ်နေရတာ၊ နှစ်ယောက်စလုံး အိမ်ထောင်သည်တွေလေ. .၊ ကျွန်တော့်အဒေါ်နဲ့ဆို သက်တူရွယ်တူတွေလောက်ပေါ့။

"ဒါဆို မိုးသောက်ပန်းမှာ ဟိုချာတိတ်ပေါက်ကွဲနေတာ အမှန်ပေါ့ကွ"

"ကျွတ်. . အဲ့ဒါရန်ဖြစ်နေတာ၊ ကျွန်တော်က စက်ဘီးအပ်ဖို့အထဲကို တွန်းယူလာတုန်း. . သူက အပြင်တန်း ဆိုင်ကယ်အပ်တဲ့နေရာကနေ ဆိုင်ကယ်ကို တွန်းအထုတ်နဲ့ မတော်တဆငြိတာကို. . ကျွန်တော် တမင်လုပ်ပါတယ်ဆိုပြီး ပြဿနာရှာတာလေ"

"မင်းကလည်း ဘယ်ပြောလို့ရမလဲကွ"

"ဟာ. . ဘုရားစူး မမြင်တာပါဗျာ၊ ဈေးသွားဝယ်တာ လက်ဘက်ရည်ဆိုင်မှာ လေပွနေတာကြာသွားလို့. . အဒေါ် ပွမ်မှာစိုးလို့ ကမူးရှူးသိုးဝင်သွားတာ၊ သူ့ကိုမမြင်ဘူး. . တစ်ကယ်မမြင်တာ. . "

"အေးပါ. . အဲ့ဒီတော့"

"အဲ့ဒီတော့. . နင်ပါးရိုက်ခံချင်လို့လားဆိုတော့ ကျွန်တော် မျက်နှာတိုးပေးလိုက်တယ်လေ၊ သူ့ဆိုင်ကယ်က ဒေါက်ထောက်ထားတာမှမဟုတ်တာ လက်လွှတ်ပြီးဘယ်ရိုက်လို့ရမလဲ. .၊ ရော့ရိုက်. . နင်ရိုက်ရင် ငါလည်းမီတဲ့နေရာ ကုန်းကိုက်ပစ်မယ်လို့ ပြောတော့ သူကလည်းအလာကြီး. . ရော့. . ကိုက်တဲ့၊ အဲ့ဒါနဲ့ မျက်နှာချင်း အတော်နီးသွားတာ၊ ရင်တော့ခုန်တယ်ဗျာ မက်(န်)ဖက်တာ


www.burmeseclassic.com

www.burmeseclassic.com



ရန့်လေးကို သင်းနေတာပဲ"

"အေးပါ. . ပြဿနာက အဲ့ဒါပါပဲ"

"ကျန်သေးတယ် သူက ကိုက်ဆိုပြီး မျက်နှာထိုးပေးတော့ ကျွန်တော်ပြောလိုက်တယ်. . ၊ ငါတစ်ကယ်လိုက်ရင် နင် လူကိုက်တယ်လို့ပြောမှာလား ခွေးကိုက်တယ်လို့ပြောမှာလားဆိုတော့ သူ မအောင့်နိုင်ဘဲ ခိခနဲရယ်ပြီး. . ခွေးတဲ့"

"အေး. . အဲ့ဒီရယ်လိုက်တဲ့အချိန်လေးကို ဟိုချာတိတ် တွေ့လိုက်တာနေမှာ"

"ဟုတ်မှာပေါ့. . အဆင်ပြေရင်လည်း မဆိုးပါဘူးကွာ၊ ဟိုက ဆေးလိပ်ခုံပိုင်ရှင်သမီးကွ. . မင်းက အခွံပဲရှိတဲ့ကောင်"

ကျွန်တော်ပြုံးလိုက်တယ်. . သူတို့က ကျွန်တော်မြတ်တယ် ထင်နေတာ၊ ကျေးဘူးရှင်ကြီးက ဘယ်အလွတ်ပေးလိမ့်မလဲ. . ဇိုးဇိုး နဲ့ သရေပွဲလုပ်ပစ်မှာပေါ့၊ အဲ့ဒီအခိုက်မှာပဲ ဦးလင်းခိုင်က ငါလည်း ပေလေးဆယ်ခြောက်ဆယ်နဲ့ သုံးပင်အိမ်တစ်လုံးတော့ ပိုင်ပါတယ် ကွာ. . မင်းတို့တူဝရီးကိုတော့ ကောင်းကောင်းစောင့်ရှောက်နိုင်ပါ တယ်"

"အောင်မာ ငါကရော မစောင့်ရှောက်နိုင်ဘူးထင်လို့လား"

"တော်. . တော်. . ဟော့လူတွေ စကားကောင်းပြောရင် နိုင်ငံရေးမပါနဲ့ဗျာ. . နေပူလာပြီ ရှင်းလိုက်တော့"

"အံမာ. . အံမာ. . ရှင်းလိုက်တော့တဲ့ ငါ့ကိုများသူဦးလေး အရင်းခေါက်ခေါက် မှတ်နေလားမသိဘူး"

"ကဲ. . ကဲ. . ငါပဲ ဦးလေးအဖြစ်ခံလိုက်တော့မယ် ငါရှင်း မယ်"



www.burmeseclassic.com

www.burmeseclassic.com



“တော်စမ်း. . ငါရှင်းလိုက်မယ်”

“ငါရှင်းပါ့မယ်”


ကျွန်တော် ဆိုင်ထဲကအရင်ထွက်နှင့်တယ်၊ အဲ့ဒါပဲ ကိုယ့်လူတို့ရေ ကျွန်တော့်မှာ အဒေါ်လေးတစ်ယောက်ရှိပါတယ် ထားစရာနေရာမရှိဘူး ဖြစ်နေတာဗျ. . ။



www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်က တစ်ခြားတစ်ယောက်ကို ပြောတယ်
"ခင်ဗျားရဲ့သားက လူချောလှခ်နဲ့ဗျ..."
ဆိုတော့ကာ...တစ်ယောက်ကပြန်ပြောတယ်...
"ဟဲဟဲဟဲ...မူရင်းကောင်းမှတော့ မိတ္တူကောင်းပြီပေါ့"
စိတ်ညစ်တယ်...။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (နှစ်)

ညနေ နေဝင်ရီတရောလေးမှာ ဟောဒီလေသာဆောင် ါက လှမ်းကြည့်ရင်. . ဟိုဖက်ခြံရဲ့ အမိုးကုတ်ကုတ်အိမ်လေးနဲ့ လုပ်တွေရှုပ်နေတတ်တဲ့ မခင်မှုန်ကိုမြင်ရတယ်. . ။ မခင်မှုန် တူ ာ်မောင် ခိုင်မြဲဆိုတဲ့ ငတေလေးသာ မရှိရင် အဲ့ဒီခြံလေးရဲ့ ရင်ခုန် ဘာ ရေသန့်ရေခဲလေးတွေပလုံစီနေတဲ့ ရမ်တစ်ခွက်နဲ့ ချိ(စ်)တစ် ကြားမှာ အတော်တာသွားမယ့်ပုံခင်ဗျ. . . ။

အခုလည်း. . ဦးအောင်ဘော်တစ်ယောက်ထဲ လေသာ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပေါ်က ထိုင်နေကျစားပွဲမှာ ရမ်တစ်ခွက် ချိ(စ်)တစ်ပြားနဲ့. . ကြည့်နေကျမြင်ကွင်းလေးထဲ ယစ်မူးရီဝေလို့နေတာပါ။ ခုချိန်ထိ စိတ်ကူးနဲ့ ဖဲရိုက်ပြီး စိတ်ကြိုက်နိုင်ပွဲတွေ မရေမတွက်နိုင်တဲ့အချိန်မှာ လက်တွေ့ကျကျ ဆွံ့အပြီး သမာဓိပိုးပိုးနေရတဲ့ အဖြစ်ကြီးကို. . ဦးအောင်ဘော် မခံစားနိုင်ဘူးမဟုတ်လား. .။

မောင်းထုတ်လိုက်ရင်လည်း ဒီထက်ဝေးသွားမှာ ကြောက်ရ ဒီတိုင်းထားပြန်တော့လည်း. . မစားရအညှော်ခံ လူပြောသူပြောနဲ့ မဟန်လေတော့ကာ. . ဖြစ်ချင်ရာဖြစ် အဖြူအမည်းခွဲလိုက်ရရင် ကောင်းမလားလို့တွေးကြည့်တော့ သမီးလေးမျက်နှာက ရှိသေး. .။

ရပ်ကွက်ထဲ လူရိုသေရှင်ရိုသေ နေလာတဲ့ ဂုဏ်သိက္ခာပါ ပွဲရရင် အခက်. .။ သြော်. . ကိန်းကြီးခန်းကြီးနဲ့ နေရတဲ့စတိုင်က တစ်ချို့ကိစ္စတွေမှာ အတော်အထားအသိုခက်ပါလားလို့ ဦးအောင်ဘော်တွေးနေတုန်း. . ဦးအောင်ဘော်ရှေ့က ခုံလွတ်မှာ နှုတ်ခမ်းထော်ကာ,ထော်ကာနဲ့ဝင်ထိုင်လိုက်တဲ့ သမီးဖြစ်သူကြောင့် ဦးအောင်ဘော် သူ့အတွေးတွေ တံမြက်စည်းလှဲပြီး ရှင်းထားလိုက်ရတယ်။

အဲ့ဒီနောက်. . ရှင်းသန့်ဇော်က တစ်ဖက်ခြံကို မေးဆတ်ပြပြီး. . .။

"အဲ့ဒီအရှုပ်ထုပ်တွေ အဖေ ဘယ်တော့ရှင်းမှာလဲ၊ အဖေ မရှင်းရင် သမီးရှင်းမှာနော်၊ နောက်တော့မှ သမီးလွန်တယ် မလုပ်နဲ့."

ဆိုတော့ကာ ဦးအောင်ဘော် သူတော်မျက်နှာပေးလေးနဲ့ ခေါင်းတစ်ဆတ်ဆတ်ညိတ်ပြီး. . .။

"အေး. . သမီးရယ် အဖေလည်း အခုပဲ အဲ့ဒါကိုထိုင်ပြီး စဉ်းစားနေတာပါ၊ ပြောရရင် အဖေလည်း သမီးအမေနဲ့ အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com


ကျွခါစက သူတို့လိုပဲ သူများအိမ်ကို ငှားနေခဲ့ရတာပါ၊ နောက်မှ . . စီးပွားရေးလေးဖြောင့်လာပြီး ခုလိုနေနိုင်တာပါ၊ ဆိုတော့ကာ . . ဒီအတိုင်း မောင်းထုတ်ပြန်ရင်လည်း လူမဆန်ရာကျတော့မယ်ကွယ်"

"ဒါဆိုလည်း . . အိမ်ငှားဖြင့်အိမ်ငှား ပြတ်ပြတ်သားသား လုပ်လေ၊ မဟုတ်လည်း သူတို့ငှားနေနိုင်တဲ့အဆင့်ရှိရင် တစ်ခြားမှာ သွားငှားနေဖို့ပြောလိုက်၊ သမီးကတော့ . . ဟို ခိုင်မြဆိုတဲ့ကောင်ကို ကြည့်မရတော့ဘူးသိလား"

"အေးပါ . . . အဖေလည်း ဒီကောင့်ကို မထားချင်တော့ပါဘူး၊ မခင်မှုန်မျက်နှာရှိလို့သာပေါ့ . . မဟုတ်ရင်လား"

"အဲ့ဒီဒေါ်လေးကိုတော့ သနားပါတယ် . . အေးလည်းအေးတယ်"

"ဟုတ်တယ် သမီးရဲ့ . . အဲ့ဒါကြောင့် . . အဲ့ဒါကြောင့်"

ဦးအောင်ဘော် အားတက်သရော ဝင်ဖြည့်ပြောလို့ ရှင်းသန့်ဇော် လှည့်ကြည့်တော့ . . ဦးအောင်ဘော် ချက်ချင်းပဲ သူ့မျက်နှာကို သူထိမ်းပြီး . .॥

"ကိုင်း . . မတတ်နိုင်ဘူးသမီး၊ ဒီလကုန်ကစပြီး အဖေ သူတို့ဆီက လစာယူတော့မယ်၊ မပေးနိုင်ရင် သွားကြတော့လို့ပဲ ပြောလိုက်တော့မယ် . . ဘယ့်နှယ့်လဲ"

"အင်း . . ကောင်းတယ်၊ အဲ့ဒါမှ ဟိုအကောင် အပိုးကျိုးမှာ၊ မဟုတ်ရင် သူများအရိပ်မှာ အသာလင့်အသင့်လည်းနေသေး စကားပြောလိုက်ရင် တစ်ချက်မှဒေါက်မကျိုးဘူး"

"ဒေါက်မကျိုးတာတော့ တစ်ကယ်ပဲ သမီးရေ၊ ဒီကောင်ကို က ဘာတွေဘာဝင်မြင့်လို့ မြင့်နေမှန်းမသိတဲ့ကောင်၊ အဖေပြောပြီးပါ


www.burmeseclassic.com

www.burmeseclassic.com



ပကော မခင်မှုန်နဲ့သာ မပတ်သက်ရင် ရိုက်တောင်သတ်ပစ်တယ်"

ရှင်းသန့်ဇော် လှည့်ကြည့်ပြန်၍ ဦးအောင်ဘော် အိုးနင်းခွက်နင်းနဲ့ အရက်ခွက်ကိုယူမော့တယ်. . ပြီးမှ လေပြည်လေးနဲ့. . .

"အဖေ အသက်ကြီးပါပြီ သမီးရယ်၊ တစ်ခြားလျှောက်တွေး မနေနဲ့. . ."

ၛ ၛ ၛ ၛ



www.burmeseclassic.com

www.burmeseclassic.com


"ဟဲ့. . ခိုင်မြ နင်ဘယ်လဲ"

"ဒီနားတင်ပါ. . . "

"မဒီနားနဲ့. . လာဦး ဒီကို"

ကျွန်တော်အလုပ်ကပြန်ရောက်ပြီး ရေမိုးချိုးထမင်းစားပြီး တော့ထုံးစံအတိုင်း ဦးလင်းခိုင်တို့နဲ့ လက်ဘက်ရည်ဆိုင်မှာလေပွဖို့ အသာလစ်ထွက်တာပါ။ အဒေါ်လည်း ကျွန်တော့်ရဲ့ ဒီနားခဏကို သဘောပေါက်တယ်ထင်ပါတယ်၊ ချက်ချင်းပြန်ခေါ်ပြီး ထိုင်ခိုင်း တယ်. . ။

"ငါနဲ့စကားပြောဖို့လဲ အချိန်ပေးပါဦး ခိုင်မြရယ်၊ ခဏဆိုပြီး ထွက်သွားလိုက်ရင် ပေါ်ကိုမလာတော့ဘူး"

အဲ့ဒီစကားလေးတော့ လေသံမြှင့်ပြောပြီး နောက်ထပ်ပြော မယ့်စကားကတော့ လေသံနိမ့်သွားတယ်။

"ငါတို့တစ်ခြားတစ်နေရာ ပြောင်းပြီးငှားနေကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com


"ဗျာ. . ဒီမှာဘာဖြစ်လို့လဲ"

ဘာကြောင့်ဆိုတဲ့စကားမျိုး အဒေါ်ဘယ်တော့မှမပြောဘူး ဆိုတာကျွန်တော်သိပါတယ် အဲ့ဒါကြောင့်. . .။

"အန်ကယ်တို့က မနေနဲ့တော့လို့ ပြောလို့လား"

"အဲ့သလိုတော့ မပြောပါဘူး၊ ဒါပေမယ့် သူတို့အတွက် ငါတို့ဆီက ဘာအထောက်အကူမှ မရနိုင်တော့တဲ့ဟာ ငါတို့ကိုဆက်ပြီး ထားထားလည်း ဘာမှအကျိုးမရှိဘူးမဟုတ်လား၊ အခုမဟုတ်လည်း ငါတို့တူဝရီးကို မောင်းထုတ်ဖို့ တစ်နေ့မဟုတ်တစ်နေ့တော့ ဖြစ်လာမှာပဲ၊ လူဆိုတာ အတ္တနဲ့ အသက်ရှင်ပြီး. . လောဘနဲ့ အသက်ရှည်နေကြတာဟဲ့ ခိုင်မြဲရဲ့၊ ကိုယ့်အတွက် အကျိုးမရှိဘဲ ဆောင်ရွက်ပေးနိုင်တဲ့သူမရှိဘူးလို့တော့ မပြောချင်ဘူး၊ ဒါပေမယ့် ငါမတွေ့ဘူးသေးလို့ စိတ်ထဲအနေကျုံ့မိတယ်၊ အဲ့ဒါကို တို့တူဝရီးတွေ လေးလေးစားစားနဲ့ စဉ်းစားပြီးစီစဉ်ရလိမ့်မယ်"

ကျွန်တော်ပင့်သက်တစ်ချက် ရှိုက်သွင်းပြီး သိမ်ငယ်စိတ်ကလေးနဲ့ ခါတိုင်းလို့ ခတ်ငေါက်ငေါက်ကလေးတောင် မပြောနိုင်ရှာတဲ့အဒေါ်ကို ကြည့်ပြီး. . ကျွန်တော်စိတ်မကောင်းဖြစ်သွားတယ် အဲ့ဒါကြောင့်. .

"ကဲ အဒေါ်စိတ်မဆင်းရဲပါနဲ့၊ ကျွန်တော်ကြိုးစားပြီး ပိုက်ဆံရှာပါ့မယ်၊ အိမ်စပေါ်တင်ဖို့ရရင် ကျွန်တော်တို့စီစဉ်လို့ရပြီပဲ"

"အေးပါ. . ငါလည်း အဲ့ဒါပဲပြောချင်တာပါ ကိုယ်ကမရှိတဲ့သူမို့လို့ ရှိတဲ့သူတွေရဲ့ ခနိုမ်မှုကို ပိုပြီးမခံချင်တာ အဲ့ဒါကြောင့် အလုပ်ကလေးကြိုးစားပြီး ငွေလေးစုကြမယ်၊ ငါလည်း. . ဆေးလိပ်ခုံမှာ အလုပ်ပြန်လုပ်ဖို့စိတ်ကူးတယ်"


www.burmeseclassic.com

www.burmeseclassic.com


"ဟင်. ."

"ငါလုပ်တတ်တာလည်း ဒါပဲရှိတာလေ. .၊ ကျန်းမာရေးအကြောင်းပြပြီး ထွက်ထားတာဆိုတော့ အခု ကျန်းမာရေးပြန်ကောင်းလို့ ပြန်လုပ်မှာပေါ့"

"အဒေါ်. .ဟို. .ဟိုလေ"

ကျွန်တော်ဘာကိုဆိုလိုချင်မှန်း အဒေါ်သိတယ်. .၊ အဲ့ဒါကြောင့် အဒေါ်ကလည်း ကျွန်တော့်လိုပဲ. . .

"အေးပါ ငါနားလည်ပါတယ် လူတင်ပါလို့ နွားကျားကိုက်တာပါဟာယ်"

ဆိုတော့ကာ ကျွန်တော်ဘာမှမပြောသာဘဲ ငြိမ်နေလိုက်ရတယ်။ အဲ့ဒီနောက် အဒေါ့်ဆီခွင့်တောင်းပြီး ကျွန်တော်လက်ဘက်ရည်ဆိုင်ဘက် ထွက်လာခဲ့တယ်။ ဘယ်သူမှမပါလည်း ကျားငစဉ်းလဲက သူကိုက်ချင်တဲ့နွား ကိုက်တာပဲဆိုတာ အဒေါ်နားလည်မှာပါလေလို့ ဖြေတွေးတွေးရုံသာ ရှိပါတော့တယ်။

၃၃၃၃


www.burmeseclassic.com

www.burmeseclassic.com



"ဟှဲ!. . ."

ခပ်မှိန်မှိန်လမ်းမီးတိုင်တွေကြောင့် အသံကြားပြီး မသဲကွဲလို့ ကျွန်တော်အမြူးအပြလှမ်းကြည့်တော့ ဆိုင်ကယ်တစ်စီး. . . အဲ့ဒီနောက်မှာမှ တစ်ယောက်ယောက်ထရပ်လိုက်မှ. . ရှင်းသန့်ဇော်ဆိုတာသိပြီး အနားကိုလျှောက်သွားတယ်။

"ငါ့ကို ဆိုင်ကယ်တွန်းပို့ပေးစမ်း"

ခတ်ထန်ထန်မျက်နှာပေးနဲ့ ခတ်ပြတ်ပြတ်အမိန့်ပေးသံကြောင့် ကျွန်တော်နည်းနည်းအောင့်သက်သက်ဖြစ်ပြီး လွတ်ခနဲ ပြန်ပြောဖို့ဟာ. . မပြောတော့ဘဲ ချာခနဲလှည့်ထွက်လိုက်တယ်။

"ဟဲ့!. . ."

အသံကပိုစူးပြီး ပိုတင်းလာလို့ ကျွန်တော်ပြန်လှည့်ကြည့်ပြီး. . .။

"နေပါဦး. . နင်အခု ဘာလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com


"ငါ့ကို ဆိုင်ကယ်တွန်းပို့ပေးလို့ ပြောနေတာ နင်နားမပါဘူးလား"

"စိတ်ပျက်စရာပဲ နင်ငါ့ကို တော်တော်ပိုင်ဆိုင်ချင်နေတယ်ပေါ့ ဟုတ်လား. . ."

"ဘာ!. . ."

"ဟုတ်တယ်လေ. . နင်လေသံက နင်အပိုင်ရထားတဲ့ လူတစ်ယောက်ကို ပြောနေတဲ့အသံကွ၊ ငါပြောချင်တာက. . နင်ငါ့ကို အကူအညီတောင်းတာလား. . အမိန့်ပေးတာလား၊ အဲ့ဒါ. . ကွဲပြားအောင်ပြော"

"တောက်!. . ."

သူမ တစ်ချက်တော့အသံတိတ်သွားတယ်။ မီးတိုင်အလင်းရောင်သာကောင်းရင် မျက်နှာဖူးဖူးလေးပေါ်က သွေးကြောမျှင်မျှင်လေးတွေ တဆတ်ဆတ်ခုန်နေတာကို မြင်ရမှာ အသေအချာပဲဗျ။ အဲ့ဒီအခိုက်မှာပဲ. . .

"ငါ ဟိုးလမ်းထိပ်ကနေတွန်းလာရတာ၊ အိမ်ရောက်တဲ့အထိ နင်တွန်းပေး"

"ဒါဆို အကူအညီတောင်းတာပေါ့"

"ဟုတ်တယ်"

"အိုခေ. . . ငါ ကူညီမယ်"

ပြောပြီး ကျွန်တော်သူမရဲ့ဆိုင်ကယ်ကို ခွထိုင်ပြီး နှိုးကြည့်လိုက်တယ်။

"ကစ်. . ကစ်. . ဝူး"

"စက်နိုးသားပဲ"


www.burmeseclassic.com

www.burmeseclassic.com



"နင် လီဗာဆွဲကြည့်လေ"

အမှန်ပါပဲ လီဗာဆွဲကြည့်တော့ ဟာတာတာ စက်ပြန်ရပ်သွားလို့ ကျွန်တော်သဘောပေါက်ပြီး. . .။

"လာ. . လာ. . တက် ငါအိမ်ရောက်တဲ့အထိ လိုက်ပို့မယ်"

"ဟာ. . အစိပ္ပါယ်မရှိတာ မရပါဘူးဆိုမှ"

ကျွန်တော်ဘာမှမပြောဘဲ ချုပ်ဆွဲပြီး နှိုးလိုက်တယ်. . ဆိုင်ကယ်ဆီပြတ်သွားတာပါ ချုပ်ဆွဲနှိုးတော့ ဆီကန်ထဲက အကပ်အသပ်နဲ့ ခံဆီလေးတွေ ပိုက်ထဲရောက်လာပြီး လီဗာဆွဲခေါ်လို့ရလာတယ်။

"မြန်မြန်တက် ဆီမကုန်ခင်လေး"

ဒီတော့မှ သူမ မအီမလည်မျက်နှာလေးနဲ့ ခွထိုင်တယ်လေ။

"နင့်ဆိုင်ကယ်ဘာမှမဖြစ်ဘူး ဆီကုန်နေတာ"

"ဆီကုန်ရင် ဘာလို့မောင်းလို့ရနေလဲ"

"ချုပ်ဆွဲမောင်းတော့ အကပ်အသပ်လက်ကျန်လေးနဲ့ လစ်တာပေါ့ဟ"

"အဲ့သလိုမောင်းရတယ်လို့ တစ်ခါမှမကြားဘူးဖူး"

"ဩော် ဒီနည်းက မရှိဆင်းရဲသားပဲသိတာ၊ ဆိုင်ကယ်ထဲမှာ ဆီကလည်းမကျန်တော့ဘူး. . ထည့်စရာပိုက်ဆံလည်းမရှိဘူး. . အရေးပေါ်သွားရမယ့် ခရီးတိုလေးကလည်းရှိနေတယ်၊ အဲ့ဒီမှာ နည်းပညာအသစ်တွေ ဝင်လာတာပဲလေ၊ နင်တို့က သူဌေးဆိုတော့. . ဒီနည်းကို ဘယ်သိနိုင်မလဲ၊ အဖုံးဖွင့်ကြည့်လိုက်လို့ ကန်ထဲဆီနည်းနေရင်. . ဖြည့်ထားဆိုတော့ မသိဘူးပေါ့"

"ချုပ်က ဘယ်ဟာလဲ"

သူမနောက်ကနေ အသာတိုးကပ် ငုံ့ကြည့်လိုက်တဲ့အထိ



www.burmeseclassic.com

www.burmeseclassic.com


အတွေ့က ကျွန်တော့်ကို မေ့ဆေးနဲ့ အထိုးခံလိုက်ရသလို ငြိမ်သွားတယ်။

"ဟဲ့ . ဘယ်မှာလဲလို့"

ဒီတော့မှ ကျွန်တော် သတိဝင်လာပြီး . .

"နေဦး အမှောင်ထဲမှာ နင်မြင်ရမှာမဟုတ်ဘူး . အိမ်ရှေ့ရောက်မှကြည့်၊ အခုရပ်ပြီးပြရင် နိုးလို့မရတော့ဘူးနေမယ်"

ဆိုတော့ကာ သူမ နည်းနည်းပြန်ခွာသွားတယ်၊ ကျွန်တော်လည်းအခုမှပဲ အသက်ရှူဖို့သတိရတယ်။ သူမတို့အိမ်ရှေ့ ခြံတံခါးဝကိုလည်းရောက်လာတဲ့အတွက် ဆိုင်ကယ်ရပ်ပြီး . . ။

"ချုပ်ဆွဲတဲ့ခလုတ်က ဒါကိုပြောတာ"

"ဩော် . . "

"ငါအထဲရောက်အောင် တွန်းပို့ပေးရမလား"

"နေပစေ . ရပြီ"

"အေးပါ . အဲ့ဒါပဲကောင်းပါတယ်၊ တော်ကြာ အန်ကယ်ငါ့ကိုအထင်လွဲနေဦးမယ် . ၊ ငါကလည်း ခတ်ချောချောခတ်ဖြောင့်ဖြောင့် ဆိုတော့ . "

"အောင်မာ . အောင်မာ . "

"ကျေးဇူးပဲနော် . သွားပြီ"

"တောက်! . နင်တော့"

အဲ့ဒါနဲ့ပဲ . ကျွန်တော့်မှာ လက်ဘက်ရည်ဆိုင်ရောက်ဖို့နောက်တစ်ခေါက် ပြန်လျှောက်လာရတယ်။ ဒါပေမယ့်လည်း . . ဟဲ . ဟဲ . ဟဲ . မိုက်တယ်နော်၊ ကိုယ့်လူတောင် အားကျသွားမယ် ရှင်းသန့်ဇောဆိုတာ ဖွေးပြီးဥနေတဲ့အသားအရေနဲ့ ရှိသင့်တဲ့အလှ


www.burmeseclassic.com

www.burmeseclassic.com



တရားအားလုံးကို ပြည့်ပြည့်စုံစုံပိုင်ဆိုင်ထားတဲ့ ကောင်မလေးဆို တော့ကာ မြင်လို့မှရင်မခုန်တဲ့ ပုရိသရှိရင် ရိုက်သာသတ်ပစ်လို့ ပြောရင်. . ရိုက်စရာကိုကန်သွားမှာ. . အဲ့သလောက်ကိုယ့်လူရေ။

ကျွန်တော်လည်း ကိုယ့်အခြေအနေနဲ့ကိုယ် သိမ်ငယ်စရာ ဖြစ်နေလို့သာ. . လူထဲကလူပဲဟာ. . . ။

၆၆၆၆



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ဘော် ဒီမနက်အတော်ပေါက်ကွဲနေတယ်။ လက်တားဖြန့်ထားတဲ့ ဆေးလိပ်ပိုတွေ ကားတစ်စီးတိုက်လောက် ဂိုဒေါင်ထဲပြန်ဝင်လာတဲ့အပြင် နယ်ဘက်ကုန်သည်တွေဆီက ဖုန်းတဂွမ်ဂွမ်နဲ့ ပူညံပူညံတွေလုပ်လာလို့ တစ်ဖက်ဖုန်းပြောတဲ့သူမြင်ရင် ချက်ချင်းပဲ သနားစိတ်ဝင်သွားမလောက်ကို ခြေဟန်လက်ဟန်တွေ အမူအရာတွေနဲ့ တောင်းပန်နေရှာတာပါ။

ပြီးရင်. . ဖုန်းချပြီး ရုံထဲဝင်အော် ဘာမ,တွေ၊ ညာမ,တွေနင်တို့တွေ အသုံးမကျလို့ ဘာညာနဲ့. . ဖုန်းဝင်လာတော့ ဖုန်းထုတ်ပြောပြီး တောင်းပန်ရ။ ဟုတ်ကဲ့ခင်ဗျ. . နောင်ကိုလုံးဝစိတ်ချ. . . စတဲ့စကားလုံးတွေ ပေါပေါလောလောသုံးပြီး နီတွတ်နေတဲ့မျက်နှာနဲ့ ဆေးလိပ်သမတွေ၊ ဆေးစပ်သမားတွေကို တန်းစီဆဲတော့တာတာလား. . .။

အားလုံးလည်း မျက်နှာတွေမကောင်းကြ၊ ဒီလိုဖြစ်နေတာ



www.burmeseclassic.com

www.burmeseclassic.com


ဟာ ရုံကနေ ဆေးစပ်ခေါင်းဆောင် မခင်မှုန် အလုပ်ထွက်သွားက တည်းကဆိုတာ. . အားလုံးသိနေတော့၊ မခင်မှုန် အလုပ်ပြန်ဆင်း ရင် ကောင်းမှာပဲဆိုတဲ့ အတွေးဆန္ဒက အားလုံးမှာ ကိုယ်စီရှိကြသဗျ။ ပြောရရင် ဆေးလိပ်သမတွေထဲ ဝါအရင့်ဆုံး လုပ်သက်အကြာဆုံး ဖြစ်တဲ့ ဒေါ်တိုးတို့၊ ဒေါ်ထွေးတို့တောင် မခင်မှုန်ကို သူဌေးက အ လေးပေးဆက်ဆံတဲ့ကိစ္စ မနာလို အူတိုတွေဖြစ်ပြီး. . သတင်းလုပ် အတင်းတုတ်ရတာမေ့ပြီး မခင်မှုန်ကို မျှော်ရတဲ့အထိ. . ဦးအောင် ဘော် ပွဲကြမ်းနေတာကိုး. . . ။

အဲဗျာ. . အဲ့ဒီမှာ အလုပ်သမားတွေရဲ့ကံပဲလား၊ ဦးအောင် ဘော်ပဲ ဇာတာပြန်တက်လာတာလား၊ ဘာလားတော့. . ကဲ ဇာတ် ဆရာပဲသိမယ်ဗျ။ ဦးအောင်ဘော် ဖုန်းတကောပြောပြီး အမုန်းကော ကောနေတုန်း။

"ဆ. . ဆရာ. . မ. . မခင်မှုန် ရုံးခန်းထဲရောက်နေတယ်"

"ဟမ်!. . ."

မီးကို ရေနဲ့ငြိမ်းရင်တောင် ရှုခနဲမြည်ဦးမယ်. . ၊ ဦးအောင် ဘော်ရဲ့ဒေါသကို မခင်မှုန်ဆိုတဲ့နာမည်နဲ့ ငြိမ်းလိုက်ပုံကတော့ အ ခွံနွှာပြီးသား ငှက်ပျောသီးကို ခါးထက်ထက်နဲ့ လှီးလိုက်သလို အိခနဲ တိခနဲပါဗျာ။

တကယ်ပါ. . ဦးအောင်ဘော် ရုံကအပြေးလေးထွက်. . ရုံး ဘေးရောက်မှ ပုဆိုးတွေ၊ အင်္ကျီတွေ. . ဟိုဆွဲဒီချ အသေအချာပြင် အိပ်ထဲကဘီးလေးထုတ်ပြီး အသေအချာ ဖေးလာသပြီးမှ ရုံးခန်းဆီ အိနွှေ့ရရ ကြွတော်မူတာခင်ဗျ။

"ဟော. . မခင်မှုန် နေကောင်းသွားပြီလား"


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ရှင်. . ."

ဦးအောင်ဘော် စားပွဲနောက်က သူ့ခုံမှာဝင်ထိုင်ပြီး. . အိုက်တင်လေးနဲ့. . . ။

"မခင်မှုန်ရေ မင်းသာအချိန်မီရောက်မလာရင် ငါ့ရုံပျက်ရတော့မယ် ထင်တယ်"

"ရှင်!. . ဘယ်လိုကြောင့်လဲ"

"အာ. . ဆေးစပ်ကမမှန်၊ ဖက်တွေကမနုပ်နဲ့. . ပြန်လာတဲ့အပိုတွေကို မီးပုံရှို့ရင်တောင် တစ်ပတ်လောက်ထိုင်ရှို့ရမလား မသိဘူး၊ မခင်မှုန် အလုပ်ပြန်ဝင်မယ်ဆိုတာက. . ဦး တစ်ကယ်ထီပေါက်တာပဲ. ."

"ဟုတ်ကဲ့. . ကျွန်မလည်း ကျန်းမာရေးကြောင့်ပါ၊ ကျွန်မတာဝန်ယူပြီး လုပ်ရတဲ့အလုပ်ကလည်း ဦးအောင်ဘော် သိပါတယ် နေ့တိုင်းဆေးမှုန့်တွေရှူပြီး လုပ်ရတာလေ. ."

"ဟုတ်တာပေါ့. . အမှန်ပြောရရင် ဦးလေး အလုပ်ဇောတပ်ပြီး တာဝန်မဲ့သလိုဖြစ်သွားတယ်၊ တစ်ကယ်ဆို မခင်မှုန် ဆေးကုနေတဲ့ကာလမှာ ပုံမှန်လစာပေးထားသင့်တာ၊ အဲ့ဒီအတွက် ဦးလေး ဆေးကုသစရိတ်အဖြစ် ပြန်ပေးမယ်"

ပြောပြီး ဦးအောင်ဘော် အံဆွဲဖွင့်နေလို့. .

"နေပါစေ ကျွန်မ အဲ့ဒီအတွက် လက်မခံပါဘူး. . တစ်ခုပဲ"

"ဘယ်. . ဘယ်တစ်ခုလဲ၊ ပြောပါအားမနာနဲ့"

"ကျွန်မလည်း ပုံမှန်အလုပ်ဆင်းမှာမို့လို့ အခုနေတဲ့အိမ်ကိုပဲ ဆက်ပြီးနေထိုင်ခွင့် ပေးစေချင်တာပါ"

"ဟာ. . ဘယ်လိုပြောလိုက်တာလဲ မခင်မှုန်ရယ်၊ ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



က မင်းတို့တူဝရီးကို ဒီလောက်မှ မစောင့်ရှောက်ရင် လူမဟုတ်တော့ဘူးလေကွာ၊ ဘာမှစိတ်မပူနဲ့. . သဘောရှိ မနော့ဟိ. . ဟုတ်ပလား၊ ဟဲဟဲဟဲ. . ကဲ. . ဘယ်တော့အလုပ်ဆင်းမလဲ"

"ဒီနေ့ပဲ စပြီးဝင်လိုက်ပါ့မယ်"

"ဝမ်းသာလိုက်တာ. . ကဲ. . လာ. . ဦးလေးရဲ့ ဒုက္ခအိုးကြီးကို လိုက်ကြည့်ပြီး လိုအပ်တာ စီစဉ်ပေးတော့ကွာ. . လာလာ"

အဲ့ဒီနောက် ဦးအောင်ဘော်နဲ့ ဂိုဒေါင်ဘက်လျှောက်လာခိုက် ပြုံးပြုံးကြီးကိုဖြစ်နေတဲ့ ဦးအောင်ဘော်ကြောင့် အလုပ်သမတွေ သက်ပြင်းချသူချ၊ အခုမှ ခါးဆန့်သူဆန့်နဲ့၊ ဒေါ်ထွေးနဲ့ ဒေါ်တိုးတို့နှစ်ယောက်ကတော့ ခေါင်းချင်းပူးကပ်သွားပြီး. .

"ဘီလူး ထန်းလျက်ခဲတွေ့သွားပြီ. . မတိုးရေ"





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (သုံး)

**လက်**ဘက်ရည်ဆိုင်မှာ ကျွန်တော်တစ်ယောက်ထဲထိုင်ပြီး စာအုပ်တစ်အုပ်နဲ့ တခိခိရယ်နေတုန်း ဦးလင်းခိုင်နဲ့ ဦးနိုင်ကြီးတို့ ရောက်လာကြတယ်။

ဒီနှစ် မိုးများခေါင်ချင်တာလား မဆိုနိုင်ဘူး . . . တစ်နွေလုံး ကျော်ကော့အောင် ပူလွန်းလို့ သင်္ကြန်လက်ဆေးမိုးလေးများရွာမလားလို့မျှော်လည်း မရွာဘူးခင်ဗျ၊ အခုတောင် မေလကုန်လို့ ဇွန်လ



www.burmeseclassic.com

www.burmeseclassic.com

ဆန်းနေပြီး ပူတုန်းဆိုတော့ကာ. . လူတွေအပြင်တောင် မထွက်ရဲ ကြတော့သလို ဘက်လက်ရည်ဆိုင်မှာလည်း ကျွန်တော်တစ်ယောက် ပဲရှိလို့ ပျင်းပျင်းရှိတာနဲ့ ဆိုင်ကောင်တာခုံမှာတွေ့တဲ့ စာအုပ်ကို ယူဖတ်နေတာပါ။

"ဒီကောင် ခုချိန်ထိ ကလေးစိတ်မကုန်သေးဘူး၊ စာအုပ်ဖတ် ပြီး တခိခိနဲ့. . ၊ ဟေ့. . လက်ဘက်ရည်နှစ်ခွက်"

ဦးနိုင်ကြီး ကျွန်တော့်ကိုပြောရင်း လက်ဘက်ရည်ပါလှမ်းမှာ ပြီး ရေနွေးငှဲ့တယ်၊ ဦးလင်းခိုင်က. . .

"မင်း ဘာစာအုပ်ဖတ်ပြီး ရယ်နေတာလဲ"

"တောက်တိုမယ်ရ ဟာသပုံပြင်များတဲ့. . အဟီးဟီးဟီး"

"ပြောစမ်းပါဦး ငါလည်းရယ်ချင်လို့"

"တအားတော့မရယ်နဲ့နော်"

"အေးပါ. . ပြောစမ်းပါ"

"တစ်ခါတုန်းက မိသားစုတစ်စုမှာ မွေးရာပါ ပါးစပ်စုန်းလို့ ခေါ်တဲ့ကလေးတစ်ယောက်ကို မွေးမိတယ်တဲ့"

"အင်း. ."

"အဲ့ဒီကလေးရဲ့ပါးစပ်က ဘယ်လောက်စုန်းတောက်သလဲ ဆိုရင် စကားပြောတတ်စ အရွယ်ကတည်းက သူနာမည်ခေါ် လိုက် ရင် အခေါ်ခံရတဲ့သူက သေရောတဲ့"

"ဟေ. . ဒါဆိုသူ့အမေ အရင်သေပြီပေါ့ကွ၊ ကလေးဆိုတာ မအေကိုပဲ အရင်တတတ်တဲ့ဥစ္စာ"

"မှားတယ်ဗျ. . အဲ့ဒီကလေး ပထမဦးဆုံးခေါ်တာ သူ့အဖိုး ကိုခေါ်တာ"

www.burmeseclassic.com


"ဟမ်!. ."

"အဖိုးလို့လှမ်းခေါ်လိုက်တာ အဖိုးသေရှာပါရောလား"

"သနားစရာပဲ"

"ပြီးတော့. . အဖွားကို ခေါ်ပြန်ရောတဲ့"

"ဟာ. . ဒါဆို အဖွားပါ လစ်ပြီပေါ့"

"ဟုတ်တယ်. . အဖွားပြီးတော့ အဖေလို့ခေါ်တယ်"

"ဟောဗျာ. . သူ့အဖေလည်း သေရှာတာပေါ့"

"မသေဘူးဗျ၊ အဖေလို့ခေါ်လိုက်တာ သူ့အဖေမသေဘဲ ခေါင်းရင်းအိမ်က တရုတ်ကြီးသေသွားတယ်"

"ဟော!. ."

"ပုံပြင်က အဲ့ဒါပဲ"

"ဟင်. . မင်းဟာက ဘယ်မှာလဲ ရယ်စရာ"

"မသိဘူးဗျာ. . ကျွန်တော်တော့ ရယ်တာပဲ၊ တော်တော်ပုံပြောတတ်တဲ့သူတွေလို့. . အဟိဟိဟိ"

"ကိုင်း. . တော်. . တော် မရယ်ရတဲ့ပုံပြင် ပြောမနေနဲ့. . အခု တစ်ကယ်ရယ်ရတဲ့ပုံပြင် ပြောမယ်"

ဒါပေမယ့်. . ဦးလင်းခိုင် မပြောသေးဘဲ. . လာချပေးတဲ့ လက်ဘက်ရည်ကို သူများလုသောက်မှာ စိုးရိမ်တဲ့ပုံမျိုး အရေးတကြီး ယူသောက်တယ်။

အဲ့ဒီအချိန်မှာပဲ. . ဦးနိုင်ကြီး တဟားဟားနဲ့ ရယ်တော့တယ်၊ ဦးလင်းခိုင်က သူ့ကိုကြည့်ပြီး ရယ်တယ်ထင်လို့ မျက်လုံးပြူး ကြည့်မှ. . ။

"ငါ မင်းကိုရယ်တာမဟုတ်ဘူး၊ ဒီကောင်ပြောတဲ့ပုံပြင်ကို


www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်သွားလို့ . . ဟားဟားဟားဟား"

"ဟေ . . ဘာရယ်စရာပါလို့လဲ"

"မင်းက ငပိန်းပဲ၊ အဖေလို့ခေါ် လိုက်တာ သူ့အဖေမသေဘဲ ခေါင်းရင်းက တရုတ်ကြီး သေတယ်ဆိုတော့ . . ဟားဟားဟားဟား"

"ဦးနိုင်ကြီး တိုးတိုးရယ်ပါဗျ"

"ကျယ်တော့ဘာဖြစ်လဲ . . ဟားဟားဟားဟား . .၊ အဲ့ဒီစာ အုပ်မဆိုးဘူး . . ငါ့ကိုငှားစမ်းကွာ . . အဟီးဟီး"

"အာ . . ဒါ ဒီဆိုင်ကစာအုပ်ဗျ၊ ကျွန်တော်ငှားရင်တော့ရ တယ် . . ဦးနိုင်ငှားရင်တော့ ရမှာမဟုတ်ဘူး"

"ဘာလို့လဲ"

"အရပ်ပုလို့"

"ဟာ . . ဘာဆိုင်လဲကွ"

"ဆိုင်တယ် . . ပုံပြင်စာအုပ်ဖတ်မိမှပဲ ဆိုင်မှန်းသိတာ"

"ဘာလဲကွ မင်းစကားက ငါ့နှယ်"

ကျွန်တော်လေသံကိုနှိမ့်ပြီး . . .

"ဦးနိုင်ကြီးစဉ်းစားကြည့်လေ . . . ဆိုင်ရှင်လင်မယားနှစ် ယောက်စလုံးက အရပ်အမောင်းတွေက မိုးထိုးနေတာ၊ သူတို့မွေး လိုက်တဲ့ကလေးနှစ်ယောက်စလုံး . . ပုပုလေးတွေဆိုတော့"

"ဟာကွာ"

ထိုအခါ ဦးလင်းခိုင်က . . .

"ဟာကွာ မလုပ်နဲ့ . . ရှေးလူကြီးတွေက ကိုယ့်အိမ်နားမှာ ကြက်တိန်ညင်ရှိရင် ကြက်မမွေးတော့ဘူးကွ . . မျိုးပျက်လို့၊ ကြက် တိန်ညင် ဘယ်လောက်ဆိုးတယ်မှတ်လဲ . . တွန်သံကြားရင်တော်



www.burmeseclassic.com

www.burmeseclassic.com


ကိုယ့်အိမ်က ကြက်မက တိန်ညင်မျိုးတွေ မွေးကုန်ရောတဲ့"

"ဒုက္ခပဲကွာ. . ငါလည်း မတွန်မိပါလား"

"မင်းက ပိုဆိုးမယ်ထင်တယ်၊ မတွန်တာတောင် ပုကုန်တယ်ဆိုတော့လေ. . ."

"တော်တော်. . ဟော့ကောင် စကားနောက် တရားပါမယ်၊ သူတို့လင်မယား ရှည်ပေမယ့် သူတို့ကလေးပုတာ ဘာကြောင့်လဲ. . သိလား၊ ယောက္ခမဘက်ကအဖိုးက ပုပုလေးကွ အဲ့ဒီဖက်မျိုးရိုးလိုက်တာ. .၊ ငါ့နှယ် လူကိုများ မဦးမချွတ်ကွာ"

ကျွန်တော်တို့ရယ်ကြတယ်။ အဲ့ဒီနောက် ဦးလင်းခိုင်က. .

"ငါပြောတဲ့ တကယ့်ပုံပြင်အစစ်လည်း နားထောင်ကြဦး"

"အင်း. . ပြော"

"စောစောက ခိုင်မြတို့သူဌေး ဦးအောင်ဘော်ခေါ်လို့. . ငါ ဦးအောင်ဘော်ရဲ့အိမ်ကို ရောက်သွားတယ်"

"ဟုတ်လား. ."

"သူ့အိမ်ကြီးကို ဆေးပြန်သုတ်ချင်လို့ ငါ့ကိုခေါ်ပြီး အပ်တာ"

"သြော်. ."

"မသြော်နဲ့ဦး. . သူပြောတာနားထောင်ကြည့်ဦး"

"အင်း. . ."

"မောင်လင်းခိုင်ရေမင်းဆေးသုတ်တဲ့အခါ ခံဆေးထည့်လားဆိုတော့. . ငါလည်း. . အင်း ထည့်တယ်ပေါ့၊ ဆေးမသုတ်ခင် စက္ကူတာနဲ့အရင် ဆေးဟောင်းတွေခွာချ၊ ပြီးရင် ကော်ပတ်ကြိတ် အဲ့ဒီနောက်မှ ပတ္တီးလိုရင် ပတ္တီးလိုက်ပြီးမှ ခံဆေး ရေဆေးလိမ်းပြီးရင် ဆီဆေးဘယ်နှစ်ကုတ်. . ဘယ့်နှယ့်က ဘာညာပေါ့၊ ငါ အဲ့သလိုရှင်း



www.burmeseclassic.com

www.burmeseclassic.com


ပြတော့ သူက ဘာပြောတယ်မှတ်လဲ. .၊ ငါတော့ ခံဆေးမကြိုက်ဘူး ကွာတဲ့. . ခံရမှာစိုးလို့. . ချဆေးမရှိဘူးလားတဲ့. ."

ဦးနိုင်ကြီး အံ့ခနဲရယ်ပြန်လေသည်။

"ငါလည်း အတော်အူကြောင်ကြောင်ဖြစ်သွားတယ်၊ အဲ့ဒါနဲ့ အလုပ်ကိုရချင်တော့ ငါပြောလိုက်တယ်၊ စိတ်ချဦးလေး ကျွန်တော် ခံဆေးကို ချဆေးဖြစ်အောင်လုပ်ပေးမယ်၊ ဒါမှ ခံရလည်း ခံချနိုင်တဲ့ သတ္တိရှိလာမယ်လို့ ပြောလိုက်ရတယ်၊ သူကလည်း ထပ်ပြောပါတယ် အေး. . အဲ့ဒါဆိုလည်း. . အတတ်နိုင်ဆုံး အချခံနိုင်အောင် လုပ်ကွာ တဲ့. ."

အားလုံး တဝါးဝါးပွဲကျကာသွားတယ်။

ဩော်. . လူများပြောပါတယ် ကိုယ်မကျွမ်းကျင်တဲ့အလုပ် ကို ကျွမ်းကျင်တဲ့လူ ခေါ်အပ်ပြီးရင် ပါးစပ်ကလေး ပိတ်နေလိုက်ပါ တော့လား၊ လေယာဉ်ဘာလို့ မတက်တာလဲ. . ဝယ်သာမကောင်း လို့ပါဆိုတော့. . အေး. . အဲ့ဒီဝယ်သာကို အမြန်ဆုံးဖြုတ်ပြင်ပြီး တက်လို့ရအောင်လုပ်ကွာ ဆိုတာထက် ဆိုးနေပြီ ကိုယ့်လူရေ. .။

အမှန်တော့. . အဲ့ဒါ ဦးအောင်ဘော်ရဲ့ စရိုက်ခင်ဗျ၊ ကံ ကောင်းလို့ စီးပွားဖြစ်နေပေမယ့် ပညာရေး အင်မတန်အားနည်းတဲ့ သူပါ။ ကျွန်တော်သိတာတော့ နှစ်တန်းလောက်ပဲ တတ်တယ်ဆိုပဲ။ သူ့သမီး ရှင်းသန့်ဇော်ကတော့ ကွန်ပျူတာနဲ့ပြီးပါတယ်။

ဒါပေမယ့်. . အကြောင်းမသိရင် ဦးအောင်ဘော်က ဘွဲ့ရ ပညာတတ်လို့ ထင်ရလောက်အောင် အိုက်တင်ကောင်းတဲ့သူပါ. . သူ ရယကဥက္ကဋ္ဌလုပ်တဲ့နှစ်က သူ့လက်မှတ်အောက်မှာ. . ပုံ ဥက္ကဋ္ဌ ဆိုပြီး ရေးရေးလွှတ်လိုက်လို့ အခမ်းအနားတစ်ခုမှာ ရပ်ကွက်ကိုယ်


www.burmeseclassic.com

www.burmeseclassic.com 

စား ကျေးဇူးတင်စကားတက်ပြောမှ သူ့ကိုယ်သူ ငှက်ကထမှန်း သိတော့တာလေ။

ဖြစ်ချင်တော့ အခမ်းအနားမှူးလုပ်တဲ့ ကိုသိန်းဆောင်ကလည်း ခတ်ရွတ်ရွတ်သမားဆိုတော့ကာ ခွင်ဝင်တော့မှပဲ တွယ်ထည့်လိုက်တာ မခိုမဆန့်ပဲ. . ။

"ရပ်ကွက်(၂) ငှက်ကထကြီး ဦးအောင်ဘော်မှ ကျေးဇူးတင်စကား ပြောကြားပေးပါရန် လေးစားစွာဖြင့်. . . ."

ဆိုတော့မှပဲ ဦးအောင်ဘော် သူ့ကိုယ်သူ ငှက်ကထ ဖြစ်နေမှန်း သတိထားမိတော့တာမျိုး. . . ။

ကျွန်တော်တို့ ရယ်ရလွန်းလို့ တော်တော်နဲ့စကားမပြောနိုင်ကြပဲရှိနေပြီးမှ ဦးနိုင်ကြီးက စကားဆက်ပေးတယ်။

"အဲ့ဒီတော့ အလုပ်ရခဲ့လား"

"ရလို့ မင်းနဲ့ခိုင်မြကို ငါလိုက်ရှာတာပေါ့ကွ၊ မနက်ဖြန် စဝင်မယ်"

"သူ့အိမ်ကြီးက ငြမ်းထိုးရမှာနော် ဟော့ကောင်"

"ငါသိပါတယ် ငြမ်းဝါးက ထုံးစံအတိုင်း မစမ်းဝါးဆိုင်ကပဲ ငှားရမှာပေါ့၊ ကြိုးကတော့ဝယ်ရမယ်"

အဲ့ဒီနောက် အလုပ်ကိစ္စဖက် စကားရောက်သွားလို့ မနက်ဖြန်အတွက် ကြိုတင်စီစဉ်ရမယ့်ကိစ္စ ညှိနှိုင်းတိုင်ပင်ကြပြီး ဦးလင်းခိုင် လက်ဘက်ရည်ဘိုး ခေါ် ရှင်းလိုက်တယ်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ!. . ."

ရှင်းသန့်ဇော် ကျွန်တော့်ကိုခေါ်နေမှန်းသိလို့ မသိချင်ဟန်ဆောင်ပြီး ငြိမ်းပေါ်တက်သွားလိုက်တယ်။

"ဟဲ့!. . ."

သူမ အသံနည်းနည်းမြှင့်ပြီး. . ဟဲ့ ပြန်ပါတယ်။ ကျွန်တော်လည်း ရှူးချင်ယောင်ဆောင်ပြီး Dust In the Wind သီချင်းလေးကို Eagles အဖွဲ့ရဲ့ သံစဉ်လေးနဲ့ ညည်းနေလိုက်တယ်။

"တောက်. . ."

သူမ တောက်ခေါက်ပြီး ချာခနဲ လှည့်ထွက်သွားမှ. . ကျွန်တော်လှည့်ကြည့်ပြီး ပုခုံးတွန့်ပြုံးတော့ ကျွန်တော့်ဟိုဘက်ဘေးမှာ စကားတာထိုးနေတဲ့ ဦးနိုင်ကြီး မျက်နှာထိမျက်နှာထားနဲ့ လှမ်းသတိပေးတယ်။

"မင်းတို့ဘာသာ ဘယ်လိုပဲရှိရှိ အလုပ်တော့ မထိခိုက်စေနဲ့



www.burmeseclassic.com

www.burmeseclassic.com


နော် ခိုင်မြ"

"ရတယ်. . အလုပ်က သူ့အဖေလုပ်တာ၊ ဒါကသူ့သမီး"

အဲ့ဒီအခိုက်မှာပဲ ကျွန်တော့်အောက်ဖက်ကနေ အလွန်ပြင်းထန်တဲ့ ထိုးနှက်ချက်နှင့်အတူ ကျွန်တော့်တစ်ကိုယ်လုံး ရွဲနစ်ကုန်ပါတော့တယ်။

"ရွှီး. . ဖရော"

"ဟာ. . ဟော့. . ဝူး. . ဖလူး"

"ဖရူး!. . ဝူး!!"

အတော်ရက်စက်တဲ့ မိန်းမဗျို့၊ ကျွန်တော့်ကို အားပြင်းတဲ့ ရေပိုက်နဲ့ အောက်ကနေလှမ်းထိုးတာ စဉ်းစားသာကြည့်တော့ဗျာ။ ကံကောင်းလို့ ပြုတ်မထွက်. . အဲ. . အဲ. . ပြုတ်မကျတာ (အတူတူပါပဲ၊ ပြုတ်ထွက်သွားလည်း အောက်ပြုတ်ကျမှာပဲ)။ လူပါငြမ်းပေါ်ကမကျအောင် မနည်းတွယ်ဖက်ပြီး တားလည်းမရဘူးဗျ၊ မျက်နှာကိုရေလုံးနဲ့လှမ်းထိုးတာ မနည်းခွကျကျကြီးဗျာ. . ။

"ဟော့. . ဟော့. . သမီး၊ ဟာ. . ဘာလုပ်တာတုန်း"

"ကြည့်မရလို့"

"ဩော်. . သမီးရယ် ကြည့်မရလည်း မကြည့်နဲ့ပေါ့၊ ငြမ်းပေါ်က ပြုတ်ကျသွားဖြင့်. . "

"သေသွားရင် မျက်စိနောက်သက်သာတယ်"

တော်ပါသေးရဲ့ ဦးအောင်ဘော် အချိန်မီရောက်လာပေလို့ပဲ၊ ကျွန်တော်လည်း ငြမ်းတိုင်လေးဖက်ပြီး မျက်စိသူငယ် နားသူငယ်နဲ့ ဖြစ်နေလို့. . . ။

"ဘယ်လိုဖြစ်တာလဲ မောင်ခိုင်မြရာ"


www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တစ်ကယ်မသိတာပါအန်ကယ်၊ မယုံရင် ဟော ဒီက ဦးနိုင်ကြီးပဲ မေးကြည့်ပါ"

ဦးအောင်ဘော် ခေါင်းကုတ်ရင်း တညည်းတွားတွားနဲ့ သူ့သမီးထွက်သွားတဲ့နေရာဘက် လှမ်းကြည့်ပြီးမှ. . .

"ရှင်းသန့်အကြောင်းလည်း ငါ့တူကြီးသိပါတယ်၊ ဒီကလေးမက ထင်ရာမြင်ရာလုပ်တာကွ၊ အေးကွာ. . အန်ကယ် တောင်းပန်ပါတယ်"

"ရပါတယ် အန်ကယ်ရယ် ကျွန်တော်ကတောင် ရှင်းသန့်ကိုကျေးဇူးတင်ရဦးမှာပါ"

"ဟေ. ."

ကျွန်တော် ရှင်းသန့်ဖေ်ကြားအောင် အသံနည်းနည်းမြှင့်ပြီး. .

"ရာသီဥတုက တအားပူနေတာလေ၊ ကျွန်တော် ရေချိုးလိုက်ချင်တာ. . အလုပ်ကလည်းမပြီးမှာ စိုးတာနဲ့ အပူဒါဏ်ကို အံကြိတ်ခံပြီး အလုပ်လုပ်နေတုန်း ရေပိုက်နဲ့လာထိုးပေးတော့. . ကျွန်တော့်မှာ ပျော်လိုက်တာ တအားပဲ၊ လူ့ကိုအေးသွားတာပဲ. . ကောင်းလိုက်တာအန်ကယ်ရယ် ဆပ်ပြာလေးများ တိုက်ခွင့်ရမယ်ဆို. . အတိုင်းထက်အလွန်ပဲ. . အဟဲဟဲ"

ကျွန်တော်ပြောရင်း မသိမသာလှမ်းအကဲခတ်ကြည့်တော့ ရှင်းသန့်ဖေ် အတော်မခံချိမခံသာဖြစ်ပြီး လှမ်းကြည့်နေတာလေ ပျော်လိုက်တာ. . .။

"အေး. . အေးပါလေ မင်းအဆင်ပြေတယ်ဆိုလည်း. . ပြီးတာပါပဲ၊ ဒါနဲ့ မင်းတို့အင်ချပ်ရော. . လင်းခိုင်. . လင်းခိုင် ဘယ်သွား



www.burmeseclassic.com

www.burmeseclassic.com



လဲ”

“ဆေးပုံးတွေ သွားဝယ်တယ်လေ”

“ဪ . . ပြန်မလာသေးဘူးလား၊ ငါကရောက်နေလောက်ပြီမှတ်လို့ . . အေးအေး . . အဆင်ပြေအောင် လုပ်ပေးကြပါကွာ၊ ငါ အလုပ်ရုံပြန်လိုက်ဦးမယ် . . လင်းခိုင်ရောက်ရင် ရှင်းသန့်ကို ဖုန်းဆက်ခိုင်းလိုက်”

ဦးအောင်ဘော်ထွက်သွားမှ ဦးနိုင်ကြီးက အံကြိတ်သံနဲ့ . . ။

“မင်းကတော့ကွာ ငါ သတိပေးနေတဲ့ကြားက”

“ဪ . . အေးဆေးပါ ဦးနိုင်ကြီးကလည်း”

“အေးဆေးဟုတ်လား . . အပူရှပ်ပြီး သေလို့ကတော့ ခုနစ်ရက်လုံး ငါဖဲရိုက်မယ် . . စိတ်ချ”

ကျွန်တော် ဦးနိုင်ကြီးဆီကနေ တစ်ဖက်အကြည့်လွှဲတော့ ဦးအောင်ဘော်တို့ သားအဖလည်း ကြိတ်ကြိတ်,ကြိတ်ကြိတ်နဲ့ဗျ။

“ပြုတ်ကျပြီးသေရင် သမီးထောင်ကျသွားမယ်ဘာမှတ်လဲ”

“သူဘာလို့ သမီးမခံချင်အောင်စလဲ . . လုပ်မှာပဲ”

“ခက်တာပဲ သူကဘယ်လိုစနောက်လို့လဲ”

“သမီးက သူ့ကို အခန်းရှင်းခိုင်းမလို့ ခေါ်နေတာကို လုံးဝလှည့်မကြည့်ဘူးလေ၊ ဒီလောက်အော်ခေါ်နေတာကို . . မကြားချင်ယောင်ဆောင်ပြီး ငြမ်းပေါ်တက်ပြီး သီချင်းဆိုနေတာ . . သမီးဘာလုပ်သင့်သလဲ ဖေဖေပဲစဉ်းစားကြည့်ဦး”

နောက်ဆုံးတော့ ဦးအောင်ဘော်ပဲ သက်ပြင်းကြီးချပြီး . . .

“သမီးက ဘယ်အခန်းကို ရှင်းမှာတုန်း”

“သမီးကွန်ပျူတာခန်းလေ၊ အဲ့ဒီအခန်းကို အရင်လုပ်ပေးဖို့



www.burmeseclassic.com

www.burmeseclassic.com



ဦးလင်းခိုင်ကိုပြောပြီးသား"

"ဩော်. . သမီးရာ သူတို့အပြင်ဘက်ခြမ်း အရင်ပြီးအောင် လုပ်ပါစေဦး"

"ဟာ. . မရဘူး၊ သမီးအိပ်ခန်းနဲ့ အလုပ်ခန်းကို အရင်လုပ် ဒါပဲ"

"ဟင်း. . အေးအေးပါကွာ၊ ကဲ. . . အဖေ အခုပဲလုပ်ခိုင်း လိုက်မယ် ဟုတ်ပြီလား"

"ခေါ်လိုက် အဲ့ဒီကောင်ကို၊ သမီးကောင်းကောင်းခိုင်းပြမယ် ဟင်း. . ."

"သမီးရေ ပြဿနာတော့မရှာပါနဲ့ကွာ"

"မရှာပါဘူး. . အခန်းကိုဆေးသုတ်ရင် အခန်းထဲကပစ္စည်း တွေ အပြင်ရွှေ့ထုတ်ရမှာ သူတို့တာဝန်ပဲဟာ"

နောက်ဆုံးတော့လည်း ဦးအောင်ဘော်ပဲ လက်လျှော့ပြီး နောက်ကြောင်းပြန်လျှောက်လာခဲ့ရတယ်။

အေးလေ. . ငါ့မှာ. . သမီးလေး ဒီတစ်ယောက်ရှိတာ. . ။

၃၃ ၃၃



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ခံဆေးစဝင်ရတဲ့နေ့မို့လို့ လက်မောင်းတွေလည်း မလှုပ်ချင်မသယ်ချင်အောင် ဖြစ်နေတယ်။ လက်ဘက်ရည်ခွက်ကလေး မ,ပြီး သောက်တာတောင် ကျွတ်ကျွတ်ကျဲကျဲညည်းမိလို့. . ဦးလင်းခိုင်က. . .

"မင်းလည်း အလုပ်လုပ်စားမယ်မှ မကြုံသေးဘူး. . ညည်းလိုက်တာကွာ"

"ဦးလင်းခိုင် စပ်တဲ့ဆေးလည်း ပြန်ကြည့်ဦးလေဗျာ. . ၊ ဒီလောက်ပျစ်ပျစ်ကြီးတွေ ဆွဲလိမ့်နေရတာ ဒီလက်မောင်းတွေ ခံနိုင်တော့မလား"

ကျွန်တော့်စကားကို ဦးနိုင်ကြီးလည်း ထောက်ခံတယ်။ စားပွဲထိုးလေးကို ရေနွေးအိုးမ,ပြရင်း. .

"ဟုတ်တယ်ကွ ငါတောင်အတော်ပြိုင်းသွားတယ်၊ နက်ဖြန် ဆေးနည်းနည်းကျဲပေးကွာ"



www.burmeseclassic.com

www.burmeseclassic.com


စားပွဲထိုးလေး ရေနွေးအိုးလာလဲပေးလို ဦးလင်းခိုင် ရေနွေး ယူငှဲ့ရင်း ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြုံးတယ်. . ပြီးမှ. . ။

"မင်းတို့ကောင်တွေ စက်ပူမှာသာ သွားလုပ်ရရင် တစ်ရက် နဲ့ထွက်ပြေးကြမလားမသိဘူး၊ ငါကမှ ဆွဲကောင်းအောင် ရေလေး ဘာလေးစပ်သေးတယ်. . စက်ပူမှာ လုံးဝရေမစပ်ဘူး၊ ဆေးပုံးဖွင့် ပြီးတာနဲ့ ဒီအတိုင်းသုတ်ပဲ၊ မင်းတို့မှတ်ထား. . ရေဆေးဖြစ်ဖြစ်. . ဆီဆေးဖြစ်ဖြစ် သူ့အရည်အသွေးပုံမှန်ဖြစ်အောင် ဆေးကုမ္ပဏီက တစ်ခါတည်းစပ်ပြီးသား. . အသင့်သုတ်ရုံပဲ၊ အဲ့ဒါကို ကိုယ့်ဘာသာ ဟိုရောဒီစပ်လုပ်ရင် Quality ကျရောကွ. . ၊

လောလောဆယ် ကိုယ်ကတော့ လုပ်ရတာသွက်တယ်၊ လူ သက်သာတယ်၊ မြန်တယ်. . ကာယကံရှင်ကတော့ ငွေကုန်ပြီး အ ကျိုးမရှိဘူးဖြစ်ရောလေ၊ ငါအဲ့သလို အပင်ပန်းခံပြီး Quality ထိန်းပြီး လုပ်လို့လည်း အလုပ်နပ်မှန်နေတာ နည်းနည်းတော့သည်းခံကြကွာ"

အဲ့ဒီအချိန်မှာ စားပွဲထိုးလေးရောက်လာပြီး ဆီချက်ခေါက် ဆွဲလာချပေးလို့ ကျွန်တော်လည်း အရေးတကြီးဟန်နဲ့. . .

"ဟော့ဟော့. . ဒါ ငါတို့ဝိုင်းက မမှာဘူးကွ"

"ငါမှာတာ"

ဦးလင်းခိုင် အဲ့သလိုအာလုပ်သံကြီးနဲ့ ပြောပြီး. . ဆီချက်ပွဲ ကို သူ့ရှေ့ရွှေ့လိုက်တယ်။ ပြီးတော့ စားပွဲထိုးလေးကို ထပ်ပြောတယ် ဗျ. . .

"နောက်ထပ်ပါဆယ် သုံးပွဲလုပ်ကွာ၊ ငါ့မိန်းမ တင်ငွေနဲ့ ငါ့သားနှစ်ယောက်က ဆီချက်သိပ်ကြိုက်တာ"

ပြောပြီး တူနှစ်ချောင်းကို တစ်ချောင်းစီခွဲကိုင်ပြီး ဆီချက်


www.burmeseclassic.com

www.burmeseclassic.com


ပန်းကန်ထဲဖြူးထားတဲ့ ကြက်သားနဲ့ မြေပဲမှုန့်ကို ခေါက်ဆွဲနဲ့ သေချာသမအောင်မွှေနေတာလေ၊ ဒါကို ဦးနိုင်ကြီးက တအံ့တသြနဲ့. . .

"လင်းခိုင်. . မင်း မူးနေလား"

"ဘာကွ. . ငါကဘာလို့ မူးရမှာလဲ"

"ဟာမ်. . မင်းက မူးမှ အဲ့သလိုဖြုန်းတတ်သုံးတတ်တဲ့ကောင်လေကွာ"

ဆိုတော့ကာ. . ဦးလင်းခိုင် ငါးခူပြုံးလေးပြုံးပြီး (အလွန်ပြုံးရခက်သောပြုံးနည်းဖြစ်ပါသည်၊ ပါရမီမရှိလျှင် လေ့ကျင့်ဖို့ တောင်မလွယ်ကူသော အပြုံးမျိုးဖြစ်သည်။)

"ဒီနေ့က အဲ့သလိုစားပေးမှ မင်းတို့နှစ်ယောက်ကို အလုပ်ဖြုတ်ဖို့ မစဉ်းစားမိမှာ၊ ပြီးရင် ဒီဝိုင်းအတွက် နိုင်ကြီး. . မင်းရှင်း"

"ဘာ!. ."

ဦးနိုင်ကြီး ထိုင်ခုံနဲ့ ဖင်နဲ့. . တစ်တောင်လောက်ကွာသွားပြီး. .

"ငါက မင်းပထွေးမို့လို့ ရှင်းရမှာလား"

"အဟတ်ဟတ်ဟတ်. . ငါက မင်းတို့ရဲ့ဆရာပါ. .၊ ဆရာတောင် ရိုးရိုးမဟုတ်ဘူး စလုံးပြန်ဆရာ"

"ဘာဖြစ်တယ် စမြုပ်ပြန်ဆရာ ဟုတ်လား"

"စလုံးပြန်ဆရာကွ၊ စလုံးဆိုတာ စင်္ကာပူကိုပြောတာ မပိန်းနဲ့. . ငါက မင်းဘကြီးမို့လို့ စမြုပ်ပြန်ရမှာလား"

"အောင်မာ ငါကိုင်ဆောင့်မိတော့မယ်"

"ဟော့ကောင်. . . တက်နင်းပစ်လိုက်လို့ ဖားဂုံညင်းနဲ့ မျက်နှာချင်းဆိုင်သွားမယ်၊ ဒီနေ့ ငါပြန်မလာခင် မင်းတို့ဘာလုပ်တာလဲ


www.burmeseclassic.com

www.burmeseclassic.com


ပြော. ."

"ဘာလုပ်လို့လဲ"

"တော်စမ်းကွာ သစ္စာဖောက်တွေ၊ တစ်ကယ်ဆို ငါရောက်တာနဲ့ လင်းခိုင်ရေ ဘယ့်နှယ့်က ဘာညာဆိုပြီး ပြောရမှာပေ့ါ၊ အခုတော့ အိမ်ရှင်ကပြောမှဆိုတော့. . ."

ဦးလင်းခိုင် စကားဖြတ်ပြီး ခေါက်ဆွဲတွေပါးစပ်ထဲ ထိုးသွင်းလိုက်တယ်. . .။ ဦးနိုင်ကြီးပြန်ထိုင်ပြီး. . .။

"အဲ့ဒါ မင်းနဲ့ဘာဆိုင်လဲ၊ ငါတို့အပင်ပန်းခံပြီး မင်းကိုသံတော်ဦးတင် ခွဲတမ်းပေးရအောင် မင်းက ငါ့မိန်းမမောင်မို့လို့လားလာပြီးတော့. . ."

"ဟာ. . ပြောရမှာပေ့ါကွ ငါ့မပြောဘဲ ကောင်မလေးအခန်းကို နှစ်သောင်းယူပြီး ဆေးသုတ်ပေးမယ်ဆိုတာ ဘာသဘောလဲ"

"ဟမ်. ."

"ဟမ်မလုပ်နဲ့. . ငါထလုပ်လို့ ကြံစုပ်သွားမယ်၊ အခု ကောင်မလေးက ငါ့ကိုတိုင်တယ် ဦးလင်းခိုင်ရဲ့လူတွေ လုပ်တာကောင်းသလားတဲ့၊ သူ့အခန်းကိုလာကြည့်ပြီး ဒီအခန်းက မှုန်ထုန်နေတာပဲ ဒီလောက် ဟောင်းမျဉ်းစုတ်ပြတ်နေတဲ့ အလုပ်ခန်း ဒီတစ်ခါပဲ မြင်ဖူးတယ်လို့ပြောတော့ သမီးလည်းမခံချင်တာနဲ့ အဲ့ဒါဆို ဆေးသုတ်ပေးလို့ပြောတော့. . နှစ်သောင်းပေး သုတ်ပေးမယ်ဆိုလို့ ပေးလိုက်ရတယ်တဲ့"

"ဟာ. . အဲ့ဒါ အဲ့ဒီကလေးမ လျှာစပရိမ်လုပ်သွားတာ၊ တော်ကောင် ခိုင်မြဲ. . မင်းရှင်းပြလိုက်"

ပြဿနာက ကျွန်တော့်ဘက် အော်တိုလှည့်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com


အဲ့ဒါကြောင့် ကျွန်တော်လည်း . . လေအေးအေးနဲ့ အစက နေအဆုံးအထိ ရှင်းပြလိုက်ပါတယ်။ နှုတ်ခမ်းနီ အကွင်းလိုက် ကွင်းခံရတာပါ အပါအဝင်ပေါ့။ အဲ့ဒါကို ဦးလင်းခိုင် ဆီချက်ပန်းကန်ကို ပြောင်စင်သွားအောင် ထိုင်စားရင်း နားထောင်တယ်။ တစ်ပန်းကန် တုန်တဲ့အထိ ကျွန်တော့်စကားက မပြတ်သေးလို့ တူနဲ့ညှပ်လို့မရတဲ့ မြေပဲစေ့လေးတွေပါ လက်နဲ့ကောက်စားရင်း နားထောင်နေလို့ ဦးနိုင်ကြီးက သူ့ပန်းကန်ထဲ ရေနွေးလောင်းထည့်ထားလိုက်တယ်။

"အဲ့ဒါပဲ ဦးလင်းခိုင်ရာ . . ၊ အမှန်တော့ သူ့မာန ကိုယ့်မာန ပြိုင်ရင်း နိုင်ချင်တဲ့စိတ် ဖိစီးလာတော့ အားကစားစိတ်ဓါတ်ပျောက်ပြီး လူချလာတာပေါ့ဗျာ"

"အေးပေါ့ကွ မင်းကအရင်သွားချတော့ . . ဟိုက ပြန်ချတာပေါ့၊ ဒါပေမယ့်လည်း မင်းတို့ရှင်းလိုက်ပါကွာ"

"ဟာ . . ဘာဆိုင်လဲကွ"

"ဟော့ကောင် နိုင်ကြီး . . ၊ စောစောက ငါမသိလို့ မင်းတစ်ယောက်ထဲ ရှင်းခိုင်းတာ၊ အခု သိပြီဆိုတော့ နှစ်ယောက်ရှင်း၊ ဘာလဲကွ နှစ်သောင်းတောင်ရတာ ရှင်းလိုက်၊ ဟော့ . . ပါစယ်ရပြီလား"

"ရပြီ . ."

ဦးနိုင်ကြီးမပြောသာတော့ဘဲ အသံတိတ်ထိုင်ဆဲနေတယ်။

ကျွန်တော်ကတော့ နှုတ်ခမ်းလေးသပ်ကာသပ်ကာနဲ့ ပြန်ပြောပြရလို့ . . ထင်လာတဲ့ ပုံရိပ်တွေထဲ ရင်ခုန်စွဲမက်ဖွယ်ရာ ခံစားမှုတွေ အသစ်အတိုင်းပြန်ဖြစ်လာတယ်။

၄ ၄ ၄ ၄


www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ ဆီဆေး စဝင်ရမှာမို့လို့ . . ထမင်းစားပြီးချိန်မှ အလုပ်စမယ်ဆိုလို့ . . ကျွန်တော် အစောကြီးနိုးနေပြီး ယောင်ချာချာ ဖြစ်နေတယ်။ ဘာကြောင့်မှန်းတော့မသိဘူးဗျ . . ဟိုဘက်ခြံကြီးထဲ အလုပ်လုပ်ရတာ ကျွန်တော့်စိတ်ထဲ ပင်ပန်းတယ်လို့ကိုမထင်ဘဲ စိတ်ထဲမှာလည်း ပျော်သလိုလိုတော့ ခံစားရတယ်။ ခါတိုင်း မနက်ခင်း လက်ဘက်ရည်ဆိုင်ထိုင်ပြီး အလုပ်ထဲရောက်ဖို့ ကျွန်တော့်ကိုယ်ကျွန်တော် အတော်ဆွဲထူရတဲ့ကောင် . .၊ ခုတော့ ဦးလင်းခိုင်တို့ လေကြောမပြတ်လို့ ဆိုင်ကမထရင်တောင် ကျွန်တော်သွားနှင့်မယ်ဆိုပြီး သွက်သွက်လက်လက်ဖြစ်နေတဲ့ ဝိရိယမျိုးလေဗျာ . . ။ အဲ့ဒါကြောင့် ထမင်းစားပြီးမှ အလုပ်ဝင်ဖို့ . . ကြားလပ်နေတဲ့အချိန်တွေ ဘယ်နား သွားသွန်ရမှန်းမသိ ဖြစ်နေတုန်း . . . ။

"ခိုင်မြရေ . . "

"ဗျာ . . "

အိမ်ထဲကနေ အဒေါ်လှမ်းခေါ်လို့ ကျွန်တော် ဖိုဘက်ခြံထဲ



www.burmeseclassic.com

www.burmeseclassic.com


တစ်ချက်လှမ်းကြည့်ပြီးမှ အိမ်ပေါ်တက်လာခဲ့တယ်။

"အဒေါ် . . ဘာလဲ"

"ငါ့ကိုဈေးသွားပေးစမ်း၊ ဟင်းစားလည်းဝယ်လာခဲ့ . . ရော့"

ပြောပြီး လှမ်းပေးတဲ့ပိုက်ဆံက . . တစ်ထောင်တန် အရွက်နှစ်ဆယ် ဖြစ်နေလို့ . .။

"အဒေါ် ဟင်းစားက ဘာတွေဘယ်လောက်တောင်"

အဒေါ်သူ့ပိုက်ဆံအိတ်ကို သေချာပြန်ပိတ်ရင်း . .

"ငါပြောတာနားထောင်၊ ကြက်သား တစ်ထောင်ဘိုးဝယ်ခဲ့၊ ဘုရားပန်းဝယ်၊ ပြီးတော့ . . ပဒေသာ စတိုးကနေ ထမင်းပေါင်းအိုးတစ်လုံးဝယ်ခဲ့၊ ဆန်နှစ်ဗူးချက်လောက်ပဲဝယ် အကြီးကြီးဝယ်မလာနဲ့"

"ပေါင်းအိုးက ဘာလုပ်ဖို့လဲ"

"ဟဲ့ . . နင်ရောငါရော အလုပ်ဆင်းနေရတာ ခါတိုင်းလို ထမင်းရေဟင်းပါ ငါထိုင်ချက်နေလို့ မမီတော့ဘူး၊ ပေါင်းအိုးနဲ့ဆို မနက်စောစော မီးအားကောင်းတဲ့အချိန် ဆန်ဆေးပြီးတည်ထားလိုက်ရုံပဲ"

"မီးပျက်တော့ ဝက်စာဖြစ်ကုန်ရော"

"နင် လျှာမရှည်နဲ့ . .၊ သွား . . ခိုင်းတဲ့အတိုင်းလုပ်"

"ဟုတ် . ."

ဟုတ်ဆိုပြီး အဝတ်လဲဖို့ အိမ်ထဲဝင်မယ်ပြင်ပြီးမှ အတွေးတစ်စကြောင့် အဒေါ့်ဘေးပြန်ရောက်သွားတယ်။

"အဒေါ်"

"ဘာလဲ . ."

"အာ . . ဖြည်းဖြည်းအော်ပါဗျာ၊ ရှုတွေလွင့်လာပါဦးမယ်"


www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို အပိုတွေမပြောနဲ့. . ဘာလဲ"

"အဒေါ်အလုပ်ဆင်းတာလည်း ဘယ်နှစ်ရက်မှ မရှိသေးဘူး ပိုက်ဆံရလှချည်လား"

အဒေါ် မျက်လုံးတွေပြူးထွက်လာတယ်။ ကိုယ့်အဒေါ်မို့လို့ပြောတာမဟုတ်ဘူးဗျ. . အဒေါ့် eye power ကအမိုက်စား၊ အဒေါ်မျက်ဝန်းအကြည့်တစ်ချက်က တော်ရုံပုရိသ အသက်ရှူမှားသွားမယ်၊ လောလောဆယ်. . ကျွန်တော်တော့ မျက်လုံးတွေ ကျွတ်ထွက်လာပြီး မမှန်အောင် နောက်ကိုအသာယို့ထားရတယ်။

"နင်ငါ့ကို အထင်သေးတာလား ခိုင်မြ"

"အာ. . မဟုတ်ပါဘူး အဒေါ်ရ၊ ဒါ. . ဒါပေမယ့်"

"ဒါပေလာမမယ့်နဲ့. . "

အဒေါ် ပိုက်ဆံအိတ်ပြန်ဖွင့်ပြပြီး. . .

"ဟောဒါက နင်အလုပ်ဆင်းပြီး ပြန်ပေးတဲ့ပိုက်ဆံကို ငါစုထားတာ၊ ဒါက မနေ့က ဦးအောင်ဘော် ထုတ်ပေးတာ"

"အဲ့ဒါ. . အဲ့ဒါ ကျွန်တော်သိချင်တာ"

အဒေါ်သက်ပြင်းချပြီး ပြူးနေတဲ့မျက်လုံးကို အသာပြန်မှိုလိုက်တယ်။ ပြီးမှ. . လေသံနွေးနွေးနဲ့ (နွေးနွေးနဲ့လို့ပြောတာ အပူမကင်းတဲ့ လေသံကိုယ့်လူရေ့)

"ငါ ကလေးမဟုတ်ဘူး ခိုင်မြ၊ ဦးအောင်ဘော် ငါ့ကို ဘယ်လိုစိတ်နဲ့ဆက်ဆံတယ်ဆိုတာ ငါသိတယ်၊ အခု ဒီပိုက်ဆံက ငါဆေးကုသစရိတ်ဆိုပြီး ပြန်ထုတ်ပေးတာ၊ ငါလက်မခံရင်. . မကျန်းမာသို့ အလုပ်နားထားတယ်လို့ပြောတာ သဘာဝမကျဘူး၊ ပြီးတော့ . . သူ့အလုပ်က ကျန်းမာရေးထိခိုက်တဲ့ အလုပ်ဆိုတာ အမှန်ပဲ၊ အဲ့ဒီတော့



www.burmeseclassic.com

www.burmeseclassic.com


ငါ့ဘာသာဆေးကုကုမကုကု ကျန်းမာရေးစရိတ်တော့ ယူသင့်တယ်လို့ထင်ပြီး ငါလက်ခံလိုက်တာ. . ရှင်းပြီလား"

"အာ. . ဒါ. . ဟုတ်တာပေါ့ ဘယ်လောက်ပေးလဲ"

"ငါးသောင်း"

"နည်းတယ်ဗျာ. . ထပ်တောင်း"

"ဟဲ့ နင့်လိုချင်သလောက် တောင်းနေရအောင် နင့်ပထွေးမှတ်နေလား. . ."

"ယောက္ခမတော့ လုပ်လိုက်"

"အောင်မာ. . နင်က မှန်းချင်နေတယ်ပေါ့လေ"

"ကြီးရင်မှိ ငယ်ရင်ချိတဲ့ အခေါ်ရဲ့၊ သူ့ကကိုယ့်ထက်စီးပွားရေးအင်အားကြီးနေတော့ မှိသင့်မှိ. ."

"ဖတ်!. ."

"အား!. ."

"ငါအလုပ်နောက်ကျမယ်. . သွားတော့"

"ဟုတ်"

"နင်နော် ကိုယ့်မှာအိမ်ငှားစရိတ် တတ်နိုင်သေးတာမဟုတ်ဘူး ပြဿနာသွားမရှာနဲ့"

"အင်းပါ. ."

ကျွန်တော်မျက်နှာပြောင်ပြီး လျှောက်ပြောနေပေမယ့် ဒီစကားရဲ့အရသာကို နှလုံးသားကသိတယ်. . ။



☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# အခန်း (ငါး)

အခုဒေါ်မှာလိုက်တာအားလုံး ဝယ်ပြီး ပြန်လာရင်း. . . အင်ကြင်းရိပ်ရှေ့ရောက်တော့ လက်ဘက်ရည်သောက်ဖို့ သတိရပြီး ခံတွင်းစိုလာတာနဲ့ပဲ ဆိုင်ထဲဝင်လာခဲ့တယ်။ ဒီဆိုင်ထဲက 'နှပ်ဖျော်' ဆိုတဲ့ လက်ဘက်ရည်တော့ ကျွန်တော်ခိုက်တယ်ဗျ၊ တစ်ခွက်သုံးရာ ဆိုလို့သာ ကိုယ့်ဝင်ငွေနဲ့ သိပ်ဟန်မကျလို့ ရပ်ကွက်ထဲက တစ်ရာ့ ငါးဆယ်တန်နဲ့ပဲ လျှာအရင်းမျက်ထားတာကြာပေါ့. . ။

ဒီနေ့တော့ အဒေါ်လည်း ရေလျှံနေတော့ကာ သုံးရာတန်



www.burmeseclassic.com

www.burmeseclassic.com



နှင့် လျှာအကျင့်လေးဖျက်ဖို့ ကြံမိတာလေ။ ပြီးတော့ ဒီဆိုင်ရဲ့ အပြင်အဆင်က ဒီမြို့မှာတော့ ထိုင်လို့ကောင်းတယ် ပြောရမလား၊ စတိုင်ကျတယ် ပြောရမလား၊ ဒီလိုစတိုင်ကျပြီး လက်ဘက်ရည်ကောင်းတဲ့ဆိုင်မျိုး နောက်တစ်ဆိုင်ရှိသေးတယ်ဗျ. .၊

စာကြည့်တိုက်ရှေ့က အနှစ်လင်း ဆိုတဲ့ဆိုင်ပါ၊ ချောင်းကမ်းနဖူးမှာ ဘန်ဂလိုနဲ့ ဘာနဲ့ဆိုတော့ ညဘက်သွားထိုင်ရင် ဂွတ်တော့ ဂွတ်သား၊ လက်ဘက်ရည်ကလည်း သုံးရာတန် ရှယ်ပဲ. . အရသာလည်း မိတယ်၊ ဟိုတစ်နေ့ညကတောင် ဦးလင်းခိုင်တို့ သွားထိုင်လို့ ကျွန်တော့်ကို ခေါ်သေးတယ်. . ကျွန်တော်မလိုက်တာ၊ လိုက်မသွားတာ ဒီလိုဗျ. . .၊

အဲ့ဒီ အနှစ်လင်းကဖိုးက သူငယ်ချင်းသုံးယောက်စုစပ်ပြီး ဖွင့်ထားတာ တစ်ယောက်က သာသနာရေးအသင်းအဖွဲ့ တစ်ခုမှာ ဥက္ကဋ္ဌ၊ နောက်တစ်ယောက်က ဘာသာရေးလှုပ်ရှားမှု အသင်းအဖွဲ့မှာ ဥက္ကဋ္ဌ၊ ကျန်တဲ့တစ်ယောက်က လူမှုရေးအသင်းတစ်ခုရဲ့ ဥက္ကဋ္ဌ၊ မြို့နယ်မှာ ရာထူးကြီးကြီးယူထားပြီး ကိုယ့်လောဘနှင့်ကိုယ် လက်ဘက်ရည်ဆိုင်ဖွင့် စားပွဲထိုးနေရတော့. . သူတို့မျက်နှာတွေ ကြည့်ရတာ အတော်မသက်မသာဗျ၊ ရယ်ရင်လည်း. . အတော်လိုက်ကြီးရယ်လို့ ကျွန်တော်ကြောက်ပြီး သွားမထိုင်ဖြစ်တာပါ။

"အစ်ကို. . ဘာမှာမလဲ"

"အေး. . ညီလေး ကျဆိမ့်နှပ်ဖျော်ကွာ"

ကျွန်တော်လက်ဘက်ရည်မှာပြီး စားပွဲပေါ်တင်ထားတဲ့ ကျွတ်ကျွတ်အိတ်အမည်းကြီးကို ပြန်မ,ယူပြီး. . ကျွန်တော့်ဘေးက ထိုင်ခုံလွတ်မှာ တင်လိုက်တယ်။ ပေါင်းအိုးက ဘာမှမကြီးလှပေ



www.burmeseclassic.com

www.burmeseclassic.com


မယ့် ပါကင်ထုတ်ထားတဲ့ စက္ကူဘူးက အတော်ကြီးကျယ်နေလို့ အိတ်အမည်းကြီးက စားပွဲပေါ်မှာ မျက်စိပသာဒမဖြစ်ဘူးဗျ၊ အဲ့ဒါကြောင့် ဘေးမှာရွှေ့ချတာ. . ကံဆိုးချင်တော့ အဲ့ဒီအငွဲ့အစောင်းလေးတစ်ချက်မှာပဲ ကျွန်တော့်နောက်ကျောကပ်လျက် စားပွဲက စားကားသံတစ်သံက ကျွန်တော့်နားထဲကို ဒူးရင်းသီးခွံတွေ ထိုးထည့်လိုက်ပါပေရောလား။

"ငါ အဲ့ဒီကောင်ကို ရိုက်ခွဲမှာနော်"

"ဘာ!. . ခိုင်မြဲက နင့်ကိုဘာလုပ်နေလို့လဲ"

"ဘာလုပ်နေလို့လဲ ဟုတ်လား၊ ငါ့ကို ဟတ်ရှောဖြစ်အောင်လုပ်နေတာ မနေ့ကငါ နင့်အိမ်ရှေ့ရောက်တယ် အဲ့ဒါနင်သိလား"

"မသိဘူး"

"ဘယ်သိမလဲ အဲ့ဒီကောင်နဲ့ နင်ကျူနေတာ ဘယ်မြင်မလဲ"

"ဇေယျ. . နင်. . နင့်စကားတွေ တရားလွန်လာပြီနော်"

"ဘာလဲ အမှန်တွေလွှတ်နေတော့ နင်နာလား. . သေလို့ရတယ်လေ၊ ဒီမှာ အိမ်ထဲကနေ အဲ့ဒီကောင် ဘောင်းဘီတိုနဲ့ ထွက်လာပြီး အပြင်မှာ မတ်တပ်ရပ်နေတယ်၊ ဒီကောင့်ကိုကြည့်ရတာ အတော်ပင်ပန်းနေတဲ့ပုံနဲ့လေ၊ နင်က နောက်ကနေလိုက်ထွက်လာပြီး အပေါက်ဝကနေ အဲ့ဒီကောင်ကို ပြိတ်တီနဲ့ လှမ်းကြည့်နေတယ်. . နင်ဘာငြင်းမလဲ"

"ဖတ်!. . "

"အား!. . "

ကျွန်တော်လှည့်မကြည့်လဲ သိတယ်. . ရှင်းသန့်ငွေ တွယ်လိုက်ပြီဆိုတာ။ လှည့်လဲမကြည့်ရဲပါဘူး. . စားပွဲထိုးငွေး လာချပေး


www.burmeseclassic.com

www.burmeseclassic.com



တဲ့လက်ဘက်ရည်ကိုတောင် ယူမသောက်ရဲဘူး။ ကျွန်တော်လှုပ်လိုက်ရင် ကျွန်တော့်ကို မြင်သွားမလားဆိုတဲ့ စိုးရိမ်စိတ်နဲ့ အသက်ရှူဖို့တောင် မေ့နေတာပါ။

အတွေးထဲမှာတော့ မနေ့က ခြံရှေ့မှာရပ်ပြီး လှမ်းကြည့်နေတဲ့ဆိုင်ကယ်ကို မျက်လုံးထဲ ပုံဖော်မိနေပါတယ်။ ဟဲလ်မက်ကို မှန်ချပြီးဆောင်းထားတော့ ဘယ်သူဘယ်ဝါဆိုတာတော့ မသိဘူးပေါ့။ အခုမှဗျို့ အခုမှ . . ရှင်းသန့်ဇော်ရဲ့ သက်ဆိုင်သူဆိုတာကို သွေးအပြစ်ကြီးတွေ အတောင့်လိုက်စီးနေတဲ့ ခန္ဓာကိုယ်ကြီးနဲ့ သိလိုက်ရတာ. . . ။

ဘုရားရှင်ကယ်ပါ. . ဟိုသကောင့်သားကလည်း ရိုက်ခွဲမယ်ချည်း ကြိမ်းဝါးနေကာမှ ကိုယ်ကလည်း ကျောပေးထိုင်နေမိလျှက်သား ဖြစ်နေပြန်. . . ငါ့နှယ်။

မျက်နှာချင်းဆိုင် ယှဉ်ပြီးချရလို့ကတော့ ဆင်လဲလာထားကျားတွေခြသေ့ံတွေလောက်တော့ ပြုတ်တောင်စားပစ်ဦးမယ်၊ ခုလိုကြီး အလွတ်ကြီးနောက်ကနေ အတွယ်ခံရမှာတော့ ကြောက်တယ်ဗျ. .! 'ဂွပ်'ဆို. . ပြီးပါလေရောလား။

အဲ့ဒါကြောင့်. . ကျွန်တော် ကျောမလုံတော့ဘဲ ဘေးတစ်စောင်းအနေအထားဖြစ်အောင် ခုံရွှေ့ထိုင်လိုက်တယ်။ သွားပြီဗျို့. . အသည်းကွဲနေပါတယ်ဆိုမှ လက်ဘက်ရည်ဆိုင်ထဲ ပါးရိုက်ခံလိုက်ရလို့ အရှက်ကွဲရတဲ့ သကောင့်သား ကျွန်တော့်ကို မြင်သွားပြီး ဝုန်းခနဲခုန်ထကာ ထွက်လာတယ်။ အဲ့ဒီအချိန်မှာပဲ စုံတွဲတစ်တွဲက ကျွန်တော့်စားပွဲနှင့် သူတို့စားပွဲကြားကနေ ဖြတ်အထွက် အမျိုးသမီးကို ခတ်ကြမ်းကြမ်းလေး ဝင်တိုက်မိရောဗျ. . .



www.burmeseclassic.com

www.burmeseclassic.com


"ဒုန်း!. . ."

"အမလေး. . ."

"ဟာ. . ."

ယိုင်ထွက်သွားတဲ့ အမျိုးသမီးကို အချိန်မှီ လှမ်းထိန်းလိုက်နိုင်တဲ့ အမျိုးသားကြီးရဲ့ ရင်ထဲမှာ ပန်းပွင့်သွားတယ်။ သေချာတယ်ဗျာ. . ငရဲပန်းမဟုတ်ရင် အဆိပ်ပန်းပဲ၊ ရှူးခနဲ နှာမှုတ်သံတစ်ချက်ပေးပြီး ဝီးခနဲ တီးထဲ့လိုက်တဲ့ လက်သီးတစ်ချက်က. . ကျွန်တော်တောင်အသက်ရှူမှားသွားတယ်။

"ဂွပ်!. ."

"ဝုန်း!. ."

"ဂလုံ!. . ဂုံ!. . ခွပ်!. ."

"ဖုံးခွမ်း!. . ဖုံးခွမ်း!. ."

လက်သီးချက်ကြောင့် ယိုင်ထွက်သွားတဲ့နောက်ကို ဆက်တိုက်ဆိုသလိုလိုက်ပြီး ထိုးကြိတ်နေလို့ အဲ့ဒီနားက စားပွဲတွေ ခုံတွေအလဲလဲအပြိုပြို ဖြစ်ကုန်တာရော ဆိုင်ထဲထိုင်နေတဲ့သူတွေ လန့်ပြီးကြည့်ကြ၊ အော်ကြနဲ့ အတော်ကိုပွက်ကုန်တာပါ။ ပထမတော့. . ကျွန်တော်လည်း ကြောင်အ,ပြီးကြည့်နေတာဗျ၊ နောက်တော့. . ခွန်အားကြီးသလောက် အာဃာသကြီးလွန်းတဲ့ အမျိုးသားကြီးရဲ့ လက်စွမ်းပြနေမှုက လွန်လွန်းအားကြီးလာတော့ ကျွန်တော်ထိုင်ကြည့်မနေနိုင်တော့ဘဲ ထိုင်ခုံတစ်လုံးဆွဲမ,ပြီး နောက်ကနေ ကျောပြင်ကို အုန်းခနဲ ရိုက်ချလိုက်တယ်၊ ခုံကလည်း သစ်သားခုံအမာစား. . ကျောမို့ပါတဲ့ ခုံဆိုတော့ကာ ရိုက်လို့ကလည်း ကောင်းမှကောင်းဗျ၊ ရှေ့ကိုဒူးထောက်ခွေကျသွားပြီး ပြန်ကျုံးထမယ်လုပ်တော့ ကျွန်တော်လည်း


www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ချက်တွယ်ဖို့ အသင့်မ,ပြီး မိုးထားလိုက်တယ်. . .

"အား!!. ."

အော်သံကြောင့် လှည့်ကြည့်တော့. . ဟိုအတွန်းအတိုက်ခံရတဲ့အမျိုးသမီးဗျ၊ စောစောတုန်းက သူ့ဘဲဘဲကြီးအသာစီးရနေတုန်းကတော့ တောင့်တောင့်ကြီးရပ်ကြည့်နေပြီးတော့ အခုသူ့ဘဲဘဲကြီးအကြိတ်ခံရတော့မယ်လည်းဆိုရော. . အမယ်မင်း ငယ်သံပါအောင်အော်ပြီး ပျော့ခွေသွားလိုက်ပုံများ. . လုပ်ပုံလုပ်ပုံ. . .။

"အချစ်လေး. . အို အချစ်လေး"

အမျိုးသားကြီး ခုခေါင်းပေါ်မိုးထားတဲ့ ခုံကိုတောင် မော့မကြည့်နိုင်အားဘဲ တဟုန်ထိုးထပြေးပြီး သူ့အမျိုးသမီးကို ပြေးပွေ့တယ်။

"အချစ်လေးရေ. . ဟာ ဒုက္ခပဲ"

အဲ့ဒီနောက်တော့ အရေးပေါ်ဆိုတဲ့စတိုင်နဲ့ ပါကင်ထိုးထားတဲ့ကားလေးထဲ ပွေ့သွင်းပြီး ကဗျာကသီမောင်းထွက်သွားတယ်။ ကျွန်တော်လည်း ခုံကိုအောက်ပြန်ချတော့. . ကျောမိုကပဲ လက်ထဲကျန်နေလို့ လျော်ရတော့မယ်ဆိုပြီး ခေါင်းနပန်းကြီးသွားပါတယ်။ မတတ်နိုင်ဘူးလေ. . မြို့ချပြီးမှ အရိုးပါမှန်းသိတော့်လည်း. . အင်းပေါ့. .၊ အဲ့ဒီနောက် ကြမ်းပေါ်ညည်းညူနေတာ. . ဆွဲထူပြီး။

"မင်းရရဲ့လား ဆေးရုံပို့ပေးရမလား"

တော်တော်နဲ့ ပြန်မဖြေဘဲ ခဏကြာမှ ဟိုဟိုဒီဒီလိုက်ကြည့်နေလို့. . သူကြည့်တဲ့နေရာ ကျွန်တော်လိုက်ကြည့်တော့မှ တွေတွေလေးရပ်ကြည့်နေတဲ့ ရှင်းသန့်ဖော်ကို မြင်ရတာ။ တကယ်သွေးအေးတာလား၊ သူ့ရဲ့သက်ဆိုင်သူအပေါ် စိတ်နာတာလားဘာလား



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်လည်း မဝေခွဲတတ်ဘူးဗျ။ အဲ. . အနားကိုတော့ လျှောက်လာတယ်ဗျ. . ဒါပေမယ့်. . .။

"ခိုင်မြဲ နင်သူ့ဆိုင်ကယ်နဲ့ သူ့ကိုလိုက်ပို့ပေးပါလား"

"ရတယ်လေ"

"ဟိုအိတ်ကြ နင့်အိတ်လား"

"ဟုတ်တယ်"

"အဲ့ဒါ ငါယူသွားပြီး ဒေါ်လေးကိုပေးလိုက်မယ်"

"အေးအေး. ."

အဲ့ဒီနောက်တော့ သူမက စားပွဲထိုးတစ်ယောက် လှမ်းခေါ်ပြီး. .။

"နင်တို့ဆိုင်ရှင်ကို တွက်ခိုင်းလိုက်၊ ပျက်ဆီးကွဲရှအားလုံးနဲ့ လက်ဘက်ရည်ဖိုးရော အားလုံးဘယ်လောက်ကျလဲလို့၊ ခိုင်မြဲ နင်တို့သွားတော့လေ. . ထားခဲ့ ငါရှင်းထားလိုက်မယ်"

အဲ့ဒါနဲ့ပဲ ကျွန်တော့်ရဲ့ရန်သူတော်လေးကို ဆိုင်ကယ်နဲ့တင်ပြီး ဆိုင်ထဲက မောင်းထွက်လာခဲ့တယ်။

"ငါဘယ်ကိုပို့ပေးရမလဲ"

"ကုလားကြီးကုန်း"

"ဟာ. . မင်းဆေးခန်းသွားသင့်တယ်လေ"

"ရတယ် ငါဘာမှမဖြစ်ဘူး"

ဆိုတော့ကာ ကျွန်တော်လည်း ပြောမနေတော့ဘဲ နတ်စင်လမ်းထဲ ချိုးဝင်လိုက်တယ်။ ခဏကြာတော့. .

"အဲ့ဒီရှေ့က ခြံရှေ့ရပ်လိုက်"

"ဒါ မင်းအိမ်လား"


www.burmeseclassic.com

www.burmeseclassic.com


"မဟုတ်ဘူး ငါ့ဘော်ဒါအိမ်"

လှမ်းကြည့်လိုက်တော့ ခနိုမိုး၊ ထရံကာနဲ့ ခပ်ယိုင်ယိုင် အိမ်လေးမို့ ကိုယ်တော်လေး ဂုဏ်သိက္ခာအကျမခံချင်သလို အရေးတကြီးကို ပြန်ဖြေတာလေဗျာ. . ။

"ငါ အိမ်ပြန်သွားရင် ဒီပုံစံနှင့် သောက်ပြဿနာတွေ တက်ကုန်မှာ၊ ရပြီလေ မင်းဒိုးလိုက်တော့. . ."

တော်တော်လေး လူမှုရေးလေဖြတ်တဲ့ကောင်ပါလားလို့. . တွေးပြီး ကျွန်တော် ဆိုင်ကယ်ပေါ်မှဆင်းမှ. . .

"မင်းနဲ့ ရှင်းသန့်နဲ့ကဘာလဲ၊ ဇယားကပ်နေတာလား"

ကျွန်တော် တစ်ချက် ဟတ်ခနဲရယ်ပြီး။

"မင်းအဲ့ဒီလို အာရုံတွေစားနေလို့ အဲ့ဒီလိုဖြစ်တာ"

"နားပါကွာ ငါမေးတာဖြေစမ်းပါ"

"အေးကွာ. . ငါတို့ဘာမှမဖြစ်ဘူး ရပြီလား"

သူခပ်လောင်လောင်ရယ်ဖို့ ပြင်ပြီးမှ ခပ်နာနာလေးဖူးရောင်နေတဲ့မျက်နှာနဲ့ ရှုံ့မဲ့သွားပြီး. . . ။

"ငါသတိပေးလိုက်မယ် မင်းလွတ်လွတ်နေကွာ. . ဒါပဲ"

ကိုယ့်လူတို့လည်းသိတဲ့အတိုင်း ကျွန်တော်ကလည်း အဲ့သလို စီးစီးပိုးပိုးလေပေါက်တွေ ခံစားလို့ကိုမရတာ. . . ။

"မင်းတို့ဖြစ်နေကြတာလား"

"ဘာ. . အဲ့ဒါ ငါ့ကိစ္စကွ၊ ရည်စားသက်တမ်း နှစ်နှစ်ရှိနေပြီ"

"ဒါဆိုလည်း မြန်မြန်ယူလိုက်ကြတော့ကွာ၊ လူ့ချအပျိုဆိုတာ လွတ်လပ်တယ်ကွ၊ တရားဝင်အပြောင်းအလဲလုပ်နိုင်တယ်


www.burmeseclassic.com

www.burmeseclassic.com



ငါလည်းလူပျိုပဲ. . ရော့ မင်းဘီးသော့”

ပုဂ္ဂိုလ်အံ့ကြိတ်ပြီးကျန်ခဲ့တယ်။ ကျေးဇူးလည်းရှိ လက်ဆလဲ သိသွားတော့. . အင်းပေါ့နော်။

ပြ ပြ ပြ ပြ



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

အဲ့ဒီနောက်ပိုင်းကာလတွေမှာ. . ရှင်းသန့်ဇော်ဆိုတဲ့ ကောင်မလေးရဲ့ စိတ်ပိုင်းဆိုင်ရာအခြေအနေ အပြောင်းအလဲ ဖြစ်လာတယ်လို့ပြောရင် ကိုယ့်လူယုံမှာမဟုတ်ဘူးဗျ။ တစ်ကယ်ပြောင်းလာတာ. . .

"မောင်ခိုင်မြ"

"ဗျာ"

ကျွန်တော်တို့ သူတို့အိမ်ကိုဆေးသုတ်ပြီး ပေါက်ကုန်းစာသင်ကျောင်းရှေ့က အိမ်နှစ်အိမ်ကိုလက်ခံပြီး ဆေးသုတ်နေတဲ့ကာလမို့လို့ မိုးလင်းထွက် မိုးချုပ်မှပြန်ဝင်နှင့် ကျွန်တော့်ရဲ့ ပြဿနာအရိပ်တွေ ဒီခြံထဲမှာလနဲ့ချီပြီး ကင်းကွာနေတာပါ။ မဟုတ်ရင် တစ်ပတ်နှစ်ခါလောက်တော့ သူတို့သားအဖနှင့် ပူညံပူညံလေးတော့ ရှိတယ်ဗျ။ ကျွန်တော်ကလည်း လူကောင်းသူကောင်း အမျိုးအစားထဲမှာ ခြေတစ်ဖက်လက်တစ်ဖက်လောက်ပဲ ထည့်ထားတော့ ဒီလိုပါပဲ. .।



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း ညနေအလုပ်စောစောပြန်သိမ်းလာလို့ ရေမိုးချိုးပြီး. . အဒေါ်ပြန်လာချိန်ကို ထိုင်စောင့်နေတုန်း တစ်ဖက်ခြံကနေ ဦးအောင်ဘော် လှမ်းခေါ်တာပါ. . ။

"အန်ကယ်ရေ ဘာများလဲခင်ဗျ"

"မင်းညီမ ဖျားနေတယ်ကွ၊ ငါဆရာဝန်ဆီဖုန်းဆက်တာ မရလို့ ဆိုင်ကယ်ယူသွားပြီး ဆရာဝန်သွားပင့်ပေးကွာ၊ ဘုရားကြီးလမ်းထဲက အာရောဂျံဆရာလေးနော်"

"အာ. . ကျွန်တော်တော့ သရက်တောလမ်းထဲက ဇီဝကဆရာမလေးကို ပိုသဘောကျတယ်"

BURMESE CLASSIC

"ဟေ. . ဘာဖြစ်လို့လဲ"

"မိန်းခလေးရောဂါမျိုးဆိုရင် မိန်းခလေးဆရာမက ပိုအဆင်ပြေမလားလို့၊ သူလည်းရောဂါအခြေအနေပြောပြတော့. . အာယားတာတို့ဘာတို့ မဖြစ်တော့ဘူးပေါ့"

"ဟာကွာ. . ငါ့သမီးဘာရောဂါဖြစ်မယ်ဆိုတာ မင်းကဘာသိလို့လဲ"

"အဟဲဟဲ. . ဒီလိုပဲ ရမ်းတုတ်မှန်းတုတ်ပါ၊ ဖြစ်နေရင်လည်း အဆင်ပြေအောင်လို့ပါ"

အဲ့ဒီအချိန်မှာပဲ ရှင်းသန့်ဇော် အတော်နွမ်းနယ်နေတဲ့ မျက်နှာလေးနဲ့ထွက်လာပြီး. . ။

"ဟုတ်တယ် သမီး ဇီဝကပဲသွားမယ်"

"တွေ့လား. . ကျွန်တော်ပြောတာ ကွက်တိပဲ"

"တော်စမ်း. . ၊ ကဲ. . လာ အဖေကားနဲ့ လိုက်ပို့မယ်"

"ဟင့်အင်း သမီး ဆိုင်ကယ်နဲ့ပဲ သွားချင်တယ် ကားထဲမှာ



www.burmeseclassic.com

www.burmeseclassic.com

ငြိမ့်ငြိမ့်နဲ့ဆို တအားမူးလို့"

ဦးအောင်ဘော် ပင်သက်ခိုးရှိက်မှန်း ကျွန်တော်သိတယ်ဗျ။

"အေး. . ဒါဆိုလဲ သွား၊ မောင်ခိုင်မြရေ ဖြည်းဖြည်းမောင်း နော်"

"ဟုတ်ကဲ့ပါ"

ကျွန်တော် အူမြူးသွားတာကို လူမသိအောင်မြို့ချပြီး. . ဟို ဘက်ခြံကြီးဆီ လျှောက်သွားလိုက်တယ်။ ရေမိုးချိုး. . အဝတ်အစား သန့်သန့်လေးဝတ်ပြီး ထိုင်နေတဲ့အချိန်ဆိုတော့ကာ ကျွန်တော်လဲ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိရှိပဲလေဗျာ. . .။

BURMESE CLASSIC

အဟဲဟဲ. . . ဦးအောင်ဘော်ကတော့ ကျွန်တော့်လို အူမြူး မှာမဟုတ်ဘူးဗျ၊ အူနုတ်ခံရသလို ခံစားနေရမှာ၊ အဲ. . အဲ. . အေး ပါ မင်းလုပ်ထားဦးပေါ့. . ငါ့အလှည့်ကျမှ အတိုးရောအရင်းပါ ပေါင်း ဖြစ်မယ်ဆို သေပြီ။ ကျွန်တော့်အဒေါ်မျက်နှာ လှလှလေးကို ပြေးမြင် ပြီး ချွေးပျံသွားတယ်။

ဩော် လူများ. . 'ဝဋ်'ဆိုတာကို သိနေမြင်နေရက်နဲ့. . မ ကြောက်ကြတာတော့ အံ့စရာပဲ။ ကျွန်တော်လည်းဘာထူးလဲ ကိုယ့် လူတို့ရယ်. . ယူရင်ပေးရတော့မယ်ဆိုတာ သိသိကြီးနဲ့ ယူချင်နေတာ လေ. . ။ ငါ့နှယ်. . ဖိလင်တောင် ဘယ်လိုတက်လို့တက်ရမှန်းမသိ ဖြစ်သွားတယ်။

"ခိုင်မြ. . ."

ကျွန်တော့်ပခုံးစွန်းကို အင်အားချိနဲ့စွာ ဖြတ်တိုးလာတာပါ ခင်မျာ သနားစရာပါ. . ။

"အေး. . ပြောလေ သူငယ်ချင်း"


www.burmeseclassic.com

www.burmeseclassic.com


သူမလေး အသံတိတ်သွားတယ်။ သူငယ်ချင်းဆိုတဲ့စကား
လုံးအပေါ်မှာ ခံစားသွားတာလို့ ကျွန်တော်ထင်တယ်ဗျာ။ ကိုယ့်လူ
ကော ဘယ်လိုထင်လဲ. .။

"နင်တကယ် သူငယ်ချင်းလုပ်မလို့လား"

"အေးပေါ့. .ငါတို့က တစ်ခြံထဲနေကြတာပဲဟာ"

"ငါက နည်းနည်းကြမ်းတယ်နော်"

"အေးပါ. . ငါလည်းလူဆိုးပါ"

ပြီးတော့ နှစ်ယောက်စလုံးရယ်ကြတယ်။ တစ်ကယ့်ပါ ကိုယ့်
လူတို့ရယ် ကျွန်တော့်ဘဝမှာ ရယ်ရတာ အရသာအရှိဆုံးက ဘယ်လို
အချိန်မျိုးလည်းလို့မေးရင် ဒီအချိန် အခိုက်အတန့်ကလေးပါပဲ။ ရင်
ထဲမှာနွေးပြီး မျက်နှာအရေပြားတွေ ရှိန်းခနဲ ရှိန်းခနဲကို ဖြစ်တာ. .
ပြီးတော့ ဗိုက်ဆာသလို၊ အိပ်မက်ယောင်သလိုလိုမျိုးလည်း ဖြစ်တယ်
ဗျ. .။ –

ဟိုဗျာ. . မုန့်ဟင်းခါးကို ငါးခူများများနဲ့ ချက်ပြီး ဘဲဥနန်း
ချင်း၊ ငရုပ်သီးမှုန့်စပ်စပ်ကလေးထည့်၊ နုတ်နုတ်စင်းထားတဲ့ နံနံပင်
ကလေး ဖြူးစားပြီး အရသာခံရင်တောင် ဒီအပြုံးရဲ့အရသာကို မမီ
ဘူးဗျာ။ ရယ်ပြီးတာတောင် ရင်ထဲမှာစိမ့်စိမ့်ကလေးကျန်ခဲ့တာ. .။

ဆေးခန်းရောက်တော့ လူရှင်းနေတာနဲ့ ကျွန်တော်လည်း
ဘာရယ်မဟုတ်ပဲ အထဲကိုလိုက်ဝင်သွားမိတယ်ဗျ. . .။

"ပြောပါဦး ဘာဖြစ်တာလဲ"

"မနေ့က သူ့ရက်ရောက်နေမှန်းသိလျက်နဲ့ မနက်ခင်းရေချိုး
ရင်း ခေါင်းလျှော်လိုက်မိတယ် ဆရာမရဲ့"

"ဟုတ်ပါပြီ နောက်တော့ကော"



www.burmeseclassic.com

www.burmeseclassic.com



"နေ့လည်ခင်း ရန်ကုန်ထဲသွားတော့ ကားအဲယားကွန်း ထိ သွားတယ်၊ ဟိုရောက်တော့ ရုပ်ရှင်လည်း ကြည့်ဖြစ်တယ်"

"အဲ့ဒီမှာလည်း အဲယားကွန်းပဲ ဆိုပါတော့"

"ဟုတ်. . ဆရာမ၊ အပြန် တရုတ်တန်းဝင်ပြီး ဝက်သား ကောက်ညှင်းထုပ် စားမိလိုက်တယ်"

"ပြီးပါလေရော. .၊ မနေ့ကညကတည်းက အောင့်တော့ တာပဲ မဟုတ်လား"

"ခုချိန်ထိပဲ ဆရာမရယ်၊ သေတောင်သေချင်တယ်"

ဆရာမလေး လူနာဖြည့်သွင်းရင်း ကျွန်တော့ကို မော့ကြည့် ပြီးပြုံးတယ်. . ပြီးမှ။

"စိတ်ကြိုက်လည်ပတ်စားသောက်ပြီး စိတ်ကြိုက်ခံနေရပြီ လေ၊ တအားအလိုမလိုက်ရဘူးရှင့်. . ကျန်းမာရေးနှင့်ယှဉ်ပြီး ချစ်ရ တယ်၊ အဲ့ဒါချုပ်သွားတာ နောက်ကိုဆင်ခြင်ပေါ့. ."

"ဟုတ်ကဲ့ပါ"

ကျွန်တော်လည်း ဘုမသိဘမသိ တရိုတသေပဲ နာခံပေး လိုက်တာပါ။ အဲ့ဒါကို. . ရှင်းသန့်က ကျွန်တော့်ကို မျက်လုံးပြူးပြီး လှမ်းကြည့်တယ်လေ။ ကျွန်တော်ဘာပွားလို့လဲဗျာ. . နော်။

အဲ့ဒီအခိုက်မှာပဲ ရှင်းသန့်က လေသံခပ်အုပ်အုပ်နဲ့. . .။

"နင်အပြင်ထွက်လေ. . ."

"အာ. . အေး. . အေးပါ၊ ဩော်. . ဆရာမ လာဆေးထိုး ပေးရင် ငါလာချေပေးရမလား"

"မလိုဘူး"

အသံနည်းနည်းမာနေလို့ အသာလစ်ထွက်ခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်ကတော့ သဘောရိုးပါ ကိုယ့်လူတို့ရယ်။ ဒါပေမယ့် တချို့ ကိစ္စတွေမှာ ရိုးနေတဲ့ကြားက ရိုင်းကုန်တာ အတော်ဖြေရှင်းရခက်တဲ့ ပြဿနာပါ။ ကျွန်တော့်အဒေါ် ဆို အပ်မြင်တာနဲ့ မျက်နှာသွေးမရှိ တော့ဘူးဗျ။ မျက်လုံးစုံမှိတ်ပြီး ကျွန်တော့်လက်ကို အသေဆုပ်ထား တာ ပြီးရင်ချေပေးရတယ်၊ ဆရာဝန်ကလည်း ချေခိုင်းတယ်လေ. . ၊ အဲ့ဒါပါပဲ. . ရှင်းသန့်ကတော့ သတ္တိခဲဗျ၊ ကျွန်တော့်ကိုမောင်းထုတ် တာသာကြည့်တော့။ အဲ့ဒီအချိန်မှာပဲ အထဲက မေးသံဖြေသံတွေက ခန်းဆီးလိုက်ကာ ဒီဘက်ကို စိမ့်ထွက်လာတယ်။

"ခုနက အမျိုးသားနော်"

"ဟင့်အင်း. . ဘာမှမတော်ဘူး"

"ဟယ် ဆောရီးပါနော် ဒီမှာအမြဲတန်းလာလာနေတဲ့ ဟို ဇနီးမောင်နှံလေးနှစ်ယောက်နဲ့ မှားလို့. . အဟင်းဟင်း"

"ရပါတယ် ဆရာမရဲ့. . အဟင့်အဟင့်"

ကျွန်တော်ကတော့ ထလာပြီး ဆိုင်ကယ်ဘေးမှာ သွားရပ် နေလိုက်တယ် အတွယ်ခံရတော့မယ် ထင်တယ်. . ငါ့နှယ်။

ဆေးခန်းက ပြန်ထွက်ရင်း သူမဘာမျှားပြောမလဲလို့ ရင် တထိတ်ထိတ်နှင့် ဆိုင်ကယ်မောင်းနေတုန်း. . ။

"ဆရာမလေးက ချစ်စရာလေးနော် သဘောလည်းကောင်း တယ်. . နင်ဘယ်တုန်းက ဒီဆေးခန်းကို သိလိုက်တာလဲ"

"ဟေ. . အဲ့ဒါ ငါ့အဒေါ်ရဲ့ လက်ဆွဲဆရာမဟ၊ ငါအဒေါ်နဲ့ လိုက်လာဘူးလို့ သိတာ"

"ဒါနဲ့. . နင်က စောစောက ဘာဟုတ်ကဲ့ပါလဲ"

"ဟမ်. . ဒါဆို ငါကဘယ်လိုဖြေရမှာလဲ၊ သူကာင်းကိုကြည့်ပြီး


www.burmeseclassic.com

www.burmeseclassic.com

ညွှန်ကြားတာလေ"

"အံမယ်. . ၊ ဟင်း. . ငါကော်ဖီပူပူလေးသောက်ချင်တယ်"

"ဟဲ့. . နင်နဲ့တည့်လို့လား"

"ရတယ် ရေခဲမဟုတ်ရင်ပြီးတာပဲ"

"ကြည့်လုပ်နော် ဆရာမ ငါ့ကိုမှာထားတယ် ကျန်းမာရေးနဲ့ ယှဉ်ပြီးချစ်. . . "

"အား!. . အား!. . သေပြီ"

ကျွန်တော့ ခါးကျောပြတ်ပြီဗျ. . ။ တကယ်လက်ဆပြင်းတဲ့ မိန်းမ. . ။




www.burmeseclassic.com

www.burmeseclassic.com





# အခန်း (ခြောက်)

“မခင်မှုန်ရေ. . .”

ကားကိုအရေးတကြီးမောင်းဝင်လာပြီး ကားထဲကထွက်ရင်း မခင်မှုန်ကို တကြော်ကြော်ခေါ်နေတဲ့ ဦးအောင်ဘော်ကြောင့် ဘေးမှာ ဖက်တွေလှမ်းနေတဲ့ အလုပ်သမတွေ ထိုင်ရထရမလို ဖြစ်ကုန်တယ်။

“ဟော့ . မခင်မှုန်ရော”

“ဆေး. . ဆေးစပ်ရုံထဲမှာပါ”



www.burmeseclassic.com

www.burmeseclassic.com



"သွားခေါ်စမ်း မြန်မြန်"

အလုပ်သမလေး ဖုတ်ဖက်ခါထသွားပြေးသွားမှ . လက်က နာရီကိုကြည့်ပြီး. . ။

"နင်တို့အချိန်ပို ဆင်းကြမလို့လား ငါးနာရီထိုးနေပြီ"

ဆိုတော့ကာ ဖက်တွေလှမ်းနေတဲ့ အလုပ်သမတွေ ပျာယာ ခတ်ပြီး. . ။

"ဟုတ်. . အခုပြန်ကြတော့မှာပါ မမလေးက ဖက်တွေ နှင်း ခံခဲ့ဆိုလို ထုတ်လှမ်းနေကြတာ"

"အေး. . အေး. . ရုံထဲမှာရော လူကျန်သေးလား"

"အလိပ်သမားတွေ အားလုံးပြန်ကုန်ကျပြီ၊ ဆေးစပ်ရုံထဲမှာ ပဲ မမလေးနဲ့ ဒေါ်ထွေးတို့ကျန်ခဲ့တာ"

"သိမ်းတော့. . သိမ်းတော့၊ မီးတွေသေချာပိတ်ပြီး မိန်းချခဲ့"

"ဟုတ်"

အဲ့ဒီအခိုက်မှာပဲ မခင်မှုန်ရောက်လာတယ်။

"မခင်မှုန်ရေ ကျုပ်တော့ ပြဿနာတက်နေပြီ"

"ဘာဖြစ်လို့လဲဟင်"

"အာ. . ပွဲရုံမန်နေဂျာက ဆေးလိပ်ပိုတွေထဲမှာ မှိုတက်ပို တွေ ရောထည့်ပြီးပို့တယ်ဆိုပြီး ကျုပ်ကို ပြဿနာလုပ်နေတာ"

"ဟယ်တော့. . ဘယ်ပွဲရုံလဲ"

"ဦးမိုးလေးပွဲရုံ"

"ဟင်. . မနက်က ကျွန်မပဲ သေချာစီစစ်ပြီးတင်ပေးလိုက် တာကို"

"အားလုံး ခြောက်ပို မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အကုန်လုံး QC ကပ်ချိတ်ပြီး ကျွန်မလက်မှတ်ထိုးပြီးသား"

"ကဲ . . လာခဏလိုက်ခဲ့စမ်း၊ ကျုပ် ဒီလူနဲ့စကားပြောရတာအဆင်ကိုမပြေဖူး . . ဒီမှာလုပ်လက်စဘာကျန်နေသေးလဲ"

"အားလုံးပြီးပြီ"

"ကဲ . . တက်"

မခင်မှုန် တစ်ချက်တော့ တုန့်ဆိုင်းဆိုင်းဖြစ်နေပြီးမှ . . .

"အစ်မရေ ရုံထဲတစ်ပတ်လှည့်ကြည့်ပြီး မီးတွေစစ်ပေးဦး မိန်းချပြီးမှပြန်"

"အေးအေး . . ညီမရေစိတ်ချ ငါတို့မစောင့်တော့ဘူးနော်"

"ဟုတ်"

အဲ့ဒီနောက်တော့ အရေးတကြီး အလျင်စလိုဖြစ်နေတဲ့ ဦးအောင်ဘော်ကို တစ်ချက်လှမ်းကြည့်ပြီး ကားထဲဝင်ထိုင်လိုက်တယ်။ အလုပ်ဆင်းချိန်လည်း ရောက်နေပြီမို့လို့ ခိုင်မြပြန်လာရင် မျှော်နေမလားလို့ အတွေးဝင်ပေမယ့်လည်း ဒီမှာက . . . ။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော် ထမင်းဝိုင်းပြင်ပြီး ခန်းဆီးထရံပေါ်က နာရီကို ကြည့်လိုက်အပြင်ကို လှမ်းမျှော်လိုက်နဲ့ အချိန်လွန်အချိန်လွဲဖြစ်လာလို့ စိတ်ထဲစနိုးစနောင့်ဖြစ်လာပြီး အိမ်ထဲကထွက်လာခဲ့တယ်။

အခေါ် ဒီလောက်မှောင်အောင် ဘယ်တုန်းကမှ နောက်မကျပေမယ့်လည်း. . အလုပ်ပြန်ဝင်ပြီးနောက်ပိုင်း ညခြောက်နာရီလောက်ထိတော့ နေတတ်ပါတယ်။ ဒီနေ့က ညရှစ်နာရီကျော်နေပြီဗျ၊ အဲ့ဒါကြောင့် အလုပ်ရုံဘက်လိုက်သွားမလို့ ပြင်ပြီးမှ ဒီဘက်ခြံကို သတိရပြီး လှမ်းကြည့်လိုက်တယ်၊ ဦးအောင်ဘော်ကိုတွေ့ရင် အချိန်ပိုများရှိနေလားလို့ မေးဖို့ပါ။

ဒါပေမယ့် ဦးအောင်ဘော်ကို မတွေ့ဘဲ ရှင်းသန့်ဇော်တစ်ယောက်တည်း ခြံထဲမှာ လမ်းလျှောက်ပြီး ဖုန်းပြောနေတဲ့အလှက် ကျွန်တော် ခဏလောက်ရပ်စောင့်နေလိုက်ပါတယ်။

သူမ နှုတ်ခမ်းလေးစူပြီး ဖုန်းပိတ်လိုက်တော့မှ. . .။


www.burmeseclassic.com

www.burmeseclassic.com



"ရှင်းသန့်"

သူမလှည့်ကြည့်ပြီး မေးဆတ်ပြတယ်. .

"အန်ကယ်ပြန်ရောက်ပြီလား"

"အခုပဲ ဖုန်းပြောနေတာ၊ အလုပ်ကိစ္စအရေးကြီးနေလို့တဲ့ လိုအပ်ရင် ဒီညမပြန်ဖြစ်ဖူးတဲ့၊ တစ်ကယ်ပဲ ဒီမှာတော့ ထမင်းစားဖို့စောင့်နေတာ အူပြတ်တော့မယ်"

"အေး. . ငါလည်း ငါ့အဒေါ်ကို ထမင်းစားဖို့စောင့်နေတာ"

"ဟင်. . ဒေါ်လေးလည်း ပြန်မရောက်သေးဘူးလား"

"ဩော်. . မရောက်လို့ အချိန်ပိုများရှိနေလားလို့ အန်ကယ်ကိုမေးမလို့"

"ရှိလို့နေမှာပေါ့၊ ငါတော့မစောင့်တော့ဘူး ဗိုက်ဆာပြီ"

"ငါလည်းမစားရသေးဘူးလေ. . ငါ့ကို ထမင်းစားမခေါ်တော့ဘူးလား. ."

"ဟဲ့. . အိမ်မှာငါတစ်ယောက်တည်း. ."

"ဒါဆို ငါ့အိမ်လာစားလေ"

"ဟာ. . မလာချင်ပါဘူး၊ ဒီလိုလုပ် ငါတို့ဟိုက မြက်ခင်းပေါ်ထိုင်စားကြမလား"

"အေး. . ကောင်းတယ်၊ ငါအဲ့ဒီဘက်ကို ဟင်းနဲ့ထမင်း ယူလာခဲ့မယ်"

ပြီးတော့. . နှစ်ယောက် ကိုယ့်အိမ်ထဲကိုယ်ဝင်ပြီး မြက်ခင်းထမင်းပွဲလေးလုပ်ဖို့ ပြင်ဆင်လိုက်ကြတယ်။

ပျော်စရာပဲ ကိုယ့်လူရေ၊ ရှင်းသန့်က မြက်ခင်းပေါ် မြက်ဖျာလေးတစ်ချပ် ထုတ်ခင်းပေးတယ်ဗျ၊ အဲ့ဒီအပေါ်မှာ. . သူ့ဟင်းခွက်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဟင်းခွက်တွေ ချခင်းပေါ့. . ။

"နင် ဘာချက်လဲ"

"ငါက မချက်ဘူးလေ ဆိုင်ကမှာစားတာ ချိုင့်တောင်မဖြုတ်ရသေးဘူး"

ပြောပြီး ရှင်းသန့်က ငါးဆင့်ချိုင့်ကို ဖြုတ်ချလိုက်တယ်။

"ဒါ ငါးခူစင်းကော ထင်တယ်. . ဟုတ်တယ်"

"ဒါက ကြက်သား"

"ဒါက သီးစုံပဲဟင်းလေ၊ ငါ့အဖေက အဲ့ဒီတစ်ခွက်တော့ ပုံသေအော်ဒါပဲ"

"ဒါက သခွားသီးနဲ့ ဘာလချောင်ကြော်"

"ဒါက အမဲနှပ်. . ငါ့အကြိုက်"

ငါးဆင့်လုံး ဟင်းတွေချည်းမို့လို့ ထမင်းချိုင့်လှမ်းကြည့်တော့ နှစ်ဆင့်ချိုင့်သေးသေးလေး. . ။

"ဟင်. . နင်တို့သားအဖက ထမင်းစားတာလား ဟင်းစားတာလား"

"ဘာစားစား နင့်အပူပါလား၊ နင်ရော ဘာချက်လဲ"

ဆိုတော့ကာ ကျွန်တော်ယူလာတဲ့ဟင်းတွေကို မိတ်ဆက်ပေးလိုက်တယ်။

"ဒါက မှန်ရောင်ဟင်းချို၊ ချဉ်ပေါင်အထူးပြုချက်တဲ့ဟင်းပေါ့"

"ဘာလဲဟ မှန်ရောင်ဟင်းချိုဆိုတာ"

"ဘာမှမပါဘဲ ခတ်ကျဲကျဲ ဒီအတိုင်းချက်ထားလို့ ငုံကြည့်ရင် ကိုယ့်မျက်နှာကိုယ်ပြန်မြင်ရတယ်လေ၊ အဲ့ဒါကြောင့်မှန်ရောင်



www.burmeseclassic.com

www.burmeseclassic.com


ဟင်းချိုလို့ပြောတာ”

“မှတ်တောင်ထားရဦးမယ်၊ ဟိုဟာကရော”

“ဒါက ဘဲဥကို ခရမ်းချဉ်သီးနဲ့ မွှေကြော်လုပ်ထားတာ. . အင်္ဂလိပ်လို Baby Faeces လို့ခေါ်တယ်၊ မြန်မာလို ကလေးအီးအီးပေါ့”

“ဘာ!. .”

“ဟုတ်တယ်လေ. . ကလေးတွေ အီးအီးပါထားတာ”

“တော်. . စားသောက်စရာကိုများ. . နင်”

“ချစ်စရာကောင်းပါတယ်ဟာ၊ ဘေဘီလေးပဲ. . ဘာဖြစ်လဲ၊ ဒီဘက်က ဘဲဥချဉ်ရည်ဟင်း၊ ဟောဒီဟင်းက မိုက်တယ်. . ဘဲဥအငန်ချက်”

“မထူးပါဘူးဟာ. . နင် ဘဲဖင်ထဲပဲ ဝင်နေလိုက်ပါတော့”

“အောင်မာ ဘယ်ဟင်းကများ ဖင်နဲ့လွတ်တာရှိလို့လဲ”

“တော်ပြီး ဗိုက်ဆာတာတောင် ဘယ်ရောက်ကုန်မှန်း မသိဘူး၊ နင်နဲ့တွေ့လိုက်ရင်လေ ငါမပြောချင်ဘူးသိလား”

ဒီစကားကို ပြုံးစစနဲ့ပြောနေတာကိုက ကျွန်တော် တစ်မျိုးတော့နားလည်လို့ရမယ်ထင်တယ်ဗျ. . နော။ ဒါနဲ့ပဲ ကျွန်တော်တို့နှစ်ယောက် ကြယ်တွေစုံတဲ့ညရဲ့ လေညှင်းလေးထဲမှာ ထမင်းလက်ဆုံစားဖြစ်ကြတယ်။

အဲ့ဒီအခိုက်မှာပဲ သူမက. . .

“ငါတို့ထမင်းစားပြီးရင် ဆိုင်ထွက်ထိုင်ကြမလား”

“အေးသွားလေ ငါအလုပ်ရုံဘက်က ပတ်ပြီးသွားချင်တယ် အဒေါ်ကို ဝင်မှာမလို့”


www.burmeseclassic.com

www.burmeseclassic.com



"အင်း. . မှာလေ"

ခဏကြာမှ သူမက. . .

"မနေ့က ဇေယျ ငါ့ကိုဖုန်းပြောတယ် သိလား"

"အင်း"

"နင်နဲ့ငါနဲ့ကို သူ မသင်္ကာဘူးတဲ့"

"အဲ့ဒီတော့. ."

"သူ့ဘာသူ ဘာထင်ထင်လေ ငါကသူ့ကိုဖြတ်လိုက်ပြီပဲဟာ"

"ဟုတ်လား ဘယ်တုန်းကလဲ"

"ဟာ. . ဟိုတစ်ခါ အင်ကြွင်းရိပ်မှာတုန်းကလေ"

"ဘုရား. . ဘုရား"

"ဘာဖြစ်တာလဲ"

"နင်ဖြတ်တာကလည်း ကြောက်စရာကြီးနော်၊ ဖြတ်တိုင်း အဲ့သလိုရိုက်ပြီး ဖြတ်တာပဲလား"

"အောင်မာ. . နင့်စကားက ငါကပဲ ရည်းစားသက်စေ့ထား နေတာ ကျနေတာပဲ၊ နင်မှတ်ထား ဇေယျက ငါ့ရဲ့ရည်းစားဦး၊ နင်က ပထမဦးဆုံး ယောကျ်ားလေးသူငယ်ချင်းပဲ ရှင်းလား၊ လူကိုများ. . ဟင်း"

"ဟုတ်လား ဂုဏ်ယူပါတယ်ဟာ၊ ငါ့ကိုယ်ငါဂုဏ်ယူတာပါ နင့်ရဲ့ပထမဦးဆုံးစာရင်းဝင် ဖြစ်လို့လေ"

"အမှန်ပြောရရင် ငါ့နင့်ကို တစ်အားမုန်းပဲ. . ကြည့်လို့ကို မရဘူး"

"ဟေ"

"လူဂွစာလိုလို၊ ကတ်တီးကတ်ဖွဲ့လိုလိုကောင်. . ဘာမှန်းကို



www.burmeseclassic.com

www.burmeseclassic.com


မသိတာ"

"အခုရော"

"မသိဘူး"

"အေး. . ငါလည်း မှန်ရာကိုဝန်ခံရရင် ငါကြည့်မရတဲ့ မိန်းမတွေထဲမှာ နင်ထိပ်ဆုံးကပဲ၊ ဂေါ်လီလိုလို. . အော်တာလိုလို ဘဝင်မြင့်ပြီး ရှုးနေသလိုလိုနဲ့ အမြင်ကတ်ပြီး ရည်းစားစကား လိုက်ပြောဖို့တောင် စိတ်ကူးမိတယ်"

"ဘုရားရေ. . နင်က"

"အေးပေါ့"

သူမ ချိုင့်တွေပြန်ထပ်စီရင်း ပုခုံးတွန့်ရယ်တယ်. . ပြီးမှ။

"ခိုင်မြရယ် တန်ရာတန်ရာလဲလုပ်စမ်းပါ၊ နင်တို့က ပိုက်ဆံကို မူးနောက်နေအောင် လိုက်ရှာရတဲ့ လူတန်းစား၊ ငါက ပိုက်ဆံတွေကို မျက်စိနောက်လွန်းလို့ ကန်ထုတ်နေတဲ့ လူတန်းစား. . ဖြစ်နိုင်လား"

"ဟားဟားဟားဟား. . . အဲ့ဒါ ဆက်စပ်မှုပဲလေ၊ နင်က ပိုက်ဆံကိုမလိုအပ်တဲ့သူ. . ငါကလိုအပ်တဲ့သူ၊ နင်နဲ့ငါ နားလည်မှုရသွားရင် နင်ရယ်ငါရယ်ပိုက်ဆံရယ် အားလုံးအထာကျပြီး အဆင်ပြေသွားရောလေ"

"လုံးဝပဲ. . ငါ့ဖေဖေက ပိုဆိုးသေး၊ ပိုက်ဆံကို အချိန်ပြည့်ရှာပြီး ပုံနေအောင်စုဆောင်းတဲ့သူ၊ နင် သူ့လိုမရှာနိုင်ဘဲနဲ့တော့. . သူ့နားကပ်ဖို့အဝေးကြီး"

"ငါက ဘာလုပ်ဖို့ သူ့နားကပ်ရမှာလဲ၊ နင့်နားပဲကပ်မှာပေါ့"

သူမ ခြေဆောင့်ထလျှောက်သွားပြီးမှ ပြန်လှည့်ကြည့်ပြီး. .


www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်သွားမယ်"

ဒီတော့မှ ကျွန်တော်လည်း ပန်းကန်တွေ ထပ်စီမ,ပြီး အိမ်ဘက်ပြန်ပြေးလာခဲ့တယ်။

၄ ၄ ၄ ၄



www.burmeseclassic.com

www.burmeseclassic.com


ပွဲရုံက ပြန်လာပြီး ပြည်လမ်းမပေါ်က ကျယ်ဝန်းတဲ့ခြံကြီး တစ်ခုထဲ ကားကိုချိုးဝင်လာလို့. . .။

"ဟင်. . ဦးလေး အခု ဘယ်ကိုသွားမှာလဲ"

"ခဏလေးပါ မခင်မှုန်. . မကြာဘူး"

အဲ့ဒီနောက် နှစ်ထပ်တိုက်ဆင်ဝင်အောက်မှာ ကားရပ်ပြီး

"ခဏဆင်းပါဦး မခင်မှုန်"

သူမစိတ်ထဲ မဆင်းချင်ပေမယ့် ဆင်းလိုက်တယ်။ အဲ့ဒီအချိန် မှာပဲ လူတစ်ယောက်ရောက်လာပြီး. . .။

"ဆရာကြီး ဘာများစီစဉ်ပေးရမလဲ ခင်ဗျာ"

"အေး. . ငါတို့အတွက် အအေးစီစဉ်ပေးကွာ ဖိုးကျော်၊ ဒါနဲ့ ခြံတံခါးက ဘာအတွက်ဖွင့်ထားတာလဲ"

"ဪ. . ဟုတ်. . စောစောက အမှိုက်သိမ်းကား ဝင်သွား လို့ ကျွန်တော်မပိတ်ရသေးတာပါ"


www.burmeseclassic.com

www.burmeseclassic.com



"အေးအေး. . ပြီးရင် ပြန်ပိတ်ကွာ ဖွင့်မထားနဲ့၊ ငါတို့အ
တွက် ညှိခန်းမှာပဲ စီစဉ်ပေး"

"ဟုတ်ကဲ့ဆရာကြီး"

ဖိုးကျော်ဆိုတဲ့လူ ထွက်သွားမှ ဦးအောင်ဘော်က. . .။

"ဒါ ဦးရဲ့ခြံပဲလေ. . တို့သားအဖ နှစ်ယောက်အတွက်တ
ဒီအိမ်နဲ့ခြံက အပိုပဲလေ၊ အဲ့ဒါကြောင့် လူစောင့်နဲ့ပဲပစ်ထားရတာ
ခုနေပြန်ရောင်းရင် ကာလတန်ဖိုး သိန်းရှစ်ထောင်လောက်တန်တယ်
ကွ၊ လာ. . မခင်မှုန် အထဲမှာ ဝင်ထိုင်ရအောင်"

ခေတ်မီပရိဘောဂတွေနဲ့ အစီစဉ်တကျ သန့်ပြန့်ခန်းနား
လှတဲ့ညှိခန်းထဲ ဝင်မိလိုက်တဲ့ သူမခြေလှမ်းတွေကို သူမဘာသာ
အထိပ်တလန့်ဖြစ်ရင်း ဦးအောင်ဘော် နေရာချပေးတဲ့ ဆိုဖာဆ
တိဝိုင်းမှာ လေးလံတဲ့စိတ်တွေနဲ့ ဝင်ထိုင်လိုက်တယ်။ အဲ့ဒီနောက်
ဦးအောင်ဘော်လည်း ဝင်ထိုင်ပြီး. . .။

"ပထမဦးဆုံး ပြောချင်တာက. . . ဦးရဲ့လုပ်ငန်းအတွ
မခင်မှုန်ကို ကျေးဇူးတင်တယ်ဆိုတဲ့စကားပါ။ မခင်မှုန်အနားယူလို
တဲ့လေးလလောက်မှာ ဦး တော်တော့်ကို ယိုင်ထွက်သွားတာ၊ အခု
အသက်ပြန်ရှူနိုင်တာလေ. . ."

"အဲ့ဒါကို ကားပေါ်မှာပြောလည်း ရပါတယ် ဦးလေး
အခုက အရမ်းနောက်ကျနေပြီမဟုတ်လား"

"အေးပါကွယ်. . ခဏဆို ပြန်ကြမှာပါ"

အဲ့ဒီအခိုက်မှာပဲ ဖိုးကျော် အအေးနှစ်ခွက် ဗန်းနဲ့
ချပေးတယ်။

"ဖိုးကျော် မင်းခြံတံခါးနားမှာ သွားစောင့်ကွာ၊ ငါ့ကာ



www.burmeseclassic.com

www.burmeseclassic.com


ထွက်မယ်"

"ဟုတ်ကဲ့ဆရာကြီး"

"ကဲ. . အအေးသောက် မခင်မှုန်၊ ပြီးရင် ပြန်ကြတာပေါ့"

မခင်မှုန် အအေးခွက်ကိုလှမ်းယူပြီး ဗိုက်လည်းဆာနေတာ နဲ့ တစ်ခွက်လုံးကုန်အောင် ဆက်တိုက်သောက်ချလိုက်ပြီး. . .။

"ပြန်ကြမယ်လေ"

ဦးအောင်ဘော် သဘောကျလွန်းလို့ ရယ်မောပြီး အအေး ခွက်လှမ်းယူလိုက်တယ်။

"မခင်မှုန်ရယ်. . အဟုတ်ဟုတ်ဟုတ်. . အေးလေ အချိန် ကလည်းမရှိတော့ စိုးရိမ်စိတ်တော့ဖြစ်မှာပေါ့၊ ဒါပေမယ့် ကျုပ်ပြော တဲ့ စကားတစ်ခွန်းကိုတော့ လေးလေးနက်နက် စဉ်းစားစေချင်တယ် ကွယ်၊ တစ်ခြားမဟုတ်ပါဘူး. . . ကျုပ် မခင်မှုန်ကို လက်ထပ်ချင် တယ်"

"ရှင်!. . ."

"စဉ်းစားပါ မခင်မှုန်၊ လက်ရှိလုပ်ငန်းတစ်ခုလုံးကို မခင်မှုန် နိုင်နိုင်နင်းနင်း ဦးစီးနိုင်တဲ့ လုပ်ငန်းမို့လို့ မခင်မှုန်စိတ်ကြိုက် လုပ်နိုင် အောင် ကျုပ်ကခွင့်ပြုမှာပါ၊ ပြီးတော့. . ဟောဒီခြံနဲ့ အိမ်ကိုလည်း မခင်မှုန်အတွက်"

"မဖြစ်နိုင်ပါဘူး ဦးအောင်ဘော်ရယ်. . ကျွန်မက ကျောနဲ့ ရင်ပဲ ရှိတဲ့သူပါ၊ ဒီလိုသာဆို ကျွန်မကို ပိုင်းလုံးမလို့ ပြောမယ့်သူ ပတ်ဝန်းကျင်ကနောက်မှ လောလောဆယ် ရှင်းသန့်က အရင်လေ ကျွန်မ ထမင်းပဲအငတ်ခံနိုင်တာပါ. . လူပြောသူပြောတော့ ခံနိုင် ရည်မရှိပါဘူး"


www.burmeseclassic.com

www.burmeseclassic.com



"လူတွေက ပြောပြီး,ပြီးသွားကြတာပါ မခင်မှုန်ရယ်၊ ကိုယ်တကယ်ဒုက္ခရောက်ရင် အဲ့ဒီလူတွေရဲ့အကူအညီ မရနိုင်ပါဘူး၊ ပြီးတော့ . . မင်းနေရာမှာ တစ်ခြားတစ်ယောက်ဆိုတာ ငါ့အတွက်ဘယ်လိုမှမဖြစ်နိုင်ဘူးကွာ၊ မင်းရဲ့ကိုယ်ကျင့်တရားကို ငါလေးစားတယ်၊ မင်းရဲ့ပညာနဲ့ ဝီရိယကို ငါသဘောကျတယ်၊ မင်းရဲ့စေတနာရှေ့သွားရှိမှုကို ငါတန်ဖိုးထားတယ်၊ အဲ့ဒါကြောင့် ဒီလိုနေရာအထိခေါ်လာပြီး လေးလေးစားစားခွင့်တောင်းတာပါ၊ တခါတည်းအပြတ်မဆုံးဖြတ်လိုက်ပါနဲ့ . . "

"အခုပြောနေတာတွေအားလုံး ဦးအောင်ဘော်အတွက်ချည်းပဲ ဖြစ်မနေဘူးလား၊ ကျွန်မဖက်ကော စဉ်းစားမိရဲ့လားဟင်"

"အများကြီးအများကြီးကို စဉ်းစားလိုက်တာ . . ကျုပ်ကိုလက်ထပ်လိုက်တာနဲ့ မခင်မှုန်ဟာ လခစားဝန်ထမ်းမဟုတ်တော့ဘူး၊ အိမ်ငှားနေရတဲ့ သူဆင်းရဲတစ်ယောက် မဟုတ်တော့ဘူး . "

"ခက်လိုက်တာရှင်၊ ရှင့်မျက်လုံးထဲမှာ ပိုက်ဆံတွေပဲ မြင်နေတာပါလား"

"ဟာ . . ဒါတော့မြင်ရမယ် မခင်မှုန်၊ ပိုက်ဆံဟာ လောကရဲ့ နံပါတ်တစ်လိုအပ်ချက်လေကွယ်"

"ကျွန်မ ရှင့်ကိုစကားနိုင်မလုတော့ပါဘူး၊ လောလောဆယ်အိမ်ပြန်မယ်"

"စဉ်းစားပေးပါ မခင်မှုန် . . ကျုပ်တောင်းဆိုပါတယ်"

"ကောင်းပြီလေ ကျွန်မစဉ်းစားပါ့မယ်၊ ကဲ . . ပြန်ကြမယ်"

"အိုခေ သွားမယ်"

ထိုင်ရာက ထအရပ် ယိုင်ခနဲဖြစ်သွားတဲ့ မခင်မှုန်ကို ဦး



www.burmeseclassic.com

www.burmeseclassic.com



အောင်ဘော် အချိန်မီထိန်းဖို့ ကြိုးစားတာပါပဲ။ ဒါပေမယ့် ကြီးမား ကျယ်ပြန့်တဲ့ ဆက်တီဝိုင်းကြောင့် ဦးအောင်ဘော်လက်လှမ်းမမီခင်မှာ မခင်မှုန် ဆက်တီခုံပေါ် အရုပ်ကြိုးပြတ် ပြန်ထိုင်ကျသွားတယ်။

အဲ့ဒီအခိုက်မှာပဲ ဖိုးကျော်ပြန်ရောက်လာပြီး. . .

"ဆရာမှာတဲ့အတိုင်းပဲ. . . ဟဲဟဲဟဲ. . အခု အဆင်ပြေပြီဆိုတော့ ကျွန်တော်သွားတော့မယ်"

"ဟာ. . ဟော့. . ဟော့. . ငါဘာမှာလို့လဲ"

"ဟင်. . ဆရာပဲ ပြီးခဲ့တဲ့လက ပြောထားတယ်လေ၊ ငါခေါ်လာတဲ့အခါ စီစဉ်ပေးကွာဆိုလို့"

"ဟကောင်ရဲ. . အဲ့ဒါ ငါမူးလို့ပြောတာကွ၊ ချီးပဲ ငါ့ကိုနည်းနည်း တိုင်ပင်ပါဦးတော့လား"

"ဟောဗျာ. . ဒါ. . ဒါဆို"

"ဒုက္ခပါပဲကွာ. . မင်းအခု အအေးထဲ ဘာတွေထည့်လိုက်တာလဲ"

"အိပ်ဆေးလေးပါပဲ ဆရာရယ်"

ဦးအောင်ဘော် သူနဖူးသူရိုက်ပြီး ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွားတယ်။

"မခင်မှုန်. . မခင်မှုန်. . ပြဿနာပဲကွာ"

"ဆရာရယ် အခုမှတော့. ."

"ဟေ့ကောင်. . သွား. . မင်းအခုထွက်သွား ချီးပဲ"



☺ အောင်မြင်စွာပေ ☺

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# အခန်း (ခုနစ်)

**ဆေး**လိပ်ခုံတစ်ခုလုံး မီးပိတ်အမှောင်ချပြီး ခြံတံခါးပ
သော့ခတ်ထားလို့ ကျွန်တော် နည်းနည်းခေါင်းကြီးသွားပြီး ဆိုင်ကယ်
နဲ့ရပ်စောင့်နေတဲ့ ရှင်းသန့်ဇော်ဆီ အရေးတကြီးပြန်လျှောက်လာ
တယ်။

"တွေ့လား. ."

"ဟာ. . ပိတ်ပြီး အမှောင်ချထားတယ်"

"ဟင်. . ဒါဆို. ."



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်အတွေးလျှင်လျှင်နဲ့ စဉ်းစားပြီး ဆိုင်ကယ်စက်နှိုးလိုက်တယ် အဲ့ဒီနောက် ဒေါ်တိုးတို့အိမ်ဘက်ဆီ ခပ်သွက်သွက်မောင်းလာခဲ့တယ်။ ရှင်းသန့်က. . .

"ဖေဖေနဲ့များ လိုက်သွားတာလား"

"ဘာကွ. . ငါ့အဒေါ်က မင်းအဖေနဲ့ ဘာလိုက်လုပ်ရမှာလဲ"

"အိုး. . ပွဲရုံကိစ္စတို့ ဘာတို့ရှိမှာပေါ့"

"ရှိဦးတော့ ဒီအချိန်အထိ သွားစရာလား"

အမှန်အတိုင်းဝန်ခံရရင် ကျွန်တော် စိုးရိမ်စိတ်နဲ့ ရင်ထဲမှာဒေါသတွေ ဟိုကဒီက တိုးထွက်လာတယ်။ ဒေါ်တိုးအိမ်ရှေ့ ရောက်တော့ ဆိုင်ကယ်ပေါ်ကမဆင်းဘဲ အိမ်ရှေ့ပေါက်ဝ ထွက်ထိုင်နေတဲ့ဒေါ်တိုးကို လှမ်းမေးလိုက်တယ်။

"ဒေါ်တိုး အလုပ်ရုံဘယ်အချိန်ပိတ်တာလဲ"

"ဟဲ့. . ငါးနာရီလောက်ကလေ"

"ဟာ. . အဒေါ်ရော"

"ဟော. . ဆရာ့ကားနဲ့ ထွက်သွားကြတာပဲ ပြန်မရောက်သေးဘူးလား"

ကျွန်တော် ဘာမှပြန်မဖြေနိုင်ဘဲ ဆိုင်ကယ်ကို ဝေါခနဲထွက်ပြစ်လိုက်လို့ ရှင်းသန့် လန့်ပြီး ကျွန်တော့်ကို ဖက်ထားတယ်။ ကျွန်တော့်မျက်လုံးထဲမှာ ဘာမှသိပ်မမြင်တော့ဘဲ လမ်းရှိတဲ့အတိုင်းမောင်းလာလို့. . .။

"ခိုင်. . ခိုင်မြဲ ခဏရပ်လိုက်ပါ"

"မရပ်ဘူးကွာ"


www.burmeseclassic.com

www.burmeseclassic.com



"နင်ဘာဖြစ်နေတာလဲ ရပ်လိုက်ဆိုနေ"

"မရပ်ဘူး"

ကျွန်တော် ခတ်ပြတ်ပြတ်ပြောပြီး ကားလမ်းမအတိုင်း ခတ်ပြင်းပြင်း မောင်းနေလိုက်တယ်။ ကျွန်တော့် ဆိုင်ကယ် အရှိန်တက်လာလေလေ ရှင်းသန့်ရဲ့ခန္ဓာကိုယ်က ကျွန်တော့်ကျောဖက်မှာ တင်းရစ်လာလေပါပဲ။

"ခိုင်မြ. . ငါ အဲ့သလောက်မြန်မြန် မစီးဖူးဘူး ငါကြောက်တယ်. . ရပ်လိုက်ပါနော်၊ ဒေါ်လေးကို ငါတို့အတူတူ ရှာကြမယ်သိလား"

ရှင်းသန့် ဆီက ဘယ်တုန်းကမှ မကြားဘူးတဲ့ စိုးရိမ်သောကသံစစ်ကြီးမို့လို့ ကျွန်တော် အံကိုတင်းတင်းကြိတ်ပြီး လမ်းဘေးချရပ်ပေးလိုက်တယ်။ ဆိုင်ကယ်ရပ်လိုက်မှ ကိုယ်ဘယ်နေရာရောက်နေတယ်ဆိုတာကို ကိုယ့်ဘာသာစဉ်းစားပြီး စိတ်ညစ်သွားတယ်။ မြို့ပြင်သချိုင်းဘေးမှာလေဗျာ၊ မှောင်မဲပြီး တိတ်ဆိတ်နေလိုက်တာများ သောက်မြင်ကတ်စရာတောင် ကောင်းသေး. . ။

ရှင်းသန့် ကားလမ်းပေါ်တက်ပြီး အတော်ကြာကြာဖုန်းဆက်စကားပြောပြီးမှ ကျွန်တော်ရှိရာ ပြန်ရောက်လာပြီး. . . ။

"ဒေါ်လေးရှိတဲ့နေရာကို ငါသိပြီခိုင်မြ၊ အဲ့ဒီကိုသွားကြရအောင်"

"ဘယ်မှာလဲ"

သူမချက်ချင်းမဖြေဘဲ စကားလုံးကို အတော်စဉ်းစားရွေးချယ်ရပုံနဲ့။

"နင်. . နင်. . စိတ်ကိုထိန်းပေးထား အခုက"

www.burmeseclassic.com



"ဘာလဲ နင့်အဖေ ခေါ်သွားတာမဟုတ်လား"

သူမ ပြန်မဖြေလို့ ကျွန်တော် တောက်ခေါက်ပြီး ကားလမ်းစောင်းပေါ်မှာ သွားထိုင်နေလိုက်တယ်။ ဘယ်လိုလုပ်ကြမလဲ ကိုယ့်လူတို့ရာ. . အဲ့ဒါကြောင့် နွားပျိုသန်လှ နွားအိုပေါင်းကျိုးလောက်ပဲရှိတယ်လို့ပြောတာ။ ငါ့နှယ်. . ပြောရတာလဲ မကောင်းပါဘူး. . ။

"ခိုင်မြ"

"ဘာလဲ"

"နင် ငါ့ကို အော်နေတာလား"

"နင် ကြားတဲ့အတိုင်းပဲ"

"ဒီမှာ နင့်လည်းနင့်အဒေါ်ဆိုပေမယ့် ငါ့လည်းငါ့အဖေပါ"

"ဘာဖြစ်လဲ. . ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ ဖြစ်တဲ့အခြေအနေအပေါ်မှာ အဆင်ပြေအောင်စီစဉ်ရုံပဲလေဟာ"

"ဟုတ်လား. . အဲ့သလိုလုပ်ရင်ရလား"

"ဟဲ့. . မရတော့. . ဘယ်လိုလုပ်မလဲ"

"ပြီးရော. ."

ကျွန်တော် သိပ်ကွေ့ဝေမနေဘဲ ရှင်းသန့်ကို ဆတ်ခနဲ ဆွဲဖက်ပြီး စိတ်ရှိလက်ရှိ နမ်းပြစ်လိုက်တယ်။ အဲ့ဒီအပြင် လှုပ်လို့မရအောင် အကြာကြီးဖက်ထား၊ အကြာကြီးနမ်းနဲ့. . အကြာကြီးကြာသွားမှ လွှတ်ပေးလိုက်တယ်။

"နင်ဘာလုပ်တာလဲ ခိုင်မြ"

"နင်သိနေတာပဲ၊ ဖြစ်တဲ့အခြေအနေအပေါ်မှာ အဆင်ပြေအောင်နေလိုက်ပေါ့ဟာ. ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . နင်ခွေးစကားပြောတာလား"

"ငါ့ အဒေါ်အတွက် နင်ပြောတဲ့စကားကကော. ."

အင့်ခနဲ တစ်ချက်ရှိုက်ငိုလိုက်တဲ့ အသံနဲ့အတူ သူမ အရှုပ်ကြိုးပြတ် ထိုင်ချလိုက်လို့ ကျွန်တော်လည်း သူမကို ကျောခိုင်းပြီး ထိုင်နေလိုက်တယ်။

ခဏကြာတော့ သူမ ကျွန်တော့်ကို နောက်ကျောကနေခုန်အုပ်ပြီး ဆံပင်တွေဆောင့်ဆွဲ ထုရိုက်ပါတော့တယ်. . .။

"အား!. . သေပြီဟ"

"သေပစေ နင့်ကိုအသေသတ်မယ်"

"အား. . ငါနမ်းရုံပဲ နမ်းတာ. . အား!. . သေပြီ"

၅. ၅. ၅. ၅.



www.burmeseclassic.com

www.burmeseclassic.com



ကုတင်ပေါ်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတဲ့ အဒေါ်ကိုကြည့်ပြီး ကျွန်တော့်ရင်ထဲ အောင့်လာသလိုလို၊ အသက်ရှူမဝချင်သလိုဖြစ်လာလို့ အခန်းတံခါးအသာပြန်စေ့ပြီး အံကြိတ်ထားမိတယ်။ ဧည့်ခန်းထဲ လှမ်းကြည့်လိုက်တော့. . ဦးအောင်ဘော်တို့ သားအဖလေ. .

"ဖေဖေ ကြိမ်ဆိုကြိမ်ပြောမယ်သမီးရာ. . လုံးဝလုံးဝ မရည်ရွယ်တာ"

"မရည်ရွယ်ဘဲ ဒီကိုဘာလို့ ရောက်လာတာလဲ၊ အဲ့ဒါဖေဖေပြောလေ"

"မဟုတ်ဘူး. . ဒီကိုရောက်လာတာ မခင်မှုန်ကို ဘယ်လိုမရိုးသားတဲ့စိတ်မှမပါဘူး"

"ဒါဆို ဒေါ်လေးဘာလို့ အခန်းထဲရောက်နေတာလဲ"

ဦးအောင်ဘော် ရှုံ့မဲ့ပြီး ခေါင်းကို တသွင်သွင်ယမ်းလို့သာ



www.burmeseclassic.com

www.burmeseclassic.com


နေတာ. . ဘာမှမပြောနိုင်ဘူး. . ။

"ဒီအရက်ကို မသောက်နဲ့လို့ သမီးပြောနေတဲ့ကြားက ဖေဖေသောက်တယ်၊ သောက်တော့ မှားတယ်လေ. . အဲ့ဒါဘယ်လို လုပ်ကြမလဲ. . ဟီး. . အီး. . ဟင့်ဟင့်. . "

"ဟာ. . ဒုက္ခပဲ သမီးရာ. . ငါ့နှယ့်"

ဦးအောင်ဘော် ဟိုဒီလှမ်းကြည့်ပြီး ကျွန်တော့်ကို မြင်တော့

"လုပ်ပါဦး မောင်ခိုင်မြရာ၊ အန်ကယ် ခုချိန်ထိ ဘာမှမမှား ဘူးကွာ ယုံပါ. . မင်းသူငယ်ချင်းကို ကြည့်ပြောပါဦးကွာ"

"အန်ကယ်မမှားဘူးဆိုတာ ကျွန်တော်ယုံတယ်"

"ဟော. . "

ဦးအောင်ဘော်ရော ရှင်းသန့်ပါ အလန့်တကြားလှမ်းကြည့် ကြတယ်။

"ဒါပေမယ့် ဘယ်သူမှားလဲ ကျွန်တော်သိချင်တယ်"

"ဟမ်. . "

"ကျွန်တော့်အဒေါ်ရဲ့ အမှားလား"

"ဟာ. . ကြံကြံဖန်ဖန်ကွာ"

"ဒါဖြင့် အန်ကယ်လား"

"ဟိုး. . နိုး. . လုံးဝမမှားဘူး"

"ပြောဘယ်သူမှားသလဲ"

ဦးအောင်ဘော် စိတ်ညစ်ပြီး ခေါင်းတွေကုတ်နေလို့ ကျွန် တော်ဝင်ထိုင်ပြီး. . သူ့အရက်ခွက်ထဲက လက်ကျန်ကို ယူမော့ပြီး. . နောက်ထပ်ပုလင်းဆွဲကာ ထပ်ငှဲ့တယ်၊ ပူလိုက်ခါးလိုက်တဲ့ အရက် ကျွန်တော့်ရင်ထဲကဒေါသကို ပေါက်ထွက်မလာအောင် ဖိလုပ်


www.burmeseclassic.com

www.burmeseclassic.com


ရာလုပ်ရင်း နောက်တစ်ခွက် ရင်ထဲရောက်ပြီး မီးတွေတောက်လာတယ်။

"အလိုမတူဘဲ ပေါင်းဖက်တဲ့ပြဿနာက အန်ကယ်နဲ့ကျွန်တော့်အဒေါ် မဟုတ်ဘဲ ကျွန်တော်နဲ့ရှင်းသန့်ဆိုရင် အန်ကယ် ဘယ်လိုဆုံးဖြတ်မလဲ၊ ရဲတိုင်ပြီး ဖမ်းခိုင်မလား၊ အဲ့ဒါဆို ကျွန်တော်လည်း ရဲတိုင်ပြီးဖမ်းခိုင်းမယ်၊ ဒါမှမဟုတ် အဆင်ပြေအောင်ပဲ ညှိနှိုင်းကြမလား၊ အဲ့ဒါဆို ကျွန်တော်လည်း အဆင်ပြေအောင်ညှိနှိုင်းမယ်"

ဆိုတော့ကာ. . . ဦးအောင်ဘော် လှုပ်လှုပ်ရှားရှားဖြစ်လာပြီး. . .

"အေး. . အေး. . အဆင်ပြေအောင် ညှိနှိုင်းလိုက်ကြတာက ပိုမကောင်းဘူးလား. . အဟေးအဟေးအဟေး. . ကိုယ့်အချင်းချင်းတွေပဲ. . နော်. . နော်"

"သေချာလား. ."

"အာ. . သေချာတယ်. . သေချာတယ်"

ကျွန်တော် ရှင်းသန့်ကိုလှည့်ကြည့်တော့ နှစ်ယောက်လားသုံးယောက်လား. . မသေမချာဖြစ်နေပြီလေ။

"ရှင်းသန့် မင်းလည်းကြားတယ်နော်"

ရှင်းသန့် တစ်ခုခုကို တွေးမိလိုက်သလို မျက်လုံးလေး လက်ခနဲဖြစ်လာလို့ သူမဘာမှမပြောခင် ကျွန်တော်က. . .

"အခု ကျွန်တော် ရှင်းသန့်ကို အလိုမတူဘဲ ပေါင်းဖက်ခဲ့တယ်၊ အခု. . အခုပဲ. . လမ်းမှာဖြစ်ခဲ့တာ မယုံရင်မေးကြည့်"

ဦးအောင်ဘော် မျက်လုံးတွေ ပေါက်ထွက်မတတ် ပြူးကျယ်လာပြီး. . ။


www.burmeseclassic.com

www.burmeseclassic.com


"မင်း . . မင်း . . ဒါဘာလုပ်တာလဲ"

"အဆင်ပြေအောင်ပဲ ညှိနှိုင်းလိုက်ပါ အန်ကယ်ရာ . . ကိုယ့်အချင်းချင်းတွေပဲ . . နော် . . နော်"

"ဟော့ကောင် . . မင်း ခွေးစကားမပြောနဲ့ တောက် . . သမီး ဒီကောင်ပြောတာ အမှန်တွေပဲလား"

ရှင်းသန့် မိုက်တယ်ဗျာ . . အေးဆေးပါ ခေါင်းညိတ်လိုက်တယ်။ မမိုက်တာက ဦးအောင်ဘော်ဗျ၊ ဆွေ့ဆွေ့ခုန်လိုက်ပြီး ဖုန်းဆက်ဖို့ ပြင်လိုက်တယ်။

"ခွေးကောင် မင်းကိုအချုပ်ထဲမထည့်ရရင် ငါမကျေနပ်ဘူးကွ"

"ရပါတယ် အန်ကယ်ရဲ့ . . အတူတူဝင်လိုက်ကြတာပေါ့"

ပြောပြီး နောက်တစ်ခွက်ထပ်ငှဲ့မယ်လုပ်တော့ ဦးအောင်ဘော် ဖုန်းပြန်ချပြီး ပုလင်းပြန်လုတယ်။ ပြီးတော့ . . ခွက်ပါလုယူပြီး ငှဲ့သောက်တယ်လေဗျာ။ အဟတ်ဟတ် . . တစ်ကယ့်လူကြီး . . . ။

အဲ့ဒီအခိုက်မှာပဲ ရှင်းသန့် ကျွန်တော်တို့ရှိတဲ့နေရာကနေ အဒေါ်ရှိတဲ့အခန်းဆီ လျှောက်ဝင်သွားပြီး အခန်းတံခါး ပြန်ပိတ်သွားတယ်။

"သွားပြီး . . ဟိုအခန်းထဲမှာ နှစ်ယောက်ဖြစ်သွားပြီ၊ ဒီမှာ နှစ်ယောက် . . ကဲ . . အန်ကယ်ဘာပြောချင်လဲ"

"မပြောဘူးကွာ"

"မပြောနဲ့ . . အန်ကယ်ပြီးရင် ကျွန်တော့်အလှည့်ပဲ"

"ဘာကွ . ."

"အရက် . . အရက်ကိုပြောတာ . . ."


www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ဘော် စိတ်ဆိုးမာန်ဆိုးနဲ့ သောက်ပစ်ပြီး . . ခွက်နဲ့ ပုလင်းကို ကျွန်တော့်ရှေ့ ဆောင့်ချပေးလိုက်တယ်။ ကျွန်တော်လည်း ဘာရမလဲ အရှိန်ရနေတော့ ဆက်မောင်းတာပေါ့ . .။

အန်ကယ်ကြီးက . . .

"ဒီမှာ စောစောက မင်းတစ်ကယ်ပြောနေတာလား . . . ယောက်ျားခြင်းကွာ . . ဖြောင့်ဖြောင့်ပြောစမ်း"

"ဟုတ်တယ် အန်ကယ်လုပ်သွားတာကို တင်းပြီး ကျွန်တော်လည်းဇွတ်လုပ်မိတာ"

"ငါ့နှယ်ကွာ . . မင်း ဒါလက်စားချေတာပေါ့ . . ဟုတ်လား"

"နိုး . . နိုး . . ကိုယ်ချင်းစာခိုင်းတာ . . အော့ . . ဂစ်"

"ဟိတ်ကောင် မင်းမူးနေပြီ"

"အန်ကယ်ရော မမူးလို့လား"

"ချီးပဲကွာ . . အကုန်ရှုပ်ကုန်ပြီ"

"မရှုပ်ပါဘူး၊ အန်ကယ်လည်း အဒေါ်ကိုယူလိုက် . . ကျွန်တော်လည်း ရှင်းသန့်ကိုယူမယ်၊ ဒါပဲလေ တစ်ဂိုးတစ်ဂိုးစီ သရေပဲ"

"ဘာ . . ငါမဂိုးသေးဘူးကွ"

"တိုင်ထိသွားတာလား၊ ပယ် . . ပယ်နတီ ပြန်ပေးရမှာလား"

"အေး . . ပေးရမယ် မင်းက သရေပွဲဖြစ်အောင်လုပ်မှတော့ ငါလည်းဝင်အောင်သွင်းရမယ်"

"အန်ကယ်နော် . . "

"ဂိုးဝင်အောင် ကန်ရမယ်ကွလို့ပြောတာ . . မင်းလျှောက်မတွေးနဲ့"

"ဟုတ်ပြီ၊ အခု . . အခုကိစ္စများနေပြီ၊ ဘယ်သူမှားလဲ . .



www.burmeseclassic.com

www.burmeseclassic.com


ပြော. . ပြော. . ပြော. . ဘယ်သူမှားလဲ"

ဦးအောင်ဘော် ထပ်ငှဲ့သောက်ပြီး သက်ပြင်းချတာလား. . ဘာလားတော့ မသိဘူး. . ဟူးခနဲ လေပူမှုတ်ပြီး. . . ။

"မှားတာတော့ ငါမှားတာပါကွာ"

"အဲ့ဒါပဲ. . ကျွန်တော်လိုချင်တာ အဲ့ဒါ. . "

"ဒါ. . ဒါပေမယ့်ကွာ"

"မပေနဲ့တော့ အန်ကယ်မှားလိုက်ပြီ. . ဘယ်လိုလုပ်မလဲ"

"ငါယူမယ်လေ"

"ယူ. . ကျွန်တော်လည်း ယူမယ်"

"ဒါပေမယ့်. . မင်းအဒေါ်က ငြင်းနေတယ်ကွ"

"အဲ့ဒါတော့ ကိုယ့်သမိုင်းပဲ. . မတတ်နိုင်ဘူး"


"ဟမ်. . "

"ရှင်းသန့်က မငြင်းဘူး"

"ဟော. . "


www.burmeseclassic.com

www.burmeseclassic.com



လူတွေ…
နေဝင်ချိန်နဲ့ နေထွက်ချိန်ကို
မှားပြီးပြောနေတာ
ဘယ်ခေတ်ကတည်းကလဲလို့ စဉ်းစားတယ်
ကမ္ဘာကြီးပေါ်နေရောင်စပြီးဝင်လာတာကို
နေထွက်တယ်ပြောပြီး…
ကမ္ဘာကြီးပေါ်ကနေ နေရောင်ထွက်သွားတာကြတော့
နေဝင်တယ်တဲ့
ဘယ်တုန်းက မှားခဲ့တာလဲ
ကိုယ့်လူရော..စဉ်းစားမိလား။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၈)

တစ်ခါတလေတော့လည်း လူ့ဘဝက. . လမ်းဘေးမှာ ရောင်းတဲ့ ပဲသုတ်လိုပဲ ကိုယ့်လူရေ၊ ယင်တလောင်းလောင်နဲ့ ဖုတ်တထောင်းထောင်းနဲ့. . အားပေးနေတဲ့သူတွေလဲ အပြည့်ပဲ။

တစ်ခါတလေကျပြန်တော့. . အဲယားကွန်းအခန်းထဲမှာ Decoration လှလှနှင့် နိုင်ငံတကာစံချိန်စံညွှန်းနဲ့အညီ ရောင်းချပေးတဲ့ စားသောက်ဆိုင်လိုပဲ၊ ဆိုင်ထဲမှာ လူကရှင်းလို့ ဆိုင်ဝန်ထမ်းတွေလည်း ငိုက်မျဉ်းလို့. . ။ ပြောချင်တာက အဆီအငေါ်ညီဖို့ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ယူတိုင်းလည်း မရသလို့ . သူ့အလိုလိုလည်းမဖြစ်နိုင်ဘူး ဆိုတာမျိုးပါ။ အဲ့ဒီတော့ ကံပေါ့ဗျာ. . .။

အကျိုးအကြောင်း ဆက်စပ်မှုလေးကတော့ ရှိတာပေါ့. . အခုလည်း ကြည့်ဦးဗျ. . ညက ရှင်းသန့် အဒေါ်နဲ့သွားအိပ်ပြီး ကျွန်တော်နဲ့ ဦးအောင်ဘော်က ဆက်တီဝိုင်းမှာပဲ မှူးမှူးနဲ့ အိပ်ပျော်ကုန်ကြတာ. .။ ကျွန်တော်နိုးလာလို့ ကြည့်လိုက်တော့ ဦးအောင်ဘော်ရဲ့ ပေါင်ကြားထဲမှာ လည်ပင်းညပ်နေလို့ မနည်းကို ဆွဲထုတ်ယူရတယ်ဗျ။ ခေါင်းတွေလဲကိုက်လိုက်တာမှ ပြတ်ထွက်ကုန်မလားပဲ. . .

"နိုးပြီလား. . ."

မော့ကြည့်လိုက်တော့ အဒေါ့်ကို မြင်လို့ ကျွန်တော်ထရပ်ပြီး. . .

"အဒေါ်. . အဒေါ်ဘာဖြစ်သေးလဲ"

"ငါ ဘာမှမဖြစ်ဘူး၊ မင်းသာ ယောကျ်ားမပီသတဲ့ကောင်"

"ဗျာ. ."

"ရှင်းသန့် ငါ့ကို အကုန်ပြောပြီးပြီ၊ ဒီမှာ ခိုင်မြဲ. . လူဟာ ဘာမှမရှိရင်တောင် ကိုယ်ကျင့်တရားတော့ ရှိဖို့ကောင်းတယ်၊ အခု မင်းလုပ်ပုံတွေ ဘာကောင်းတာရှိလဲ"

ကျွန်တော် အိပ်မောကျနေတဲ့ ဦးအောင်ဘော်ကို တစ်ချက်လှည့်ကြည့်ပြီး. . အဒေါ့်ကို အခန်းအတွင်းဘက်ဆီ ဆွဲခေါ်လာခဲ့တယ်။

"တိုးတိုးပြောပါ အဒေါ်ရာ. . ဘိုးတော်နိုးလို့ ကြားသွားရင် နောက်တစ်ကြိုးထပ်ဖြေနေရဦးမယ်"

"အပိုတွေမပြောစမ်းနဲ့၊ မင်းတော်တော်စုတ်ပဲ့တဲ့အကောင်"



www.burmeseclassic.com

www.burmeseclassic.com


"ကြိုက်သလိုသာပြောတော့ အဒေါ်ရာ၊ သေချာတာတော့ ကျွန်တော်ရှင်းသန့်ကို ချစ်တယ်၊ အမှန်အတိုင်း ဝန်ခံရရင် ငိုချင်ရက် လက်တို့ ဖြစ်ကုန်တာ၊ အဲ့ဒီတုန်းက အဲ့ဒီစိတ်မဟုတ်ရင် ကျွန်တော် လက်ဖျားနဲ့တောင် တို့မိမှာမဟုတ်ဘူး၊ ဒါပေမယ့်လည်း ကျွန်တော့် မှာလူစိတ်ရှိပါတယ်၊ ကိုယ့်တာဝန်ကိုယ်ယူရဲတယ်၊ ရှင်းသန့်လက်ခံ ရင် ကျွန်တော်လက်ထပ်မယ်. . လက်မခံဘူး တရားစွဲမယ်၊ ထောင် ချမယ်. . ရတယ် ခံမယ်ဗျာ"

"အေး. . မုဒိန်းမှုနဲ့ထောင်ကျသွားတဲ့ ကောင်တွေလည်း အဲ့သလိုစိတ်မျိုးနဲ့ပဲ အကောင်ရဲ့၊ နင်လည်း အဲ့လိုကောင်ပဲ. ."

"ဟာ. . . အဒေါ်. . အဲ့လိုမဟုတ်ပါဘူး"

"လာမခေါ်နဲ့. . နင်ငါ့တူလို့ ဘယ်တော့မှမပြောနဲ့ ခိုင်မြ"

"အဒေါ်. . အဒေါ်. . ဟာ ဒုက္ခပဲဗျာ. . အဒေါ်"

အဲ့ဒါပဲကိုယ့်လူရေ လောကမှာ အဆီအငေါ်တည့်ဖို့ဆိုတာ လွယ်လို့လား။ အခု ကိုယ့်အဒေါ်အရင်းခေါက်ခေါက်က ပြန်တွယ် နေတာသာကြည့်တော့. . ။ ကျွန်တော့်ကိုဗျာ ရက်ရက်စက်စက်. . နင်လည်းအဲ့သလိုအကောင်ပဲတဲ့. . သေရောဗျာ။

ၕ ၕ ၕ ၕ


www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ဘော်နိုးလာတော့ . . ဦးအောင်ဘော်ကားနဲ့ပဲ လေးယောက်စလုံး အိမ်ပြန်လာကြပြီး အဒေါ်နဲ့ဦးအောင်ဘော်တို့ ကတော့ ဘာမှမဖြစ်သလို ပုံမှန်အလုပ်ပြန်ကြချိန် . . ကျွန်တော်နဲ့ ရှင်းသန့်ကတော့ ကိုယ့်အိမ်ထဲကိုယ်အောင်းပြီး ငြိမ်နေကြတယ်။ ကျွန်တော်လည်း ရှင်းသန့်ကိုတွေ့ရင် ဘယ်မျက်နှာနဲ့ကြည့်ရမှန်းကို မသိတော့ဘူး ဖြစ်နေတာလေဗျာ။ နေ့လည်ခင်းလောက်ကျမှ . . ဦး လင်းခိုင်နဲ့ ဦးနိုင်ကြီးတို့ရောက်လာကြပြီး . . . ။

"ကဲ ဘယ်တော့စီစဉ်မလဲ . . ၊ ကောင်မလေးရော"

"ဗျာ! . . . ဘာကိုလဲ"

"ဟေ့ကောင် ငါတို့ကြားပြီးပြီ"

"ဘာလဲဗျ . . ."

"ဟိုဘက်က သားအဖနဲ့ ဒီဖက်ကတူဝရီး အစုံလိုက်မိုးမြေ ကြတယ်လို့ . . ရက်ကွက်ထဲသတင်းဖြစ်နေတာ မင်းအောင်ငြင်းမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ. . အခိပ္ပါယ်မရှိတာ"

"အေး. . အဲ့ဒါဆို မင်းတို့လေးယောက် ညက ဘယ်သွားအိပ်ပြီးမှ ပြန်လာကြတာလဲ၊ ကဲ. . ပြော"

ကျွန်တော် ဦးအောင်ဘော်ရဲ့ ဝင့်ရွတွေလည်ပြီလို့ပဲ တွက်လိုက်တယ်၊ အမှန်အတိုင်းပြောလည်း သေတာပဲ ဆိုတော့လေ. . ။

အဲ့ဒါကြောင့် နှစ်ယောက်စလုံးကို လက်ဘက်ရည်ဆိုင် ခေါ်ထုတ်သွားပြီး ညက ပြဿနာကို အတတ်နိုင်ဆုံး ဘေးထွက်ဆိုးကျိုး မပါအောင် သတိထားရှင်းပြလိုက်ရတယ်။

"ဟာ. . အဲ့ဒါဆို မင်းပွပြီပေါ့ကွ"

"ထောင်ကျပြီး ခဲပုတ်နဲ့ မျက်နှာမပွအောင်ပဲ ဆုတောင်း"

"ဟေ. . ဘာလဲဟ"

"သူ့အဖေကသာ အောင့်သက်သက်နဲ့ လက်ခံရင်လက်ခံမှာ ကျွန်တော့်အဒေါ်က လုံးဝသဘောမတူဘူးဗျ"

"ဟာ. . အပျိုကြီး ဘာကြောင်တာလဲ"

"မပြောတတ်ပါဘူးဗျာ၊ ပြန်လာတော့ ကားပေါ်မှာ ရှင်းသန့်ကို အဒေါ်ဘာပြောတယ်မှတ်လဲ"

"အင်း. . ဘာတဲ့လဲ"

"သမီး ညည်းမကျေနပ်ရင်. . ဒီအကောင်ကို တရားစွဲပြီး ထောင်ချလိုက်တဲ့၊ အဲ့သလိုမဟုတ်လဲ ဒီကိစ္စနဲ့တော့ လုံးဝမပေးစားနိုင်ဘူး၊ ဒီကောင့်ဘက်က တစ်ကယ်မေတ္တာရှိတဲ့ပုံမျိုး ရိုးရိုးသားသား ထပ်ပြီးကြိုးစားမှ စဉ်းစားဆုံးဖြတ်ပေးလိုက်တဲ့. . "

"ဟာ. . ဘယ်လိုကြီးလဲဟ"

"အဲ့ဒါပဲ ဦးလင်းခိုင်ရာ၊ အဲ့ဒါကြောင့် ကျွန်တော်လည်း ဘူ



www.burmeseclassic.com

www.burmeseclassic.com



ပြီး အိပ်နေတာ"

"အေးကွာ. . မင်းဟာက မင်္ဂလာစုံတွဲတွက်ဝင်တာတောင် ကြားလူဝင်လိမ်လို့ ငတ်ရတဲ့ကိန်းပါလားကွ. . ဟေ"

ဆိုတော့ကာ ဦးနိုင်ကြီးက. . .

"အခု မင်းဘာဆက်လုပ်မလဲ"

"မသိဘူးဗျာ အိမ်မှာလည်းနေချင်စိတ်တောင်မရှိတော့ဘူး"

"ဒါဆိုလည်း သွားလေ. . မင်းအဒေါ်ကို ငါတို့"

"ရပြီ. . ရပြီ. . ကျွန်တော်ဘယ်မှ မသွားဘူးစိတ်ချ"

အဲ့ဒီအခိုက်မှာပဲ ဆိုင်ရှေ့ကို ဆိုင်ကယ်တစ်စီးရပ်လိုက်လို့ ကြည့်လိုက်တော့ ရှင်းသန့် မျက်နှာအောက်သိုးသိုးလေးနဲ့ ဆိုင်ကယ်ပေါ်တက်ဖို့ အမူအရာပြလို့ ကျွန်တော်လည်း အိုးနင်းခွက်နင်းထပြေးလာတယ်။

"ဟာ. . ဟေ့ကောင် လက်ဘက်ရည်ဖိုးရှင်းခဲ့လေကွာ"

"အင်းအင်း. . ဘောမှတ်လိုက်"

ကိုယ်မောင်းရင်သာ မဆင်မခြင်နဲ့ နောက်လူကိုမတွက်တာ သူများမောင်းတာကို နောက်ကထိုင်စီးတော့ အတော်ကြောက်စရာဗျ။ ရှင်းသန့်လည်း ဘာတွေဖူပြီး အသားကုန်လွှတ်တယ်မသိဘူး. . ကျွန်တော်မှာ ဘုရားတပြီး လိုက်လာရတယ်။

သူ့ကိုလည်း သွားမဖက်ရဲတော့ ပိုဆိုးရောဗျ၊ ဆိုင်ကယ်ကလည်း ရှေ့ကလူကိုမကိုင်ရင် နောက်မြီးကွင်းကို ဆွဲရတော့. . မြန်ကလည်းမြန်လို့ ကျွန်တော့်မှာ ကော့ကလန်ကြီး ဖြစ်နေတာလေ။

"ဖြည်းဖြည်းမောင်းဟ သေကုန်တော့မှာပဲ"

"သေပစေ သေအောင်မောင်းမှာ"



www.burmeseclassic.com

www.burmeseclassic.com


အဲ့ဒီအချိန်မှာပဲ ရှေ့ကကားတစ်စီးကို မရမက လိုက်ကျော်နေလို့. . .။

"ရှင်းသန့် နင်ရှူးနေလား"

"ရှူးနေတယ်"

"ဒုက္ခပဲကွာ"

ကျွန်တော် ဘယ်လိုမှ မလုပ်တတ်တော့တဲ့အဆုံး မျက်စိစုံမှိတ်ပြီး သံဗုဒ္ဓေဂါထာကို အကျယ်ကြီးရွတ်ပြီး လိုက်လာခဲ့တယ် ကျယ်တာမှ အသံကုန်ခြစ်ပြီး ရွတ်ပစ်တာ. . .။

"သံဗုဒ္ဓေ အဌဝီသစ္စ. . . . . ."

အဲ့ဒီတော့မှပဲ သူမ စက်ရှိန်လျှော့ပြီး ဘမ်းဘေးချရပ်လိုက်တယ်။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ မနေ့ညက ကျွန်တော်တို့ ရှိနေခဲ့တဲ့ မြို့ပြင်သချိုင်းဘေးမှာ ဆိုပါတော့. . .။

"မှတ်ပလား နင်အခု ဘယ်လိုခံစားရလဲ"

"ကြောက်တယ်. ."

ကျွန်တော့်ကို ကြည့်ပြီး သူမရယ်ချင်စိတ်ကို မြိုချနေမှန်းသိတယ်။

"နင် ဒီလောက်ကြောက်တာ ဘာလို့ ငါ့ကိုမဖက်တာလဲ"

"တော်ပါပြီဟာ တစ်ခါလောက်ပြစ်မှားမိတာ ငါ့ကိုယ်ကျင့်တရားလည်း စုတ်ပြတ်ကုန်ပြီ၊ နင် အခု ဒါဘာလုပ်တာလဲ"

"နင့်ကို ဂလဲ့စားချေတာလေ"

"ကျေပြီလား"

"မကျေသေးဘူး. . တစ်ခုကျန်သေးတယ်"

"ဘာ. ."


www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်လန့်ပြီး ကားလမ်းပေါ် တက်ပြေးမယ်လုပ်တော့ သူမ ကျွန်တော့်ကိုလှမ်းဆွဲထားပြီး. .။

"ရှင်း. . ရှင်းသန့်. . နေ့. . နေ့ခင်းကြောင်တောင်ကြီး နော်. . နင်"

"ဘာဖြစ်လဲ. . နင်တို့ယောကျ်ားတွေ မိန်းကလေးတွေအပေါ် အချိန်မရွေးနိုင်ချင်တိုင်း နိုင်လို့ရတယ်ဆိုတဲ့စိတ်ကို ငါ ဒီနေ့ ရိုက်ချိုးမှာ"

"ရှင်းသန့်. . နင် နင်စိတ်မှန်သေးရဲ့လား၊ ဒီနေရာ လူပြတ်ပေမယ့် ကားတွေဆိုင်ကယ်တွေ သွားနေတာနော်"

"ဘာဖြစ်လဲ"

"အ. . အသုဘ လာပို့တာနဲ့ကြုံရင် လူတွေအများကြီးနော် နင်. ."

ကျွန်တော် ဆုတ်ကန်ဆုတ်ကန်နဲ့ပြောရင်း အုတ်ဂူဘေးနားကပ်သွားတယ်. .။ သူမ ပြုံးပြီး. . .

"ငါက နင့်လိုပုံစံတော့မလုပ်ဘူး ခိုင်မြဲရဲ့. . ဘေးသူစိမ်းတစ်ယောက်ယောက်မြင်တာနဲ့. . လာကြပါဦးရှင်. . ကယ်ကြပါဦးလို့ အော်မှာ"

ကျွန်တော် နားအုံနားရင်းတွေ ကားထွက်ကုန်ပြီး. . .။

"ဟာ ရှင်းသန့်ရာ. . ငါ ရှစ်ကြီးခိုးပါရဲ့ဟာ နင်မကျေနပ်ရင်. . တ. . တစ်ခြားနည်းလမ်းသုံးပါဟာ ငါ့နှယ်"

"ကောင်းပြီလေ အဲ့ဒါဆို ငါခိုင်းတာလုပ်ပေး"

"အေး. . အေး. . ပြော"

"ငါ့ဖေဖေ ဒေါ်လေးကို တစ်ကယ်မေတ္တာရှိနေတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com


ငါသိလိုက်တယ်”

“ဟော့ . . နင်က ဘယ်လိုသိတာလဲ”

“မနေ့ညက . . ဒေါ်လေး ငါ့ကို အကုန်ပြန်ပြောပြတယ်၊ သူသတိလစ်ချင်ယောင်ဆောင်နေတာ . . မူးနောက်နေပေမယ့် အကုန်သိတယ်တဲ့၊ တစ်ခုခုမရိုးမသားကြံရင် အသက်ချင်းလဲပစ်မယ်လို့ ဆုံးဖြတ်ထားတာ လုံးဝမကြံစည်ဘူးတဲ့၊ သမီးအဖေ စိတ်ဓါတ်ကောင်းတယ်တဲ့”

“ဟောဗျာ . . ဒါဆို . . ငါပဲ စိတ်ဓါတ်ညံ့တယ်ပေါ့”

“အေးပေါ့ . . နင်ပဲလေ”

ကျွန်တော် အုတ်ဂူကန်ဖွင့်ပြီး တစ်ခါတည်းဝင်သေပစ်ချင်စိတ်တောင်ပေါက်သွားပါတယ်။ တစ်ကယ်ပါ ကိုယ့်လူရာ စဉ်းစားကြည့်ပါဦး . . နောက်ဆုံးတော့ ကျွန်တော်လူဆိုးလေ . . ငါ့နှယ်ကွာ။

“အေးပါဟာ . . ငါလွန်တာ အားလုံးတောင်းပန်ပါတယ်၊ ဒါပေမယ့် နင်ဒုက္ခရောက်အောင် လုပ်နိုင်တဲ့ အခွင့်အရေးရှိပေမယ့် ငါမလုပ်တာ အဲ့ဒါ သတိရောအသိပါ တွဲပြီးရှိနေတဲ့ လူစိတ်ပါ၊ ဒါပေမယ့်လည်း ငါးမှားခဲ့ပါတယ်၊ အပြစ်ရှိတယ်လို့လဲ ကိုယ့်ဘာသာကိုယ်ခံယူတယ်၊ အဲ့ဒီတော့ ငါဘာလုပ်ရမလဲ . . .”

“ငါ့ဖေဖေနဲ့ ဒေါ်လေးကိုအောင်သွယ်ပေးလိုက်”

“ဟမ်! . . .”

“မလုပ်နိုင်ဘူးလား”

“လုပ်နိုင်တယ်”

“ဒါဆိုလုပ်ပေး”

“နင်နဲ့ငါနဲ့ အရင်လက်ထပ်ကြမယ်”


www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လဲ"

"အဲ့ဒါမှ နှစ်အိမ်ကနေ တစ်အိမ်တည်းဖြစ်သွားမယ်"

သူမ ချာခနဲလှည့်ပြီး အကြည့်လွှဲပြစ်လို့။

"လူမြင်ကွင်းကြီးမှာ ငါမထိမတို့ပါရစေနဲ့ရှင်းသန့် . . ငါ့ကို အဖြေပေးပါ"

"အောင်မာ . . "

"နင်ငါ့ကို ချစ်တယ်လို့သာပြော အဒေါ်နဲ့အန်ကယ် အဆင်ပြေစေရမယ် ငါတာဝန်ယူတယ်"

"ဘာမှမဆိုင်ဘူး"

"ရှင်းသန့်"

ကျွန်တော်အနားကပ်သွားတယ်ဆိုရင်ပဲ သူမ လှစ်ခနဲထွက်ပြေးပြီး ဆိုင်ကယ်ပေါ် ခွထိုင်လိုက်တယ်။

"ဟာ . . နေ . . နေဦးလေ"

"ကစ်ကစ် . . ကစ် . . ဝရော . . ဝေါ . . ဝေါ"

"ရှင်းသန့် . . ရှင်းသန့် . . ဟော့ . . ဟာ"





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (ကိုး)

ကျွန်တော့်အထင်တော့ နှစ်ပတ်လောက်ကြာသွားမယ် ထင်တယ်။ တစ်နေ့. . နေ့လည်ခင်း. . ကျွန်တော် အိမ်ရှေ့ခန်းမှာ ပျင်းပျင်းနဲ့အိပ်နေတုန်း ရှင်းသန့်ဇော် အသည်းအသန်ပြေးတက်လာပြီး. . . ။

"ဟဲ့. . ထစမ်း"

"ဟာ. . ဟာ. . ဟော့ဟာ. . ရှင်းသန့် ဘာလုပ်တာလဲ"

"ထစမ်းပါဆို"



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော် ထထိုင်ပြီး. . .

"ဘာတုန်းဟ"

"ဒီမှာ အဖေဖုန်းနဲ့ လှမ်းမှာတယ်၊ အိမ်မှာလူနှစ်ဆယ်စာ လောက် မုန့်နဲ့လက်ဘက်ရည်နဲ့ ပြင်ထားတဲ့၊ ဒီညဒေါ်လေးနဲ့ နား ဖောက်ဖို့ရှိတယ်တဲ့"

"အေးလေ. . ဘာဖြစ်လို့လဲ"

"ဟဲ့. . ဘာဖြစ်ရမလဲ ငါမယုံလို့ပေါ့ဟဲ့"

"ယုံလိုက် ငါဘယ်လိုမှ ညှိလို့မရလို့ အဲ့သလိုစီစဉ်ပေးလိုက် တာ"

"ဘာ. . နင်က ဘာသွားညှိလို့လဲ"

"အန်ကယ်သမီးနဲ့ အရင်ပေးစားပါလို့ ပြောတာကို မရဘူး လေ. ."

"အောင်မာ"

"နောက်ဆုံးတော့ ငါ့အဒေါ်ပဲ ငါ့ပြန်နားချယူရတယ်"

"ဒေါ်လေးက လက်ခံတယ်တဲ့လား"

"လက်မခံလို့ရမလား. . အရပ်ထဲမှာပြောကုန်ကြပြီ အဒေါ် မယူရင် ဒီမှာမနေဘဲ ထွက်သွားဖို့ပဲ ရှိတယ်လို့ပြောတော့၊ မနေနဲ့တဲ့ ပြောင်းကြမယ်တဲ့. . ."

"အဲ့ဒီတော့"

"အဲ့ဒါဆို ဒီရပ်ကွက်မှာ အဒေါ့်အကြောင်း ပြောလို့ဆုံးမှာ မဟုတ်ဘူး. . ယူလိုက်တာကမှ တော်သေးတယ်၊ ဦးအောင်ဘော် က စိတ်ခါတ်ကောင်းတဲ့သူပါ အဒေါ်ရာ ဘာညာဆိုတော့မှ ပူညူညူ နဲ့လက်ခံတယ်၊ ဒါတောင် ဟိုနေ့တွေ ဒီနေ့တွေလုပ်နေလို့ မရတော့



www.burmeseclassic.com

www.burmeseclassic.com


ဘူး ရပ်ကွက်လူကြီးတွေကို ဖိတ်ပြီးသွားပြီဆိုပြီး ပြောလိုက်ရတယ်"

"အဆင်ပြေလား. ."

"ငါ့ကို နှစ်ချက်လောက်ဖြင်းပြီးမှ အလုပ်ရှုံသွားတာ"

"အဟီးဟီးဟီး ကောင်းလိုက်တာ. . ပျော်လိုက်တာ"

"အေးပါ ပျော်နေ. . ဒီညလူကြီးတွေနဲ့ နားဖောက်တဲ့အစီအစဉ်က ငါတို့အတွဲပါပါတယ်"

"ဘာ. ."

"ဟုတ်တယ်လေ. . ရပ်ကွက်ထဲ သတင်းဖြစ်နေတာ ငါတို့ တူဝရီးနဲ့ နင်တို့သားအဖ ခိုးပြေးပါတယ် ဖြစ်နေတာ. . ဒီလိုမစီစဉ်လို့ ဘယ်လိုလုပ်မလဲ"

"ဟာ. . နင်ဟာ ဒုက္ခပဲ"

ကျွန်တော် သူမကို အသာအယာပဲ ဆွဲပွေ့ပြီး။

"တူဝရီးသားအဖတွေ. . ဘယ်လောက်ပျော်စရာ ကောင်းလိုက်သလဲ ရှင်းသန့်ရာ. . နော်"

"သွားဟာ. . မသိဘူး"

ဒါပေမယ့် ကျွန်တော်ဖက်ထားတာ မရုန်းဘူးကိုယ့်လူရေ။

၅၅၅၅



www.burmeseclassic.com

www.burmeseclassic.com


သဘာဝတရားကြီးက လူတွေကို နှစ်သိမ့်ဖွေးထွေးမှုပေးတဲ့နေရာမှာ မာသာထရီဇာလောက်နီးနီးကို တော်ပါတယ်။ ဝမ်းသာရွှင်မြူးတဲ့သူတွေအတွက်. . ပျော်စရာကောင်းတဲ့ ကစားကွင်းတွေ၊ ကြည့်ချင်တဲ့ပွဲတွေ၊ စားသောက်ဆိုင်တွေ. . သူ့ရင်ဘတ်ပေါ်မှာ တည်ဆောက်ခွင့်ပေးထားသလိုပါပဲ၊ ဝမ်းနည်းနေတဲ့သူတွေအတွက် အလွမ်းနောက်ခံအားကောင်းတဲ့ မြင်ကွင်းတွေ၊ အရိပ်ပင်ကြီးတွေ၊ တောင်ကုန်းတွေ၊ ကွင်းပြင်ကျယ်ကြီးတွေ တစ်ထောကြီး. .။

သင်ဘာများအလိုရှိပါသလဲ. . .။

သတ္တလောကရဲ့ သဘာဝမတ္တတရားမှာ အကုန်ရှိပါတယ်။ စိတ်ကူးယဉ်ချင်သလား၊ စစ်တိုက်ချင်သလား၊ အားလုံးသူ့အကန့်နဲ့သူ ဖန်တီးလုပ်ဆောင်ခွင့် ရှိနေတာပါ။ အဲ့ဒါနဲ့များတောင် ကျွန်တော့် အတွက်ကျတော့ သဘာဝမကျတဲ့အလွဲတွေနဲ့လားဗျာ. . . ကိုယ့်လူ


www.burmeseclassic.com

www.burmeseclassic.com



ပဲ စဉ်းစားကြည့်ပါဦးတော့။

ဦးအောင်ဘော်နဲ့ကျွန်တော် ပထမ(၄၅)မိနစ် ကျွန်တော်က ဦးဆောင်ဂိုးသွင်းထားလို့ တစ်ဂိုးအသာနဲ့ကစား. . အဲ. . အဲ. . ဘောလုံးစကားနဲ့ပဲ ပြောပရစေတော့၊ တစ်ဂိုးသာတယ်ပေါ့ဗျာ. . ဝမ်းဇီးပေါ့၊ ဒုတိယပိုင်းမှာ ဦးအောင်ဘော် ပြန်မသွင်းနိုင်လို့ ကျွန်တော်ပဲ ကိုယ့်ဂိုးကိုယ်သွင်းပြီး သရေလုပ်ပေးထားတာ. . ပြီးလိုက်ပါတော့လား. .။ အဲ့ဒါကို. . ကံတရားက မကောင်းတာပြောပါတယ် အချိန်ပိုဆက်ကန်ရမယ်ဆိုတော့. . .။

ပြဿနာက ကိုယ့်လူသိတဲ့အတိုင်း အားလုံး အချုပ်ဇယားတွေနဲ့ ချိပ်ပြီးသား. .။ ပထမ ဦးအောင်ဘော်နဲ့ညှိတော့ အဒေါ်နဲ့ အဆင်ပြေအောင် ဂျိုင်းပေးမယ်၊ ကျွန်တော်နဲ့ရှင်းသန့်ကို ပေးစားလိုက်ဆိုတော့. . . ဦးအောင်ဘော်က မရဘူး. . ငါနဲ့ မင်းအဒေါ်နဲ့ အရင်စီစဉ်ပေးလို့ဆိုတယ်။

ဒါနဲ့ ကျွန်တော်တတ်နိုင်သလောက် တော်ကီပွားကြည့်ပါသေးတယ်၊ မရဘူး. . ကိုယ့်လူရေ၊ နဂိုကမှ ဝမ်းဇီးနဲ့ရင်ခံနေတာ တူးဇီးတော့ အဖြစ်မခံဘူး. . အသေခံပြီး ကန်မယ်ဆိုတာနဲ့. . ကျွန်တော်စိတ်လျှော့ပြီး ကိုယ့်ဂိုးကိုယ်ပြန်သွင်းလိုက်ရတယ်။ အရှက်အကြောက်ကြီးပြီး ပတ်ဝန်းကျင်ကို အလေးထားတတ်တာပဲ. . အခွင့်ကောင်းယူပြီး ချုပ်ရတော့တာပေါ့၊ အဆင်ပြေပါတယ်. .။

မပြေတာက ကျွန်တော့်ကိစ္စလေ. .၊ ရှင်းသန့်နဲ့ပါ တစ်ခါတည်းနားဖောက်ဖို့ကို ဦးအောင်ဘော်က သဘောတူပြီး ဒေါ်လေးတာလုံးဝကန့်ကွက်တယ်တဲ့ဗျာ. .။

ကိုင်း. .။ ကျွန်တော်လည်း လွယ်လွယ်နဲ့ အလျှော့မပေး



www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့ကောင်ဆိုတော့ . . ညပိုင်း လူကြီးစုံရာနဲ့ နားဖောက်ဖို့ကိစ္စ ရှင်းသန့်နဲ့အတူ အိမ်မှာပဲပြင်ဆင်ရင်း ရှင်းသန့်ကိုညှိတယ်။

"ရှင်းသန့် . . ."

"ဟင် . . ."

"ငါ စောစောက အလုပ်ရုံကိုသွားပြီး ဒေါ်လေးကိုပူဆာတာ မရဘူးရှင်းသန့်ရာ . ."

"ရမလား . ။ နင် မဖြစ်နိုင်တာကို သွားပူဆာတာကြီးဟာ"

"ဟ . . ဘာလို့ မဖြစ်နိုင်ရမှာလဲ၊ နင်နဲ့ငါနဲ့ အိုခေ၊ ဦးလေး နဲ့လည်း အိုခေ၊ အဲ့ဒါကို ငါ့အဒေါ်ကမအိုကေတာဆိုတာ ဘာကြီး လဲ . . ."

"အဲ့ဒါကြီးလေ . . အဲ့ဒါကြီး . ."

ရှင်းသန့်က ကျွန်တော့်နှာခေါင်းကို လက်ညှိုးနဲ့ထိုးထိုးပြီး . .

"သရမ်းချင်ဦးလေ . ."

"တော်ပါပြီဟာ . . နောက်ဆို ငါ့နှာခေါင်းကို စည်းကမ်းရှိရှိ နမ်းတတ်အောင် ဆုံးမထားပါ့မယ်၊ နင် တစ်ခုလောက်ကူညီပါလား"

"ဘာကိုလဲ . ."

"အဒေါ့်ကိုနင်ပြောလေ . . နင်ပြောရင်ရမှာ . ."

"ထင်သေးတာကိုး . . အဲ့ဒီနေ့ညကတည်းက ဒေါ်လေးက ငါ့ကို အပြီးမှာထားတာ၊ နင့်ကို မှတ်လောက်သားလောက်အောင် ပညာပေးတဲ့အနေနဲ့ အဖြေလာတောင်းရင် တစ်နှစ်လောက်အချိန် ဆွဲထားလိုက်တဲ့ . ."

"ဘာ . ."

"သနားလို့ အလျှော့ပေးတာဟာ . . မိန်းမစေ့စပ်တာပဲ



www.burmeseclassic.com

www.burmeseclassic.com



တဲ့. ."

"ဟမ်. ."

"စည်းကမ်းမရှိတဲ့ကောင်ကို စည်းကမ်းမရှိသလိုပဲ ပြတ်ပြတ်သားသား ဆုံးမလွှတ်ရမယ်တဲ့. ."၊ ကဲ. . နင်ဘာပြောချင်လဲ၊ အမှန်အတိုင်းပြောရရင် ဒေါ်လေးကို ငါ ချစ်လည်းချစ်တယ်၊ လေးလည်းလေးစားတယ်၊ အခုငါ့အဖေနဲ့ ပတ်သက်သွားတော့. . ငါ့အမေဖြစ်တော့မှာမို့. . ကြောက်လည်းကြောက်တယ်၊ ငါနင့်ကို အခုလိုအခွင့်အရေးပေးတာမျိုး ဒေါ်လေးသာသိရင် ငါမလွယ်ဘူးဟ၊ မဖြစ်နိုင်ဘူး. . ."

ကျွန်တော် ထိုင်နားထောင်ရင်း ပြန်ပြောစရာလည်း စကားမရှိလို့. . ညအတွက်စီစဉ်ဖို့လုပ်နေတဲ့ မုန့်တွေကို တစ်ခုပြီးတစ်ခုပါးစပ်ထဲ ထိုးထည့်နေလိုက်တယ်။

အဲ့ဒီအချိန်မှာပဲ ဒေါ်လေးနဲ့အတူ အလုပ်ရှုံက ဒေါ်တိုးနဲ့မိန်းကလေးနှစ်ယောက်ပါ ရောက်လာပြီး. . .

"ဟဲ့. . ခိုင်မြ. ."

"ဗျာ. . ဒေါ်လေး. ."

"နင်. . အဲ့ဒါ ဘာလုပ်တာလဲ. ."

"မုန့်စားတာလေ. ."

ဒေါ်လေး ဘေးဘီကို တစ်ချက်ဝေ့ကြည့်ပြီးမှ. . လေသံခတ်အုပ်အုပ် ခတ်တင်းတင်းနဲ့. . .

"မင်းအခု ဘာလုပ်မှာလဲ၊ ဒီအိမ်အစုတ်လေးက မင်းအဒေါ်ကို လူကြီးစုံရာနဲ့ လာတောင်းကြတော့မှာ၊ မင်းဘာမှမပြင်ဆင်ပေးဘူးလား၊ ဒီအတိုင်းပဲ ဧည့်ခံမှာလား"



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ . . ကျွန်တော်လည်း ကြိမ်တို့ခံရတဲ့ နပြာကြီးတစ်ကောင်လို ထောင်ထောင်,ထောင်ထောင် ဖြစ်သွားပြီး နှာမှုတ်သံတရှူးရှူးနဲ့ ပြေးဆင်းလာခဲ့တယ်။

ၜ ၜ ၜ ၜ



www.burmeseclassic.com

www.burmeseclassic.com


ထုံးစံအတိုင်း ဦးလင်းခိုင်နဲ့ ဦးနိုင်ကြီးကို လိုက်ရှာပြီး အကူအညီတောင်းရတယ်။ ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင်မှာလေ. .

"လွယ်ပါတယ်ခိုင်မြရာ အိမ်ပေါ်မှာ နေရာအခက်အခဲရှိပေမယ့် ခြံထဲမှာ မြေအခင်းအပြန့်ကောင်းတာပဲ၊ မြို့မအသင်းသွားပြီး ဦးမိုးဇက်ဆီက ခုံနဲ့စားပွဲနဲ့ငှားပြီး အောက်မှာခင်းကွာ၊ မြေကြီးကို ရေဖျန်းပြီး အမှိုက်လှဲထား. . ကျန်တဲ့ကိစ္စ ငါတို့စီစဉ်မယ်၊ မင်္ဂလာ အချိန်က ဘယ်အချိန်လည်း. . ."

"ည(၇)နာရီလောက်. ."

"ဖြစ်တယ်. . အခုမှ(၃)နာရီပဲရှိသေးတယ်၊ လင်းခိုင် မင်းက ကုလားလေးတို့ဆီသွားပြီး ရောင်စုံမီးဆိုင်းတွေနဲ့ ပန်းလိပ်တွေငှားလာခဲ့၊ ငါ ဦးမိုးဇက်ဆီသွားမယ်"

"အေး. . အေး. ."


www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ပြောပြီးတာနဲ့ ထလစ်ကြတော့ ကျွန်တော်လည်း အိမ်ကိုပြန်လာခဲ့တော့တယ်။

အိမ်ပြန်ရောက်တယ်ဆိုရင်ပဲ ကျွန်တော့်ဒါရိုက်တာကြီးနှစ်ယောက် ညွှန်ကြားတဲ့အတိုင်း အိမ်ရှေ့မျက်နှာစာတစ်ခုလုံး ရေဖျန်း၊ ပြီးတော့ . အမှိုက်တစ်စမှမကျန်အောင် အပြောင်လှဲပစ်လိုက်တယ်။

အပင်ရိပ်ကြီးတွေကလည်းကောင်း၊ မြေကွက်လပ်ကလည်းအပြန့်အပြူးညီပြီး ကျယ်ကျယ်လွှင့်လွှင့်ရှိတော့ကာ စုတ်ချာနေတဲ့အိမ်ကလေးတောင် ဘာမှမချယ်မသဘဲလှနေတဲ့ တောသူမလေးလိုဖြစ်သွားတယ်ဗျ။

ဒေါ်လေးနဲ့သူ့အဖွဲ့တွေက အိမ်ကလေးထဲမှာ သူတို့အစီအစဉ်နဲ့သူတို့ အလုပ်တွေရှုပ်ပြီး တက်လိုက်ဆင်းလိုက် ပြေးလိုက်လွှားလိုက်နဲ့ဗျို့ . ။ ကျွန်တော်လည်း ကျွန်တော့်ဘာသာပေါ့။

ခဏကြာတော့ ဦးလင်းနိုင်ရယ် ပီနံအိတ်နဲ့ထုပ်ထားတဲ့ အထုတ်ကြီးနှစ်ထုပ်တင်ပြီး ဆိုက်ကားနဲ့ရောက်လာတယ်ဗျ၊ မကြာဘူးဦးနိုင်ကြီးလည်း ဂွန်းဒေါင်းလေးတစ်စီးနဲ့ ခေါက်စားပွဲတွေ ထိုင်ခုံတွေအတွဲလိုက် အထပ်လိုက်တင်ပြီး ရောက်လာတယ်။ လမ်းထဲကချာတိတ်နှစ်ယောက်ပါ ချောဆွဲလာလို့ ကျွန်တော်တို့အဖွဲ့ အတော်မြိုင်မြိုင်ကြီး ဖြစ်သွားပါတယ်။

ခုံတွေစားပွဲတွေ ခင်းတဲ့သူကခင်း၊ ဦးလင်းနိုင်နဲ့ ကျွန်တော်က ဝါးလုံးတိုင်တွေစိုက်၊ ပန်းလိပ်တွေဆင်၊ မီးကြိုးတွေဆွဲ၊ ရောင်စုံမီးတန်းလေးတွေကို မဏ္ဍပ်အမိုးပုံစံမျိုး အတန်းလိုက်ကလေးတွေဆွဲနဲ့ ညနေမှောင်စပြုတော့ အတော့်ကိုလှပတဲ့ ညှေ့ခံပွဲအခင်းအကျင်း



www.burmeseclassic.com

www.burmeseclassic.com



လေး ဖြစ်သွားတယ်။

"ငါတောင် မင်္ဂလာထပ်ဆောင်ချင်စိတ် ပေါက်သွားတယ်ကွ အဟက်. . ဟက်. ."

"တော်ပါကွာ. . ဆောင်ပြီးသား ပါးစပ်ပေါက်တွေပဲ ပြည့်အောင်ထည့်စမ်းပါဦး"

"စကားအဖြစ်ပြောတာကွ. . ချီးမှုပဲ. ."

အဲ့ဒီအခိုက်မှာပဲ. . အိမ်ရှေ့ကို ကားတစ်စီးထိုးရပ်လာလို့ ကြည့်လိုက်တော့ ဦးအောင်ဘော်ဗျ၊ ကားထဲကထွက်ပြီး ခြံထဲဝင်လာဖို့ ခြေလှမ်းတွေတုန့်ပြီး ပါးစပ်အဟောင်းသားနဲ့ဖြစ်နေလို့ ကျွန်တော် ရောက်သွားပြီး. .

"ဘယ့်နှယ့်လဲဦးလေး. . အဆင်ပြေတယ်မဟုတ်လား"

ဦးအောင်ဘော် အိုးတိုးအတနဲ့. . .

"ဟော. . အင်း. . အဲ. . အဟေးဟေး. . ဒီ. . ဒီလိုကြီး စီစဉ်လိုက်တာလား. ."

"ဟုတ်တယ်လေ. . . အိမ်ကျဉ်းကျဉ်းလေးထဲ လူတွေစုပြုံ တက်ထိုင်ရင် ကြမ်းကျိုးကျလို့ ခက်ကုန်မှာပေါ့ ဦးလေးရ"

ဦးအောင်ဘော် မချင့်မရဲမျက်နှာနဲ့. . .

"ဟုတ်တာတော့ ဟုတ်ပါတယ်. . . ဒါက မင်္ဂလာဆောင် အခမ်းအနားပုံစံ ဖြစ်နေတာလေ၊ အခုဟာက. . အရပ်လူကြီးတွေ လောက်နဲ့ပဲ နားဖောက်တောင်းရမ်းရုံဆိုတော့. . ."

"ဩော်. . အဲ့ဒါလည်း ဒီမှာပဲ ကျယ်ကျယ်လွင့်လွင့် စီစဉ် လိုက်ပေါ့ ဦးလေးရာ. ."

"ဖိတ်ထားတာအားလုံးမှ လူနှစ်ဆယ်လောက်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . အဲ့ဒါက နှစ်ရာလောက်ဖိတ်ချင်လည်း ရတာပဲ၊ အခု ထွက်ဖိတ်လိုက်ရုံပဲ"

အဲ့ဒီအချိန်မှာ အဒေါ်ရောက်လာတယ်. . .

"ပြီးပြီလား. . မင်းအစီအစဉ်. ."

"ဟုတ်. . ပြီးပြီလေအဒေါ်၊ ဘယ့်နှယ့်. . အဆင်ပြေတယ် မဟုတ်လား"

"ပြေတယ်လေ. . အိမ်ပေါ်မှာ နားဖောက်တောင်းရမ်းပြီး အောက်ဆင်းမင်္ဂလာဆောင်ရုံအဆင့်ပဲဆိုတော့ နင့်ကို. . ဟောသ လို. . ဟောသလို. ."

"အား!. . အား!. ."

"ဟာ. . မခင်မှုန်ရေ. . မလုပ်ပါနဲ့ဟ"

"ဟင်း. . ကြည့်နေလို့ သဘောကျတယ်ထင်နေတာ၊ ပြော မိရင် လက်ပါမှာစိုးလို့ မင်း ဒီလောက်ကလေးမှ မတွေးတတ် မစဉ်း စားတတ်ဘူးလား"

"ကျွန်. . ကျွန်တော်လည်း အကောင်းဆုံးဖြစ်အောင်. ."

"ဘာ. . အကောင်းဆုံး. ."

"အား!. ."

"တော်ပါတော့ မခင်မှုန်ရာ၊ သူလည်း ဒီလိုအတွေ့အကြုံ မရှိတော့ သူဉာဏ်မီသလောက် လုပ်တာနေမှာ၊ ကိုင်း. . ကိုင်း. . လက်စနဲ့ တို့အလုပ်ရုံက အလုပ်သမတွေအားလုံး. . ဖိတ်ကွာ၊ နား ဖောက်မင်္ဂလာ အထိမ်းအမှတ်နဲ့ ရေခဲမုန့်ကျွေးမယ်ကွာ၊ သြော်. . ဟိုမှာ မတိုးလည်းရှိနေတယ်၊ မတိုးရေ. ."

"ရှင်. . . လာပါပြီ. ."



www.burmeseclassic.com


www.burmeseclassic.com


အဲ့ဒီနောက်ပိုင်း ဘာအစီအစဉ်တွေ ဘယ်လိုဖြစ်ကုန်သလဲ တော့ မသိတော့ဘူးဗျာ. .၊ ခြံထဲမှာလည်း ဦးလင်းခိုင်တို့ မရှိကြ တော့လို့ ကျွန်တော်လည်း အခေါ့်ကို ပေစောင်းပေစောင်းနဲ့ တစ် ချက်ကြည့်ပြီး. . ထွက်လာခဲ့တယ်။ ပြောရရင် အဲ့ဒီညက ဦးလင်းခိုင် တို့အိမ်မှာပဲ သွားအိပ်ပစ်လိုက်တယ်။




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com 



# အခန်း (တစ်ဆယ်)

ပွဲလင်းတဲ့အထိ ခိုင်မြလည်းပြန်ရောက်မလာ. . ။ ခြံထဲ
ပန်းလိပ်တွေ၊ ခုံတွေ၊ စားပွဲတွေလည်း ဒီအတိုင်း. . ။ ညတုန်း
တော့ ဦးအောင်ဘော်အစီအစဉ်နဲ့ပဲ လူကြီးစုံရာနဲ့ နားဖောက်ပွဲလေ
ကို စုံစုံလုံလုံ ပျော်ပျော်ရွှင်ရွှင်နဲ့ပဲ ပြီးရတော့ကာ. . မခင်မှုန် ရင်တေ
အခုန်သား. . ။

ခိုင်မြလုပ်ပေးတဲ့ အခင်းအကျင်းနဲ့ အလုပ်ရှိတာကိုလုံး
အလုပ်သမတွေနဲ့ အရပ်လူကြီးတွေပါ ညှော်ခံပွဲလေးလိုဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



စားကြသောက်ကြ၊ ပျော်ကြပါးကြနဲ့ တော်တော်နဲ့တောင်မပြန်ကြဘဲ ည(၁၂)နာရီလောက်မှ သိမ်းလိုက်ကြတာလေ။

ဒီကြားထဲ ဦးအောင်ဘော်က အထိမ်းအမှတ်ကဲစမ်းမဲတွေပါ ထည့်ဖောက်ပေးနေတော့ အော်ကြပျော်ကြနဲ့ အုံးအုံးကျွတ်ကျွတ်ကို ဖြစ်သွားတာ။ အဲ့ဒီတစ်ချိန်လုံး ခိုင်မြကိုမတွေ့ရတော့ မခင်မှုန်စိတ်ထဲတစ်မျိုးကြီး. . .

ဒီကလေး ဘယ်ထွက်သွားပါလိမ့်၊ မနေ့ညနေက ငါရိုက်လိုက် ဆူလိုက်လို့များလား။ အင်းလေ. . သူ့ခမျာလည်း သူသိတဲ့ ဗဟုသုတနဲ့ လုပ်ပေးရှာတာပါပဲ၊ အဆီအငေါ်မတည့်ဘူးဆိုပေတဲ့ သူစိစဉ်ထားလို့ ဒီလောက်စည်စည်ဝေဝေဖြစ်ရတာ. . ။

"ဒေါ်လေးရေ. . ."

"ဩော်. . ရှင်းသန့်၊ လာလေ. . အပေါ်တက်"

မခင်မှုန် ငူငူငေးငေးကြီး ထိုင်တွေးနေရာကနေ ရှင်းသန့်ရောက်လာလို့ ကဗျာကသီ ဖျာဆွဲယူပြီး ခင်းပေးတယ်။

"ဒေါ်လေး. . ခိုင်မြရောဟင် ညကလည်းမတွေ့ဘူး"

"ဟုတ်တယ်. . ဒေါ်လေးဆူလိုက်လို့များ စိတ်ဆိုးသွားလားမသိဘူး၊ ညကပြန်မအိပ်ဘူးသမီးရဲ့"

"ဟင်. . တစ်ခါမှ သူအဲ့လိုမသွားဖူးပါဘူး"

"အင်း. . အခုကဲ သူဖြစ်ချင်တာလည်းမဖြစ်ရ၊ ဒေါ်လေးကလည်း. . ."

"ဒါဆို. . သမီးလိုက်ရှာလိုက်ဦးမယ်"

"ဟင့်အင်း. . မသွားနဲ့သမီး၊ ကိုယ်က မိန်းကလေးပဲ နေပစေ. . သူ့ဘာသာပြန်လာလိမ့်မယ်၊ သမီးလိုက်ရှာရင် သမီးကို အခွင့်



www.burmeseclassic.com

www.burmeseclassic.com


အရေးယူနေဦးမယ်"

"ရပါတယ် ဒေါ်လေးရဲ့၊ ခိုင်မြက အဲ့သလောက်မဆိုးပါဘူး၊ ဆိုးတာက သမီးလေ. . အဟင်းဟင်း. .၊ ဩော်. . ဖေဖေကပြောတယ် ဒေါ်လေးတို့တူဝရီးကို ဒီအိမ်မှာမထားတော့ဘူးတဲ့. . "

"ဟောတော့. . "

"ဒီလိုလေ. . ဒေါ်လေးက သူ့ဇနီးလောင်း ဖြစ်သွားတော့ ဒီအိမ်လေးနဲ့ မတင့်တယ်ဘူးတဲ့၊ အဲ့ဒါကြောင့် ပြည်လမ်းပေါ်က အိမ်ကြီးဆီကို ရွှေ့ခိုင်းမယ်တဲ့၊ အလုပ်ဆင်းအလုပ်တက်ဖို့. . ကား တစ်စီးစီစဉ်ပေးမယ်တဲ့. . "

"ဟာ. . အဲ့သလောက်ကြီးမလိုပါဘူး သမီးရယ်"

"လိုတယ်ဒေါ်လေးရဲ့ သမီးလည်း ဒေါ်လေးကို ဒီမှာနေတာ မကြည့်ရက်ဘူး၊ ကဲ. . သမီးသွားလိုက်ဦးမယ်"

မခင်မှုန် မပြောပြတတ်တဲ့ ခံစားမှုတစ်မျိုးနဲ့ အီတီအာတာ ကြီး ဖြစ်ကျန်ခဲ့ရတယ်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



"ဦးမြ . . မင်း အိမ်မပြန်တော့ဘူးလား"

"ဘာဖြစ်လို့လဲ . . ၊ အခုလည်း ဦးလင်းခိုင် ကျွေးနေရတာမှ မဟုတ်တာ"

"အာ . . လဖွတ်ကောင်၊ မင်းကို အလုပ်ထဲမှာပဲအိပ်၊ အလုပ်ထဲမှာပဲစားနေလို့ . . . မင်းအဒေါ် စိတ်ပူမှာစိုးလို့ ပြောနေတာ"

"မပူပါဘူး . . အဒေါ်အတွက်လည်း ဦးအောင်ဘော် အနားမှာရှိနေတော့ ကျွန်တော်ပူစရာမလိုတော့ဘူး"

"မနက်က အိမ်ကိုလာမေးနေတယ်ကွ၊ တင်တင်ထွေးက တော့ . . မသိဘူး လင်းခိုင်ကိုမေးကြည့်လို့ ပြောလိုက်တယ်တဲ့ကွ"

ကျွန်တော်ဘာမှပြန်မပြောဘဲ ငြမ်းချည်ဖို့ အုန်းဆံကြိုးထုံးကို ငုံ့ဖြည်နေလို့ . . . ကြိုးထုံးကိုဆွဲယူပြီး . . .

"သွား . . သွား . . မင်းအိမ်ပြန်လိုက်ဦး၊ နောက်နေ့မှလာ ဆင်းတော့ . ."

"ဟာဗျာ . . ကျွန်တော့်ဘာသာ မပြန်ချင်လို့မပြန်တာပေါ့ဗျ၊



www.burmeseclassic.com

www.burmeseclassic.com



ပေး. . ခဏနေရင် ဦးနိုင်ကြီးပြန်လာတော့မယ်"

ဦးလင်းခိုင်မပေးဘဲ အုန်းဆန်ကြိုးအထုံးကို ဖင်ခုထိုင်ပြီး. .

"မဟုတ်သေးဘူးခိုင်မြဲရ. . ၊ မင်းဟာက အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်နေပြီ၊ မင်းအခုလိုလုပ်နေတာက ဘာရည်ရွယ်ချက်လဲ. . ဘယ်လိုကြောင့်လဲ၊ ငါလည်းဟိုရက်တွေက မေးမယ်မေးမယ်နဲ့ အလုပ်တွေရှုပ်နေလို့ မမေးဖြစ်တာ. ."

"ဘာရည်ရွယ်ချက်မှမရှိဘူး၊ ဘာကြောင့်မှလည်းမဟုတ်ဘူး၊ ကျွန်တော့်စိတ်ထဲမှာလည်း ဘာကိုဖိလင်တက်လို့ တက်နေမှန်းကိုမသိဘူး၊ ကျွန်တော် အလုပ်တစ်ခုအပေါ်မှာ အာရုံစိုက်မနေရင်လေသွားလိမ့်မယ်၊ အဲ့ဒါကြောင့် အလုပ်ထဲမှာပဲ လူရောစိတ်ပါနှစ်ထားတာ"

ဦးလင်းခိုင် ခေါင်းကုတ်ပြီး ပင့်သက်ချရင်း. . .

"အေးလေ. . ငါလည်း အဲ့ဒါတော့ မဖြေရှင်းတတ်ဘူး၊ တစ်ခုတော့ပြောချင်တယ်ကွာ. . ၊ အခု မင်းအဒေါ် မင်းတို့အိမ်လေးမှာ မနေတော့ဘူးကွ"

"ဟမ်!. ."

ကျွန်တော် နည်းနည်းတော့ ထူထူပူပူဖြစ်သွားပြီး. . အိမ်ပျောက်နေတဲ့စိတ်တွေ အိမ်ဖက်လှစ်ခနဲ ပြန်ရောက်သွားတယ်။

ဒေါ်လေးဘာတွေလုပ်နေလဲ၊ ဦးအောင်ဘော်ကရော လက်မထပ်ရသေးဘဲနဲ့ ဘာတွေလုပ်နေတာလဲ. . ။

ကျွန်တော် ဝုန်းခနဲထရပ်ပြီး ခြေလှမ်းကျဲကြီးနဲ့ ထွက်သွားလို့ ဦးလင်းခိုင်လည်း မျက်လုံးပြူးကြီးတွေနဲ့ကြည့်ပြီး ကျန်ခဲ့တယ်။

၆ ၆ ၆ ၆



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်ဘေးကနေ ဆိုင်ကယ်တစ်စီး ဖျောခနဲ ကျော်တက်သွားပြီးမှ အရှိန်လျှော့ တစ်ပတ်ပြန်လည်လာပြီး ကျွန်တော့်ရှေ့မှာ ပိတ်ရပ်လိုက်တယ်။ ရှင်းသန့်လေ၊ ခုလိုမြင်လိုက်ရတော့လည်း လွမ်းနင့်နေတဲ့စိတ်တွေ မြူနေရာက ကန်ထွက်လာတယ်။ ဒါပေမယ့်လည်း ကျွန်တော် သိက္ခာရှိရှိပဲ ကြည့်နေလိုက်တယ်။

"နင် ဘာလုပ်တာလဲ၊ ဒေါ်လေးစိတ်ပူလို့ သေတော့မယ်၊ ဒီနေ့မှ စုံစမ်းလို့မရရင် လူပျောက်တိုင်မလို့တဲ့"

"ဒေါ်လေးဘယ်မှာလဲ"

"အလုပ်ရုံမှာပေါ့"

"ငါမေးတာ. . အခု ဘယ်မှာနေနေလဲ"

"အဟင်းဟင်း. . နင် ဟိုအိမ်ကိုရောက်သွားတယ်ပေါ့၊ အခုငါနဲ့ဒေါ်လေးက ပြည်လမ်းကအိမ်ကြီးမှာ နေကြတာလေ၊ ဒီအိမ်မှာတော့ ဖေဖေတစ်ယောက်တည်းပေါ့. . ."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်စိတ်ထဲလုံးပြီး ကျစ်နေတဲ့ ပူပန်မှုတစ်ချို့ အနည်းငယ် လျော့ရဲရဲဖြစ်သွားတယ်။

"နင်ကဘယ်လိုဖြစ်ပြီး ဒေါ်လေးနဲ့သွားနေတာလဲ"

"ဟဲ့ . . ဒေါ်လေးတစ်ယောက်တည်း သွားထားလို့ဖြစ်မလား နင်ရှိနေရင် ငါသွားနေပေးစရာလား . ."

ဒီလိုတော့လည်း မဆိုးဘူးပဲလို့ တွေးပေမယ့် ညစ်ကပ်စိတ်ကရှိနေတော့. . .

"အဲ့ဒါဆိုလည်း . . ဟိုအိမ်လေးမှာပဲ နေပေါ့ဟ၊ တရားဝင်လက်ထပ်သေးတာလဲ မဟုတ်ဘဲနဲ့ သူများအိမ်သွားနေတယ်လို့ ကောင်းမလား . ."

"အောင်မာ . . အရင်နေတဲ့အိမ်ကရော ဘယ်သူ့အိမ်မို့လို့လဲ . .၊ ကြီးကျယ်လိုက်တာ"

ကျွန်တော်မချင့်မရဲပြုံးတော့ ရှင်းသန့် သူစကားသူ သတိထားမိပြီး ကျွန်တော့ကို လေသံဖျော့ဖျော့လေးနဲ့. . .

"ကဲပါဟာ . . ဘယ်လိုပဲဖြစ်ဖြစ် ဒေါ်လေးက ဖေဖေရဲ့ဇနီးလောင်းဖြစ်နေပြီဆိုတော့ ဖေဖေက ဒီလိုပုံစံမျိုးမထားချင်ဘူးတဲ့လေ၊ အဲ့ဒါကြောင့် ဒေါ်လေးနဲ့နင့်ကို ပြည်လမ်းကအိမ်မှာ နေဖို့စီစဉ်တာပါ။ နင်မရှိတော့ ငါပဲ ဒေါ်လေးကိုအဖော်လုပ်ရတာပေါ့၊ ကဲ. . လာ. . ဒေါ်လေးဆီ သွားကြမယ်. ."

"မသွားဘူး. . အိမ်ကိုသွားမယ်"

"ဟင်. . ဘယ်အိမ်ကိုလဲ"

"ဒေါ်လေးနေတဲ့အိမ်လေ. ."

"အောင်မာ. . အဲ့ဒီမှာ မိန်းကလေးတွေနေတာ ငါလာလို့ရ



www.burmeseclassic.com

www.burmeseclassic.com



မလား၊ နင်မပြောနဲ့ ဖေဖေတောင် ခြံထဲဝင်ခွင့်မရှိဘူး. . သိရဲ့လား"

"ဟမ်. . ဒါဆို ငါကဘယ်သွားနေရမှာလဲ"

"မသိဘူး. . ဒေါ်လေးကိုမေးကြည့်"

"မမေးဘူး၊ ငါလည်း ဦးလေးဦးအောင်ဘော်နဲ့ သွားနေမယ်"

"ဘာ. ."

"ဟုတ်တယ်လေ. . ဒေါ်လေးက သူ့ဇနီးလောင်းဆိုရင်. . ငါလည်း သူ့သမက်လောင်းပဲ"

"အံမယ်. . အံမယ် ဘယ်သူက သူ့ကိုအဖြေပေးထားလို့လဲ"

"မင်းပဲလေ. ."

"လုံးဝပဲ. . ဒေါ်လေးကမှာထားတယ်၊ စည်းကမ်းမရှိတဲ့ ကောင် တစ်နှစ်လောက်ပညာပေးလိုက်တဲ့"

ကျွန်တော်အောင့်သက်သက်နဲ့ ပြန်ပြောစရာစကားလည်း မရှိလို့ ဦးအောင်ဘော်တို့အိမ်ဖက် ဆက်လျှောက်လာခဲ့တယ်။

"ဟဲ့. . နင်ဘယ်လဲ. ."

"ငါ့ယောက္ခမအိမ်. ."

"တောက်!. . နင်. . နော်. ."

"လိုက်မလာနဲ့နော်. . ယောကျ်ားတွေချည်းနေတဲ့အိမ်ကွ ခြံထဲလုံးဝဝင်မလာနဲ့. ."

ကျွန်တော်ထင်တယ်လေ ရှင်းသန့် ခုန်ဆွခုန်ဆွဖြစ်ကျန်ခဲ့မယ်ဆိုတာ. . ။



အောင်မြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com 



# အခန်း (ဆယ့်တစ်)

တစ်ခါတလေတော့လည်း ကျွန်တော်စဉ်းစားပါတယ်. . ကျွန်တော်ဟာ သာမာန်ထက်အနည်းငယ် သွပ်ချောင်ချောင် ဖြစ်ချင်နေတဲ့သူလား. . ၊ ဒါမှမဟုတ်. . စိတ်ဒဏ်ရာရနေတဲ့သူလို ဖြစ်နေသလား. . ၊ တစ်ခုခုပေါ့. . . ။ ဖြစ်နိုင်ရင်တော့ ဘာမှကို မစဉ်းစားချင်တာပါ။ စဉ်းစားရင်. . ဘဝမှာ ဘာတစ်ခုမှကောင်းတာမရှိခဲ့လို့ စိတ်ညစ်ပြီး သေသွားနိုင်လို့ပါ။

အဲတော့. . ပျော်ပျော်နေသေခဲ၊ စိတ်ထဲရှိရင်ရှိသလို လုပ်



www.burmeseclassic.com

www.burmeseclassic.com



ချလိုက်တဲ့ဘဝကို ပက်လက်မျှော၊ မှောက်ခုံမျှောရင်းနေလာတာ. . ခုထိတော့ အသက်ရှင်နေသေးတယ်။ ပတ်ဝန်းကျင်အတွက်တော့ အမှိုက်သာသာပဲဗျ၊ ကိုယ့်လူလည်း ခုလောက်ဖတ်ပြီးမှ ခိုင်မြဆိုတဲ့ကောင် ဗာလချောင်ကောင်လို့ တွေးချင်တွေးမှာပဲ၊ တွေးပါ. . ကျွန်တော်စိတ်မဆိုးပါဘူး။ လူတိုင်း ကိုယ့်ဘဝနဲ့ကိုယ် နေပျော်အောင်နေခွင့် ရှိနေတာပဲ၊ ကိုယ်ဟာ ကိုယ့်အတွက် ဘယ်လောက်အသုံးကျခဲ့သလဲ၊ ကိုယ့်ပတ်ဝန်းကျင်အတွက် ဘယ်လောက်တန်ဖိုးဖြစ်စေခဲ့သလဲ၊ သေချာတာတော့. . ကိုယ့်အတွက်ကိုယ် ဘာမှအသုံးမကျရင်တောင် ကိုယ့်ပတ်ဝန်းကျင်အတွက် အသုံးကျသင့်တယ်လို့ ထင်တယ်ဗျ. . ၊ ကိုယ့်လူရော ဘယ်လိုမြင်လဲ. . ။

ကျွန်တော့အတွက်ကျွန်တော် ပြောရရင်. . ကျွန်တော်ကအလကား အမှိုက်သက်သက်ပဲ၊ ဒါပေမယ့် ဒါကျွန်တော့်ဘဝဖြစ်ခဲ့တော့ ကျေနပ်တယ်၊ ဘာလို့လဲသိလား. . အမှိုက်ဆိုတာ အချိန်မရွေး လှဲထုတ်ပစ်၊ မီးရှို့ပစ်လိုက်လို့ရတဲ့အရာပဲ၊ ပတ်ဝန်းကျင်ကိုဆိုးဆိုးရွားရွား ဒုက္ခမပေးဘူး၊ အဆိပ်အတောက်မဖြစ်ဘူး၊ စိတ်အနှောက်အယှက်တော့ နည်းနည်းဖြစ်တာပေါ့ဗျာ၊ ဒါတော့သည်းခံပါ။ မခိုးမဝှက်၊ မလိမ်မကောက်၊ မသောက်မစား၊ ဥပဒေကိုလေးစားတဲ့ အမှိုက်ဆိုတော့. . သိပ်ပြဿနာမရှိဘူးလေ၊ အဲ့ဒါ. . အဲ့ဒါ။

အဲ. . . ကျွန်တော့်ယောက္ခမလောင်းကြီးအတွက်တော့ ဘယ်လိုနေမယ်မသိဘူးဗျ. . . ။

"ခိုင်မြ. ."

လေသာဆောင်စားပွဲမှာ ခုံတစ်လုံးဆွဲထိုင်ပြီး ဟိုဘက်ခြံထဲက ကျွန်တော်နေတဲ့ အိမ်အနီးစားလေးကို ငုံ့ငါးကြည့်ရင်း. . တွေးမိ



www.burmeseclassic.com

www.burmeseclassic.com



တွေးရာ တွေးနေတုန်း ဦးအောင်ဘော် ဖန်ခွက်တစ်လုံးကိုင်ပြီး စီးကရက် ပါးစောင်ခဲရင်း ရောက်လာတယ်။ ကျွန်တော်လည်း ဒီလောက်တော့ လူမှုရေးအောက်သက်ကျေပါတယ်၊ ကဗျာကသီထပြီး . . ဦးအောင်ဘော်ထိုင်ဖို့ ခုံတစ်လုံးသွားယူလာပေးလိုက်တယ်။ ဦးအောင်ဘော်က ကျွန်တော်ခင်းပေးတဲ့ခုံမှာ ချက်ချင်းမထိုင်သေးဘဲ လက်ထဲကရမ်ကို ဟန်မပျက်စုပ်သောက်ပြီး ဖန်ခွက်ကိုစားပွဲပေါ် လှမ်းတင်ပြီးမှ ဝင်ထိုင်တယ်။ အဲ့ဒီနောက် စီးကရက်ကို တစ်ရှိုက်ဖွာလောက်ဖွာပြီး. . .

"ထိုင်လေကွာ. ."

ဒါပဲလေ. ။ အဲ့သလောက်တော့ ပါးနပ်ဖို့လိုတာမို့လို့. . ကျွန်တော်က အခုမှအမိန့်ရလို့ ထိုင်သလိုမျိုး ဝင်ထိုင်လိုက်တယ်။

"မင်း ခုလိုစီစဉ်တာ ကောင်းတယ်ကွာ. . ကြိုက်တယ်"

"ဗျာ. ."

"ဩော်. . မင်းဟိုမှာသွားမနေဘဲ ဒီမှာ ငါနဲ့လာနေတာကို ပြောတာပါ၊ ရှင်းသန့်လည်း မခင်မှုန်ကို တော်တော်ချစ်ပုံပဲကွ. . ဟဲဟဲဟဲ. ."

"ကျွန်တော်က ဦးလေးကို မချစ်တာ ခက်တယ်. ."

"ဟေ. ."

"ဩော်. . ဒီလိုလေ. . ရှင်းသန့်က ဒေါ်လေးကိုချစ်တော့ အိပ်ယာတစ်ခုတည်းမှာ အတူတူအိပ်ကြတယ်. .၊ ကျွန်တော်က ဦးလေးကို မချစ်တော့ ဦးလေးကုတင်မှာ လာမအိပ်ဘူးလေ. ."

"အောင်မာ. . ချစ်လည်း ငါကလက်မခံဘူးကွ၊ အဲ့ဒီအဆင့်တော့ တက်မလာနဲ့. ."



www.burmeseclassic.com

www.burmeseclassic.com


"ဟောဗျာ. . ဦးလေးက ဘယ်အဆင့်ရောက်နေလို့လဲ. ."

"ဘယ်အဆင့်ရောက်ရောက်. . မင်းနှယ့်. . မင်းနဲ့အတူ အိပ်ရအောင် အစီပွါယ်မှမရှိတာ"

"စိတ်ချပါဦးလေးရာ. . ကျွန်တော်ကလည်းမအိပ်ပါဘူး မိုးလင်းမှ ထိုင်ကန်တော့ပြီး တောင်းပန်ရမယ့်အလုပ် ကျွန်တော်မလုပ်ဘူး"

"ဘာကွ!. ."

"ဟုတ်တယ်. . ကျွန်တော်က အိပ်ရင် အဖက်အခွ အရမ်းသန်တာ"

"တော်ပြီဟေ့ကောင်. . စကားအကောင်းပြော. ."

"ဟုတ်ကဲ့. ."

အဲ့ဒီနောက် ပြောစရာစကား မရှိသလို တိတ်ဆိတ်သွားပြီးမှ ဦးအောင်ဘော်က. . .

"မင်း အမှန်အတိုင်းဖြေကွာ. ."

"ဟုတ်ကဲ့. ."

"မင်း. . ငါ့သမီးကို တကယ်မေတ္တာရှိလို့ လက်ထပ်ချင်တာလား၊ အဲ့ဒါ. . ငါ့စိတ်ထဲမသေချာဘူးကွာ ခိုင်မြဲ. ."

"သေချာအောင် ဘာလုပ်ပြရမလဲ. ."

"ဟမ်!. ."

ဦးအောင်ဘော်မျက်နှာကြီး နီလာလို့. . .

"ဦးလေးမေးပုံကြီးက မဟုတ်ဘူးလေ၊ အဲ့ဒီကိစ္စ သေချာတဲ့ သက်သေရှိနိုင်မလား၊ ရှိရင်လည်း ရှုးတာပဲ၊ အစီပွါယ်မှမရှိတာ"

"မင်းစကားတတ်တိုင်း လျှောက်မပြောနဲ့ဟေ့ကောင်၊ ငါမေး


www.burmeseclassic.com

www.burmeseclassic.com


မယ် လူကိုမက်တာလား‥ ပိုက်ဆံကိုမက်တာလား‥"

"နှစ်ခုစလုံးပဲ"

"ဩော်‥ ဒီလိုလား‥"

"အမှန်ပဲဦးလေး‥၊ ကျွန်တော်က တစ်သက်လုံးဆင်းရဲခဲ့တာ‥ တစ်ခါလောက်တော့ ချမ်းသာကြည့်ချင်တယ်၊ ရှင်းသန့်ကိုစတွေ့ကတည်းက ကြည့်လို့မရအောင် ဘာမှုန်းမှန်းမသိ မုန်းခဲ့တာ၊ တစ်ခါလောက်တော့ ချစ်ကြည့်ချင်တယ်၊ ဒါပေမယ့် အဲ့ဒီဆန္ဒနှစ်ခုစလုံးက တစ်ကယ်ပြည့်ရင် ဘယ်တော့မှမမေ့နိုင်တော့တဲ့ ဘဝပဲလို့ယုံကြည်တယ်၊ ဘာကြောင့်လည်းသိလား‥

အခု ဒီအိမ်ကြီးပေါ်မှာ ခဏလေးနေလိုက်ရတာ အတော်သက်တောင့်သက်သာရှိတယ်၊ ရှင်းသန့်နဲ့ ဟိုရက်တွေက ခဏလေးခွဲနေလိုက်ရတာ လူကိုရူးချင်နှမ်းချင်ချင်တောင် ဖြစ်လာတယ်‥၊ ဦးလေးသာယုံကြည်မှုရှိရင် အဲ့ဒီ ဆန္ဒနှစ်ခုစလုံးကို တစ်သက်လုံးမကုန်အောင် စည်းကမ်းရှိရှိ သုံးစွဲပါမယ်လို့ ကတိပေးတယ်ဗျာ‥"

"ဟားဟားဟားဟား‥‥ ခွေးကောင်၊ အဲ့ဒါကြောင့်‥ မင်းအဒေါ် မင်းကိုသမတာ၊ ဒီစကားမျိုး မင်းပထွေးကို မျက်နှာကြည့်ပြီးပြောရဲတာ အံ့ပါရဲ့‥"

"ပထွေးမဟုတ်ပါဘူးဗျာ‥၊ ဦးလေးနဲ့ကျွန်တော်က အဒေါ်နဲ့ပတ်သက်ပြီး တူဝရီးပါ၊ ရှင်းသန့်နဲ့ ပတ်သက်ရင်တော့ သားအဖပေါ့‥"

ဦးအောင်ဘော် ဖန်ခွက်ထဲကလက်ကျန်ကို ငွပ်ခနဲမော့ ချပြီး ဖန်ခွက်ကို ငွပ်ခနဲဆောင့်ချလိုက်ပြီးမှ ကျွန်တော့်ကိုကြည့်တယ်၊ ကျွန်တော်လည်းပြန်ကြည့်ပါတယ်‥ ဘာများပြောမလဲပေါ့။


www.burmeseclassic.com

www.burmeseclassic.com


"အေးပါ . . ဟုတ်ပါတယ်၊ မင်းလည်းငါ့လိုကောင်မျိုးပဲဆိုတာ ငါလက်ခံပါပြီ"

"ဗျာ . ."

"အမှန်တော့ . . ."

ဦးအောင်ဘော် စကားဖြတ်ပြီး စီးကရက်အသစ်တစ်လိပ်မီးထပ်ညှိတယ် . .။ ပြီးမှ . . .

"အမှန်တော့ . . . ငါလည်းငမွဲပါပဲ၊ ရှင်းသန့်အမေနဲ့ညားမှ လူလူသူသူဖြစ်လာတဲ့ကောင်ပါ၊ ဒါကြောင့် မင်းကိုနားလည်ပေးတာ၊ မင်းနဲ့ငါ မတူတာတစ်ချက်က ငါ့ယောက္ခမတွေအပေါ်မှာ ငါက မင်းလောက်မပွင့်လင်းခဲ့ဘူးကွ၊ သူ့ဒွေးယောက္ခမတွေကို ဘာကြောက်လို့ကြောက်မှန်းကို မသိခဲ့တာ . . မင်းနဲ့တော့ကွာတယ်၊ မင်းက ငါ့လည်းသောက်ဂရုမစိုက်တဲ့အပေါက်နဲ့ . . မီးပေါင်ကမြင့်ချင်သေး . . ငါ့နှယ်"

BURMESE CLASSIC

"ဒါ . . ရိုးသားတာလေ ဦးလေးရဲ့၊ တူနှစ်ကိုယ်တဲ့အိုပျက်မှာနေရနေရ . . ချစ်တာချစ်တာပခါန . . အစီပွါယ်မှမရှိတာ၊ ဘယ်လောက်မှမချစ်နိုင်ဘူး စိတ်ချ . .၊ အချစ်ဆိုတာ ထမင်းဝလေ ပိုချစ်လေပဲ၊ ဒါအမှန်တရားပဲ . . ."

"ကောင်းပြီလေ ထားပါတော့ . . ငါနဲ့မခင်မှုန်ကိုစ္စ ရှေ့လထဲမှာစီစဉ်မယ်၊ မင်းဆန္ဒကရော . ."

"မနက်ဖြန်ဆို ပိုကြိုက်တယ်၊ မြန်လေကောင်းလေပဲ"

"ဟားဟားဟားဟား . . မင်းကို အဲ့ဒါသဘောကျတာ . . ဟားဟားဟားဟား . . ."

"ဟုတ်တယ် . . ဦးလေးလည်း အသက်ကြီးပြီဆိုတော့ . ."

"ဘာကွ . ."


www.burmeseclassic.com

www.burmeseclassic.com



"ဆေးပေးမီးယူ ပြုစုမယ့်သူရှိမှ ဖြစ်မယ်လေ ဦးလေးရဲ့. ."

ဦးအောင်ဘော် ကျောချမ်းသွားပြီးမှ ကျောနွေးသွားပုံရပြီး

"မင်းတို့ကိစ္စကရော. ."

"မြန်လေကောင်းလေပဲ"

ဦးအောင်ဘော် သက်ပြင်းရှည်ကြီးချတယ်။ ကိုယ့်လူရေ. . လူဟာ အဲ့ဒါပဲဗျ. . ကိုယ်ရရင်ပြုံးပြုံးပဲ၊ ကိုယ်ပြန်ပေးရရင်တော့. . သိတဲ့အတိုင်း. . .။

"အေး. . အဲ့ဒါ ငါ့သမီးဆန္ဒပဲ. .၊ မင်းတို့ချင်းညှိကြ. ."

"ဦးလေး နည်းနည်းထပ်ယူဦးမလား. ."

BURMESE CLASSIC

"တော်ပြီ. . တော်ပြီ. . ငါ့ဒီညမူးလို့မဖြစ်ဘူး"

ကျွန်တော်မရယ်မိအောင် အတော်မျက်နှာပိုးသပ်ရတယ် ကိုယ့်လူရေ. .။ သူလည်းပါးပါးလေး. . အဟုတ်ဟုတ်။ ဒါပေမယ့် ကျွန်တော် စကားအဖြစ်ပြောတာပါ၊ လူစည်းကမ်းနဲ့ပတ်သက်လာရင် အဒေါ်က သံမဏိမယ်ဆိုတော့ ကျွန်တော်လည်း သံကွပ်နီးနီး လောက် ရှိတာပါ။ အဒေါ်တူလေ. .။ အခုတောင် တစ်နှစ်လောက် ပညာပေးလိုက်တဲ့၊ အရင်းခေါက်ခေါက်ကြီးကို. . ရက်ရက်စက်စက်ဗျာ. . နောက်ထပ်သာ အမှားလုပ်မိလို့ကတော့. . တစ်သက်စာ ခိုင်သွားမယ်. . သား. . သား. . ကြောက်. . ကြောက်. . .။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



လူမှာကံတရားဆိုတာ ရှိတယ်ဗျ. . ကိုယ့်လူရေ။ ကံဆိုတာ အလုပ်ပါ၊ ကိုယ်လုပ်ခဲ့တဲ့အလုပ်ရဲ့ ကောင်းမှု,မကောင်းမှုပေါ့. . ၊ အဲ့ဒါရဲ့ကျေးဇူးပြုမှုက ကံကောင်းတယ်၊ မကောင်းဘူးပေါ့။ သေချာတာကတော့ အတိတ်ကံဗျ၊ ကျွန်တော်အရင်ဘဝက ကောင်းတာလေးတွေ ရှိခဲ့ပုံပါ။

ဖြစ်ချင်တော့. . အဒေါ်ကို ဘယ်သူက ဆေးထိုးတယ်မသိဘူး၊ အိမ်ထောင်မပြုခင် ဗေဒင်အရင်မေးရတယ်ပြောလို့. . အဒေါ်နဲ့ရှင်းသန့်တို့ ဗေဒင်သွားမေးကြတယ်။ ရန်ကုန်က စံပြ(၂)လမ်းထဲက ဆရာလင်းအောင်စည်မှာ မေးသတဲ့. . ။

ပြန်လာတော့ အဒေါ်က မျက်နှာတည်တည်ကြီးနဲ့၊ ရှင်းသန့်ကတော့ ရှက်သလိုလိုဘာလိုလိုပေါ့။ အဲ. . ထူးထူးခြားခြား ဗေဒင်မေးပြီးပြန်လာတော့. . ပြည်လမ်းကအိမ်ကိုမဝင်ဘဲ. . ဒီဘက်အိမ်ကို တန်းတန်းကြီးလာတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ ကျွန်တော်လည်း မိန်းကလေးမဝင်နဲ့ဆိုပြီး ခြံဝကနေ မောင်းထုတ်မလို့ပါ။ ရှင်းသန့်ကိုမြင်တော့ လွှမ်းမက်နေတဲ့စိတ်က မနေနိုင်ဘူးဗျ။ မသိချင်ယောင်ဆောင်ပြီး ဧည့်ခန်းထဲမှာ စာဖတ်နေတုန်း အဒေါ်တို့ရောက်လာတယ်။ ဦးအောင်ဘော်ကလည်း ဒီနေ့အလုပ်ရုံပိတ်ရက်မို့လို့ အိမ်မှာရှိနေတုန်း တွေ့ကြရောဗျာ။

အဲ. . အဲ့. . ဗေဒင်သွားမေးတာ ဦးအောင်ဘော်လည်း သိပုံရတယ်။ အဒေါ်ကိုမြင်တာနဲ့ ပြာပြာသလဲ မေးရောဗျ။

"မခင်မှုန်ရေ. . အခြေအနေက ဘာတဲ့လဲ"

အဒေါ်က ကျွန်တော့အဒေါ်လေ. . ပွင့်လင်းတယ်။

"အငယ်တွေ အရင်စီစဉ်မှရမယ်တဲ့. . ၊ မဟုတ်ရင် အခိုက်ခါတ်ကြုံပြီး စီးပွားပျက်၊ လူပျက်ဖြစ်ကိန်းရှိတယ်တဲ့၊ ဘယ်လိုလုပ်ကြမလဲ"

"ဟော. . ဒုက္ခပဲ၊ မင်္ဂလာရက်အတွက် အကုန်မှာ. . အကုန်စီစဉ်ပြီးပြီ၊ စရံတောင် ပေးထားပြီးပြီ"

"အဲ့ဒါဆိုလည်း သူတို့ကို အရင်စီစဉ်လိုက်ပေါ့. .၊ လူပဲပြောင်းရုံပဲဟာ"

ဦးအောင်ဘော် ခေါင်းကုတ်လိုက်၊ နှာခေါင်းပွတ်လိုက်နဲ့. . စာအုပ်ဖတ်ချင်ယောင်ဆောင်နေတဲ့ ကျွန်တော့်ကို ရှုံးသိုးသိုး လှမ်းကြည့်တယ်။ ကျွန်တော်လည်း သဘောပေါက်တယ်လေ၊ အသာလေး ထလစ်လာခဲ့တယ်။ ခြံထဲရောက်တော့ ရှင်းသန့်လိုက်လာပြီး။

"ကဲ. . ဘယ်လိုလုပ်ကြမလဲ. ."

"မတတ်နိုင်ဘူးလေ. . ကိုယ့်ကုသိုလ်နဲ့ကိုယ် ဖြစ်တာပဲ. .၊ မနာလိုမဖြစ်ကြေးပေါ့. ."



www.burmeseclassic.com

www.burmeseclassic.com



ရှင်းသန့် ရှက်ကန်ကန်ပြီး ကျွန်တော့်ကိုတွယ်ပါတော့တယ်။ ကျွန်တော်လည်း ဘာရယ်မဟုတ်ဘဲ ထုရိုက်နေတဲ့ သူမရဲ့လက်က လေးကို လှမ်းချုပ်တာပါ. . .။

အဲ့ဒီမှာ. . . နှစ်ယောက်သားရုန်းရင်းဆွဲရင်း ရင်ခွင်ထဲ ရောက်လာတာဗျ။ အဲ့ဒီအချိန်မှာပဲ ဧည့်ခန်းထဲကနေ ဦးအောင်ဘော် လှမ်းခေါ်တယ်။

"ခိုင်မြဲရေ ဒီမှာကြည့်စမ်း. ."

"ဗုဒ္ဓေါ်!. . ."

ကျွန်တော်ခံလိုက်ရပြီ ကိုယ့်လူရေ. . .။

ဦးအောင်ဘော် ကျွန်တော့အဒေါ်ကို ဖက်ထားတာ ကျစ် နေတာပဲ. .။



www.burmeseclassic.com